# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက် | ၂၀၂၆ ခုနှစ်၊ မတ် ၂၇ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်(၁၇၈)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၆

၂၀၂၆ ခုနှစ် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဗေဒါသီရိဗိမာန် ဥပစာရင်ပြင်၌ ကျင်းပပြုလုပ်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖

## ယနေ့ ဇတ်စရာ


ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း — ပြည်တွင်းသတင်း စာ ၄

အဆင့်မြှင့်တင်ထားသည့် Bar Code/ QR Code များဖြင့် စက်သုံးဆီရောင်းချပေးသွားမည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးထုတ်ပြန်ခြင်း — ပြည်တွင်းသတင်း စာ ၁၈





မြန်မာ့အလင်း

# အတူတကွ ရေးထိုးကြရမည့် နိုင်ငံ၏ သမိုင်းစာမျက်နှာသစ်

အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံတိုင်း မိမိနိုင်ငံကို ကာကွယ်ရေးအတွက် အမျိုးသားတပ်မတော်တစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ကြရသည်။ ခေတ်သစ်မြန်မာ့တပ်မတော်သည် သာမန်အားဖြင့် ဖွဲ့စည်းထားသည့် တပ်မတော်မျိုးမဟုတ်ဘဲ နိုင်ငံလွတ်လပ်ရေးအတွက် နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန် ကြိုးပမ်းမှုမှ ပေါ်ပေါက်လာခဲ့သည့် တပ်မတော်ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာ့တပ်မတော်၏ သမိုင်းကြောင်းသည် မျက်မှောက်ခေတ်မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနှင့် ခွဲခြား၍မရဘဲ တစ်သားတည်းဆက်စပ်လျက်ရှိသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၆ (စ) တွင် "နိုင်ငံတော်၏အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးကို အစဉ်တစိုက်ဦးတည်သည်။" ဟူ၍ ပြဋ္ဌာန်းထားသကဲ့သို့ ပုဒ်မ ၂၀ (c) နှင့် (စ) တို့တွင်လည်း "ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်။ "ဟူ၍လည်းကောင်း၊ "တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်။" ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်သည့်အလျောက် မြန်မာ့တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးအပေါ်တွင်အခြေခံပြီး နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကိုသာ အစဉ်ရှေးရှုဖော်ဆောင်သော အမျိုးသားနိုင်ငံရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသကဲ့သို့ ဒို့တာဝန်အရေးသုံးပါးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို ကာကွယ်စောင့်ရှောက်ရမည့် အဓိကတာဝန်ကိုလည်း ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၂၇ ရက် (ယနေ့) တွင်ကျရောက်သည့် (၈၁) နှစ်မြောက် တပ်မတော်နေ့သည် မိမိတို့နိုင်ငံ၏ သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်သည့် အခါသမယနှင့် တိုက်ဆိုင်ပြီး ထူးခြားသည့် အချိန်အခါလည်းဖြစ်သည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများက ဆန္ဒမဲပေး ရွေးချယ်တင်မြှောက်ခဲ့ကြသည့် ကိုယ်စားလှယ်များနှင့် လွှတ်တော်များ ပေါ်ပေါက်လာခဲ့ပြီဖြစ်ပြီး မကြာမီအစိုးရအဖွဲ့ ပေါ်ပေါက်လာခြင်းနှင့်အတူ ဒီမိုကရေစီယန္တရားကြီးလည်း လည်ပတ်လာတော့မည်ဖြစ်သည်။ ပြည်သူလူထုက မျှော်လင့်ချက်များစွာဖြင့် ရွေးကောက်တင်မြှောက်လိုက်သည့် အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် အစွမ်းကုန်ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ ပြည်သူလူထုတစ်ရပ်လုံးကလည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေး၊ ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြရမည့် အချိန်အခါသို့ မကြာမီရောက်ရှိလာတော့မည်ဖြစ်သည်။

လက်ရှိမိမိတို့နိုင်ငံတွင် NUG ၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့တို့က နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး ပျက်ပြားစေရန်အတွက် မြို့ရွာများကို တိုက်ခိုက်ဖျက်ဆီးခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ပြုလုပ်လျက်ရှိကြရာ နိုင်ငံအတွက်သာမက ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းဥစ္စာများပါ ပျက်စီးဆုံးရှုံးကြရသည်။ အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများ၏ လုပ်ရပ်များမှာ အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ အဖျက်သက်သက်သာဖြစ်သည်တို့ ပိုမိုပေါ်လွင်ထင်ရှားလာပြီး ပြည်သူလူထုကလည်း ပို၍ ရွံရှာစက်ဆုပ်မုန်းတီးကာ ဆန့်ကျင်နေကြပြီဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် လက်နက်ကိုင်အကြမ်းဖက်အဖျက်လုပ်ရပ်များ ရပ်တန့်ရန်နှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန်လိုသည်။

တစ်ဖက်တွင်လည်း မိမိတို့ မြင်တွေ့နေကြရသည့် ကမ္ဘာကြီး၏ မြင်ကွင်းများက နိုင်ငံတိုင်း မိမိတို့၏အင်အားကို တောင့်တင်းခိုင်မာအောင် တည်ဆောက်ထားရန် သတိပေးနေသကဲ့သို့ပင် ဖြစ်သည်။ နိုင်ငံ၏အင်အားဟူသည် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအင်အားသုံးရပ်ဖြစ်ပြီး ၎င်းအင်အားတစ်ခုနှင့်တစ်ခုတို့မှာ အပြန်အလှန် မှီခိုဆက်စပ်နေသည်။ ၎င်းအင်အားတို့ကို ခိုင်မာတောင့်တင်းအောင် တည်ဆောက်ရာတွင်လည်း ပြည်တွင်းအင်အားကသာ အဓိကဖြစ်သည်။

သို့ဖြစ်ရာ မကြာမီ မိမိတို့အားလုံး အတူတကွရေးထိုးကြရတော့မည့် သမိုင်းစာမျက်နှာသစ်တွင် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေး၊ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးတို့ အတူတကွလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်သွားကြရပါမည့်အကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

☆ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

☆ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

☆ တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## အစိုးရဓမ္မာစရိယစာမေးပွဲ (စတုတ္ထနေ့) ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၂၆

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ် ကျင်းပသော ၂၀၂၆ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲ (စတုတ္ထနေ့)ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့၌ ကျင်းပလျက်ရှိရာ စာဖြေစာရင်းသွင်း ၉၄၉၆ ပါး/ဦးအနက် ၇၂၆၃ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၆ ဒသမ ၄၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ၂၆ - ၃ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၀၀၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇ - ၃ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၄၅၀ | ၄၅၆၅ | ၄၅၃၀ | ၄၄၆၅ | ၄၅၇၀ | ၄၅၈၅ | ၄၆၀၅ | ၄၅၂၀ | ၄၅၀၅ | ၄၈၁၅ | ၄၅၄၀ | ၄၈၂၅ | ၄၆၁၀ | ၄၅၇၅ | ၄၆၀၀ | ၄၈၅၅ |
| 95 Ron | ၄၉၇၅ | ၅၀၉၀ | ၅၀၅၅ | ၄၉၉၀ | ၅၀၉၅ | ၅၁၁၀ | ၅၁၃၀ | ၅၀၄၅ | ၄၅၆၀ | ၅၃၄၀ | ၅၀၆၅ | ၅၁၉၅ | ၅၁၃၅ | ၅၁၀၀ | ၅၁၂၅ | ၅၃၈၀ |
| HSD (500 ppm) | ၅၄၅၀ | ၅၅၆၅ | ၅၅၃၀ | ၅၄၆၅ | ၅၅၇၀ | ၅၅၈၅ | ၅၆၀၅ | ၅၅၂၀ | - | ၅၈၁၅ | ၅၅၄၀ | ၆၃၉၅ | ၅၆၁၀ | ၅၅၇၅ | ၅၆၀၀ | ၅၈၅၅ |
| HSD (50 ppm) | ၆၀၈၅ | ၆၂၀၀ | ၆၁၆၅ | ၆၁၀၀ | ၆၂၀၅ | ၆၂၂၀ | ၆၂၄၀ | ၆၁၅၅ | ၄၈၃၀ | ၆၄၅၀ | ၆၁၇၅ | ၆၄၂၀ | ၆၂၄၅ | ၆၂၁၀ | ၆၂၃၀ | ၆၄၉၀ |
| HSD (10 ppm) | ၆၀၈၅ | ၆၂၀၀ | ၆၁၆၅ | ၆၁၀၀ | ၆၂၀၅ | ၆၂၂၀ | ၆၂၄၀ | ၆၁၅၅ | - | ၆၄၅၀ | ၆၁၇၅ | ၆၄၂၀ | ၆၂၄၅ | ၆၂၁၀ | ၆၂၃၀ | ၆၄၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၂၃၄ | ၄၃၅၂ |
| 95 Ron | ၄၇၄၂ | ၄၈၇၀ |
| HSD (500 ppm) | ၅၂၀၂ | ၅၃၃၆ |
| HSD (50 ppm) | ၅၈၁၆ | ၅၉၆၂ |
| HSD (10 ppm) | ၅၈၁၆ | ၅၉၆၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်

စာတည်းမှူး - ခင်ရတနာ

စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း

ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်

သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊

သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)

ဓာတ်ပုံသတင်းထောက် - တင်စိုး

စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွှန်တို့အဖွဲ့

အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

❖ *ရှေ့ဖုံးမှ*

ဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် (၈၁) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် (၈၁) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အတွင်းရေးမှူး၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရဲဘော်သုံးကျိပ်ဝင် မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော် (ကြည်း၊ ရေ၊ လေ)အရာရှိကြီးများ၊ လွှတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်ကြီးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သားအငြိမ်းစားသံအမတ်ကြီးများ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များမှကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သီဆိုကပြဖျော်ဖြေကြသည့် စစ်သည်၊ စစ်သမီးများအား အမှတ်တရဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ စစ်သည်၊ စစ်သမီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် အဆိုရှင်များက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေမည့် ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးတို့က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကာ အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်မှုကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားမှ ပြန်လည်ထွက်ခွာကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအဖြစ် ဇေယျာသီရိဗိမာန်သဘင်ဆောင်အတွင်း၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ မြဝတီတေးဂီတအဖွဲ့မှ တပ်ဖွဲ့ဝင် စစ်သည်၊ စစ်သမီးများက သံစုံတီးဝိုင်းဖြင့် တွဲဖက်၍ အဆို၊ အကများ၊ ယိမ်းအကများဖြင့် သီဆိုတီးမှုတ် ဖျော်ဖြေတင်ဆက်ကြရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်သည်၊ စစ်သမီးများအား အမှတ်တရဂုဏ်ပြုပန်းခြင်း ပေးအပ်ခဲ့ကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

(၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်း အဝင်လမ်းမကြီးတစ်လျှောက်တွင် တပ်မတော်ရေယာဉ်များ၊ လေယာဉ်၊ ရဟတ်ယာဉ်များ၊ ယာဉ်ယန္တရားများ၏ ပုံသဏ္ဌာန်များ၊ ပထမ၊ ဒုတိယနှင့် တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးရုပ်တုများကို မီးအလှအပများဖြင့် လှပစွာ ဂုဏ်ပြုပုံဖော်ထွန်းညှိထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်စဉ်။



မြဝတီတေးဂီတအဖွဲ့မှ တပ်ဖွဲ့ဝင် စစ်သည်၊ စစ်သမီးများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်နေမှုကို တွေ့ရစဉ်။

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၅၇/ ၂၀၂၆
၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂၇ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် –

**တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့**
**သူရဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူး ဇော်မျိုးနိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဒေါ်စန်းမော်အေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဒေါ်စနေမ | | ကာကွယ်ရေးဝန်ကြီးဌာန |

**တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူး အောင်နိုင်မိုးလှိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူး ရဲဇော်ထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူး ရှားလူ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်ကြီး မင်းကြည်ဟိန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ် သက်ပိုင်မြင့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဗိုလ် ပြည့်စုံအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | တတ–၁၂၆၉၁၉ | ဒုတိယတပ်ကြပ် သူရိန်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**ရဲဗလတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | မောင်အောင်ဖြိုးပိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | မောင်ပိုင်သက်ကျော်(ခ) မောင်မျိုးဇင်သက် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | မောင်ကောင်းမင်းထက် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဦးရဲလင်း | အရပ်သား/ ရိပ်သာ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဦးကျော်ဇင်ဝင်း | အရပ်သား/ ရိပ်သာ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဦးကျော်ရဲထွဋ် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၇။ | ဦးဇော်မင်းထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၈။ | ဦးမောင်ဆွေဝင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၉။ | ဦးနေထက်လင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀။ | ဦးတင်မိုးဝင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၁။ | ဦးစောဦး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၂။ | ဦးဆန်းလင်း | | မကွေးတိုင်းဒေသကြီး |
| ၁၃။ | ဦးသူရိန်ထွန်း | | မကွေးတိုင်းဒေသကြီး |
| ၁၄။ | ဦးဟိန်းစည်သူ | | မကွေးတိုင်းဒေသကြီး |
| ၁၅။ | ဦးစံတင်ဝင်း | | မကွေးတိုင်းဒေသကြီး |
| ၁၆။ | ဦးကျော်ဇေဦး | | မကွေးတိုင်းဒေသကြီး |
| ၁၇။ | ဦးရန်နိုင်ဦး | | မကွေးတိုင်းဒေသကြီး |
| ၁၈။ | ဦးမျိုးမင်းသူ | | မကွေးတိုင်းဒေသကြီး |
| ၁၉။ | ဦးမင်းလွင် | | မကွေးတိုင်းဒေသကြီး |
| ၂၀။ | ဦးထက်ဝေဦး | | မကွေးတိုင်းဒေသကြီး |
| ၂၁။ | ဦးကျော်လင်းဦး | | မကွေးတိုင်းဒေသကြီး |
| ၂၂။ | ဦးဌေးလွင် | | မကွေးတိုင်းဒေသကြီး |
| ၂၃။ | ဦးမြင့်ခိုင် | | မကွေးတိုင်းဒေသကြီး |
| ၂၄။ | ဦးမင်းနိုင်ဦး | | မကွေးတိုင်းဒေသကြီး |
| ၂၅။ | ဦးသန့်ဇင်ဦး | | မကွေးတိုင်းဒေသကြီး |
| ၂၆။ | ဦးလှိုင်မင်းဆွေ | | မကွေးတိုင်းဒေသကြီး |
| ၂၇။ | ဦးဟိန်းသန့်ကို | | မကွေးတိုင်းဒေသကြီး |
| ၂၈။ | ဦးဇော်မျိုးအောင် | | မကွေးတိုင်းဒေသကြီး |
| ၂၉။ | ဦးသိန်းဇော်ဦး | | မကွေးတိုင်းဒေသကြီး |
| ၃၀။ | ဦးဇော်မျိုးငြိမ်း | | မကွေးတိုင်းဒေသကြီး |
| ၃၁။ | ဦးအေးဇော် | | မကွေးတိုင်းဒေသကြီး |
| ၃၂။ | ဦးလင်းထင် | | မကွေးတိုင်းဒေသကြီး |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

## (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်

**နေပြည်တော် မတ် ၂၆**

(၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် “တိမ်ပင်လယ်ခရီးကြမ်း” ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညေ့ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းက “တိမ်ပင်လယ်ခရီးကြမ်း” ဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် သရုပ်ဆောင်များဖြစ်ကြသည့် နက္ခတ်၊ ထူးခန့်ကျော်၊ နေနော်၊ မြယာ၊ အောင်ကျော်ထွန်း၊ စိုးသီဟ၊ နက်ရှိုင်းကို၊ နေလင်းရှိန်၊ ပိုင်အုပ်စိုးအောင်၊ ခိုင်ဇော်နှင့် ဉာဏ၊ ဇာတ်လမ်း/ ဇာတ်ညွှန်း လင်းထင်မောင်မောင်၊ တွဲဖက်ဒါရိုက်တာ လေးနိုင်မိုး၊ စီစဉ်ကြီးကြပ်သူ အောင်ကျော်ဦး၊ Production Team သူရကိုကို၊ Stunt Team မိုးစက်၊ ဂီတမှူး ဗညားရဲရင့်နှင့် ဒါရိုက်တာ အကယ်ဒမီ တင်အောင်စိုး(ပန်းမြို့တော်) တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်ပြည့်စုံလင်းက (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲများတွင် စစ်ချီသီချင်းပြိုင်ပွဲ၌ ပထမဆုရရှိသူ အောင်ဇော်ဦး(ရဲတီးဝိုင်း)၊ ဒုတိယဆုရရှိသူ မိုးမြင့်ဦး(လုပ်သား–ရှုပ)၊ တတိယဆုရရှိသူ ခန့်ငြား(ကေတုမတီ)၊ စတုတ္ထဆုရရှိသူ ဇော်မျိုးထွန်း(အုပ်ခွဲတပ်ကြပ်ကြီး)၊ ပဉ္စမဆုရရှိသူ ဗိုလ်ထိန်(မီးသတ်)၊ စစ်သည်တေးသီချင်းပြိုင်ပွဲ၌ ပထမဆုရရှိသူ စုစုဇော်(သီရိခေတ္တရာ)၊ ဒုတိယဆုရရှိသူ ခင်ငြိမ်းချမ်းစိုး(သဇင် FM)၊ တတိယဆုရရှိသူ ကျော်ဆွေအောင်၊ စတုတ္ထဆုရရှိသူ ကေသီအောင်၊ ပဉ္စမဆုရရှိသူ လှိုင်ဝင်းထွန်း၊ ကဗျာ(ဝါသနာရှင်)ပြိုင်ပွဲ၌ ပထမဆုရရှိသူ ထွန်းထွန်း(လားရှိုး)၊ ဒုတိယဆုရရှိသူ မြတ်မင်းသန့်၊ တတိယဆုရရှိသူ ရဲကျော်၊ စတုတ္ထဆုရရှိသူ ကြေးမုံဖြိုးသန့်(ရွှေရတု)၊ ပဉ္စမဆုရရှိသူ ထာဝရမွန် (ဂုဏ်ထူးတန်း) တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း။

တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်က (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူပြိုင်ပွဲတွင် ကဗျာ(အလွတ်တန်း) ၌ ပထမဆုရရှိသူ ရဲမင်းစိုး၊ ဒုတိယဆုရရှိသူ မြတ်ထွဏ်းနောင်၊ တတိယဆုရရှိသူ မျိုးစစ်သည်၊ စတုတ္ထဆုရရှိသူ ဘုန်းမောင်ဝင်း(ဖျာပုံ)၊ ဝတ္ထုတို(ဝါသနာရှင်)၌ ပထမဆုရရှိသူ မနောဖြူ၊ ဒုတိယဆုရရှိသူ မနောသစ်(ပခုက္ကူ)၊ တတိယဆုရရှိသူ ရဲမွန်ကျော်၊ စတုတ္ထဆုရရှိသူ မောင်အေးချမ်း(ခနုဖြူ)၊ ပဉ္စမဆုရရှိသူ ကိုစော(ပထဝီဝင်)၊ ဝတ္ထုတို(အလွတ်တန်း)၌ ပထမဆုရရှိသူ ကျော်တေဇ (ဥက္ကလာ)၊ ဒုတိယဆုရရှိသူ မုန်းမောင်မောင်၊ တတိယဆုရရှိသူ နွေးထက်လှိုင်၊ စတုတ္ထဆုရရှိသူ မင်းလပြည့်(ဟားခါး)၊ ပဉ္စမဆုရရှိသူ မောင်မောင်လွင်(ရွှေဘိုသား)တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း။

စာမူပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ရဲရင့်အောင်က (၈၁) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူပြိုင်ပွဲတွင် ဝတ္ထုရှည်(ဝါသနာရှင်)၌ ပထမဆုရရှိသူ အမောင်၊ ဒုတိယဆုရရှိသူ ရှားမိန်း၊ တတိယဆုရရှိသူ ကျော်စိုး(ဒိုက်ဦး)၊ စတုတ္ထဆုရရှိသူ ဟန်ညွန့်(ယဉ်ကျေးမှု)၊ ပဉ္စမဆုရရှိသူ တင်ဦး(ရန်ကင်း)၊ ဝတ္ထုရှည်(အလွတ်တန်း)၌ ပထမဆုရရှိသူ ပိုင်ဇင်ဇော်(သတ္တု)၊ ဒုတိယဆုရရှိသူ ခန့်ပိုင်၊ တတိယဆုရရှိသူ ဘုန်းရဲနိုင်(ဂန့်ဂေါ)၊ စတုတ္ထဆုရရှိသူ မောင်စူးရ(အနောက်ရိုးမ)၊ ပဉ္စမဆုရရှိသူ ရဲခေါင်တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တက်ရောက်လာကြသူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အဖွဲ့ဝင်များနှင့်အတူ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက အငြိမ်းစားတပ်မတော်အရာရှိကြီးများအား မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ရှိသေစွာ ဂါရဝပြုကန်တော့စဉ်။

# (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ဂါရဝပြုကန်တော့

**နေပြည်တော် မတ် ၂၆**

၂၀၂၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားသို့ ပါဝင်တက်ရောက်ကြမည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားတပ်မတော်အရာရှိကြီးများအား တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့သည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ကျင်းပပြုလုပ်သည်။

**တက်ရောက် ဂါရဝပြုကန်တော့**

အဆိုပါ ဂါရဝပြုကန်တော့သည့် အခမ်းအနားသို့ အငြိမ်းစားတပ်မတော်အရာရှိကြီး ၁၈ ဦးနှင့် ဇနီး ကိုးဦး၊ စုစုပေါင်း ၂၇ ဦးတို့ ကန်တော့ခံတက်ရောက်ကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက တက်ရောက် ဂါရဝပြုကန်တော့ကြသည်။

**နိုင်ငံတော်တာဝန်ကို လွှဲပြောင်းပေးအပ်သွားမည်**

အခမ်းအနားတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဂါရဝပြုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုကဲ့သို့ (၈၁) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားကို တက်ရောက်ရန် 



ကန်တော့ခံ အငြိမ်းစား တပ်မတော်အရာရှိကြီးများ ကိုယ်စား ဗိုလ်ချုပ်ကြီး သိန်းစိန်(အငြိမ်းစား)က ဩဝါဒစကား ပြောကြားစဉ်။

ရောက်ရှိနေကြသည့် တပ်မတော်၏ အမိအဖ၊ ဆရာသမားများအားလုံးကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား ရှိသေစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုပါကြောင်း၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားကို ဂုဏ်ယူစွာ တက်ရောက်လာကြသည့် တပ်မတော်၏ အမိအဖ၊ ဆရာသမားများအားလုံးကို စုံစုံညီညီ တွေ့ဆုံရသည့်အတွက် တပ်မတော်တစ်ရပ်လုံးကိုယ်စား ကျေးဇူးတင်ဂုဏ်ယူပါကြောင်း၊ ယခုနှစ် (၈၁) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသည် ထူးခြားသည့် အခမ်းအနားဖြစ်သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ တပ်မတော်နေ့အခမ်းအနား မတိုင်မီကာလတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်က ဦးဆောင်ကျင်းပသည့် 



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗိုလ်ချုပ်ကြီး သိန်းစိန်(အငြိမ်းစား)ထံ ဂါရဝပြုလက်ဆောင်ပစ္စည်းကို ကိုယ်တိုင်ကိုယ်ကျ ရှိသေစွာ ဂါရဝပြုပေးအပ်စဉ်။

လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အပိုင်း(၃)ပိုင်းဖြင့် ၂၆၃ မြို့နယ်တွင် ကျင်းပခဲ့ရာ မဲပေးခွင့်ရှိသည့် လူဦးရေ၏ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်း မိမိဆန္ဒအလျောက် စည်းကမ်းစနစ်တကျဖြင့် လာရောက်ဆန္ဒမဲပေးခဲ့ကြသည်အထိ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ပြည်သူများကလည်း မိမိတို့၏ ရပ်ရွာ၊ မြို့နယ်၊ တိုင်းပြည်အကျိုးကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်သည့် ပါတီနှင့် လူပုဂ္ဂိုလ်တို့ကို ယုံကြည်ချက်ဖြင့် ရွေးချယ်မဲပေးခဲ့ကြကြောင်း၊ ယခုအခါ ပြည်သူများက ရွေးချယ်ပေးခဲ့ကြသည့် ပြည်သူ့ကိုယ်စားလှယ်များက ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့အသီးသီး၌ လုပ်ငန်းများ စတင်ဆောင်ရွက်နေကြပြီဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်း သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ကာ ဒီမိုကရေစီအစိုးရသစ်တစ်ရပ် ပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း၊ အဆိုပါ ပေါ်ထွန်းလာမည့် ဒီမိုကရေစီအစိုးရအသစ်အား နိုင်ငံတော်တာဝန်ကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း။

**တိုင်းပြည်၏တာဝန်ကို ကျေပွန်စွာဆောင်ရွက်**

အလားတူ တပ်မတော်အပိုင်းတွင်လည်း (၈၁) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားပြီးဆုံးသည့် နောက်ပိုင်းတွင် ခေါင်းဆောင်ပိုင်းအပြောင်းအလဲများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ မည်သူဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေဖြင့် တပ်မတော်၏ ခေါင်းဆောင်အစဉ်အဆက်၊ သင်ဆရာ၊ ကြားဆရာ၊ မြင်ဆရာများ၏ လမ်းညွှန်ချက်များအတိုင်း၊ စစ်ပညာရပ်များအတိုင်း၊ ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များအတိုင်း ဆက်လက်လျှောက်လှမ်းကြမည်ဖြစ်ကြောင်း၊ တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ဆက်လက်၍ တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီလည်း လက်တွဲညီညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအချိန်အထိ နိုင်ငံတော်ကို ဦးဆောင်နိုင်ခြင်းသည်၊ တပ်မတော်က နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ခြင်းသည် ခေတ်အဆက်ဆက် လွတ်လပ်ရေးမတိုင်မီ၊

စာမျက်နှာ ၆ သို့

**“ယခုအချိန်အထိ နိုင်ငံတော်ကို ဦးဆောင်နိုင်ခြင်းသည်၊ တပ်မတော်က နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ခြင်းသည် ခေတ်အဆက်ဆက် လွတ်လပ်ရေးမတိုင်မီ၊ လွတ်လပ်ရေးရပြီးနှင့် လက်ရှိကာလအထိ အဆင့်ဆင့်သော တပ်မတော်ခေါင်းဆောင်ကြီးများ၊ အမိအဖ၊ ဆရာသမားများ၏ သွန်သင်ဆုံးမမှုများ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ အဆင့်ဆင့်လက်ဆင့်ကမ်း သွန်သင်ဆုံးမမှုများကြောင့် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်”**





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ် (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများအား သွားရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်စဉ်။

❖ *ကျောဖုံးမှ*

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးတို့သည် အငြိမ်းစား တပ်မတော် အရာရှိကြီးများနှင့် ဇနီးများအား တစ်ဦးချင်းလိုက်လံ ဂါရဝပြုနှုတ်ဆက်ခဲ့ပြီး ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ လိုအပ်ချက်များကို ရင်းနှီးနွေးထွေးစွာမေးမြန်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံစဉ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုကဲ့သို့ တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားသို့ တက်ရောက် ချီးမြှင့်ပေးသည့်အတွက် ကျေးဇူးတင်ရှိမှု၊ တပ်မတော်၏အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး စွမ်းရည်ထက်မြက်သည့် တပ်မတော်ဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိမှုများကို ဆွေးနွေးပြောကြားခဲ့ရာ အငြိမ်းစားတပ်မတော်အရာရှိကြီးများက ယခုကဲ့သို့ တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ရမှု၊ တပ်မတော်၏ ကောင်းမွန်သည့် အစဉ်အလာများနှင့်အညီ မိဘဆရာသမားသဖွယ် ပြုစုကူညီစောင့်ရှောက်မှုများအတွက်လည်း အထူးဝမ်းမြောက် ကျေးဇူးတင်ဂုဏ်ယူလျက်ရှိမှုနှင့် အခြားသြဝါဒစကားများကို ပြန်လည်ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၅ မှ*

လွတ်လပ်ရေးရပြီးနှင့် လက်ရှိကာလအထိ အဆင့်ဆင့်သော တပ်မတော်ခေါင်းဆောင်ကြီးများ၊ အမိအဖ၊ ဆရာသမားများ၏ သွန်သင်ဆုံးမမှုများ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ အဆင့်ဆင့် လက်ဆင့်ကမ်း သွန်သင်ဆုံးမမှုများကြောင့် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း မိမိတို့၏တပ်မတော်ကို တပ်မတော်၏ အမိအဖများအားလုံးနှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံးတို့က ကောင်းမွန်သောလမ်းညွှန်ဆုံးမမှုများ ပြုပေးနိုင်ပါရန် တပ်မတော်သားများနှင့် မိသားစုဝင်များကိုယ်စား ပန်ကြားလိုပါကြောင်း၊ မည်သူဦးဆောင်သည်ဖြစ်စေ တပ်မတော်သာအမိ၊ တပ်မတော်သာအဖဖြစ်ပြီး အဆင့်ဆင့်သော ခေါင်းဆောင်မှုများနှင့် ချမှတ်ထားသောလမ်းညွှန်ချက်များကို တစ်သဝေမတိမ်း လိုက်နာပါက အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ပြီး ဒွိတာဝန်အရေးသုံးပါးကို ဆက်လက်စောင့်ထိန်း၍ နိုင်ငံတော်အစိုးရ၏ ချမှတ်ထားသည့် မူဝါဒဘောင်အတွင်းမှ တိုင်းပြည်၏တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများအား မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာ ဂါရဝပြုကန်တော့ကြသည်။

**စွမ်းရည်ပြည့်စုံသည့် တပ်မတော်ဖြစ်အောင် ကြိုးပမ်း**

ယင်းနောက် ကန်တော့ခံ အငြိမ်းစားတပ်မတော်အရာရှိကြီးများကိုယ်စား ဗိုလ်ချုပ်ကြီး သိန်းစိန် (အငြိမ်းစား) က တပ်မတော်နေ့ရောက်တိုင်း တပ်မတော်တွင် တာဝန်အသီးသီး ထမ်းဆောင်ခဲ့သူများအား ဖိတ်ကြားကန်တော့ခြင်းသည် ကောင်းမွန်သည့် အစဉ်အလာတစ်ရပ်ဖြစ်ကြောင်း၊ တပ်မတော်ကြီးသည် ထာဝစဉ်နုပျိုနေရန်လိုအပ်ပြီး အရည်အချင်းပြည့်ဝသည့် တပ်မတော်၊ အင်အားပြည့်ဝသည့် တပ်မတော်၊ စွမ်းအင်ထက်မြက်သည့် တပ်မတော်ဖြစ်နေရန် လိုအပ်ကြောင်း၊ မကြာမီရက်ပိုင်းအတွင်း ဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ထွက်လာမည်ဖြစ်ပြီး အဆိုပါအစိုးရသည် တိုင်းပြည်ကောင်းမွန်စေရန်၊ တရားဥပဒေစိုးမိုးရန်၊ ပြည်သူလူထု၏ စားဝတ်နေရေး အဆင်ပြေရန်နှင့် နိုင်ငံလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန် တိုင်းပြည်တည်ငြိမ်အေးချမ်းရန် လိုအပ်သည့်အတွက် တပ်မတော်၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးကြောင်း၊ ထို့ကြောင့် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ပြည့်စုံသည့် တပ်မတော်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဂါရဝပြုပေးအပ်**

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာ ဂါရဝပြုပေးအပ်ကြသည်။

**အမှတ်တရစုပေါင်းဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများသည် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဇနီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၅)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ်ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်

**ရန်ကုန် မတ် ၂၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၅) နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ အထိမ်းအမှတ်ဧည့်ခံပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ နိုင်ငံတော် သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဇနီးတို့ တက်ရောက်ကြသည်။




ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain နှင့် ဇနီးနှင့် သံရုံးမှ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဇနီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဖိတ်ကြားထားသော အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သီချင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ သံအမတ်ကြီးနှင့် ဇနီးတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၅)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကာ အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဇနီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

## လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ နှစ်ရပ်ဖွဲ့စည်းမှုအတည်ပြု







**နေပြည်တော် မတ် ၂၆**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ယနေ့ အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီထံသို့ နိုင်ငံတကာမှ ပေးပို့လာသည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို မှတ်တမ်းတင်ခြင်းနှင့် လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ နှစ်ရပ်ဖွဲ့စည်းမှုကို လွှတ်တော်၏ အတည်ပြုချက် ရယူအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၃၇၃ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၇၀ တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၂၀ ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဝန်ကြီးနှင့် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌတို့က ပေးပို့လာသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လွှတ်တော်အခွင့်အရေးကော်မတီ ဥက္ကဋ္ဌအဖြစ် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်မောင်အုန်း၊ အတွင်းရေးမှူးအဖြစ် ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာ ကျော်ကျော်ဌေး အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ် ဖွဲ့စည်းကြောင်းနှင့် လွှတ်တော်အခွင့်အရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးသန်းထွန်းဦး၊ အတွင်းရေးမှူးအဖြစ် ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်းအပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းပြီးဖြစ်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို လွှတ်တော်အခွင့်အရေး ကော်မတီက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့နောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးပဉ္စမနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

### ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်များစာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | တပ်ကုန်း မဲဆန္ဒနယ် | ဦးမောင်မောင်အုန်း | ဥက္ကဋ္ဌ |
| ၂။ | တောင်ငူ မဲဆန္ဒနယ် | ဒေါက်တာ ကျော်ဦး | အဖွဲ့ဝင် |
| ၃။ | ပုဗ္ဗသီရိ မဲဆန္ဒနယ် | ဦးလှဆွေ | အဖွဲ့ဝင် |
| ၄။ | မူဆယ် မဲဆန္ဒနယ် | ဦးအောင်ဇော်မိုး(ခ) ဦးအောင်ဇော်မိုးထွန်း | အဖွဲ့ဝင် |
| ၅။ | ကော့မှူး မဲဆန္ဒနယ် | ဦးအောင်မျိုးသန်း | အဖွဲ့ဝင် |
| ၆။ | ဒိုက်ဦး မဲဆန္ဒနယ် | ဒေါ်သိဂီမြင့်ရည် | အဖွဲ့ဝင် |
| ၇။ | ဖျာပုံ မဲဆန္ဒနယ် | ဒေါ်စိုးစိုးရီ | အဖွဲ့ဝင် |
| ၈။ | မင်းတုန်း မဲဆန္ဒနယ် | ဦးစိုးနိုင် | အဖွဲ့ဝင် |
| ၉။ | ဖာပွန် မဲဆန္ဒနယ် | ဦးစောဝင်းထိန် | အဖွဲ့ဝင် |
| ၁၀။ | ဝါးခယ်မ မဲဆန္ဒနယ် | ဦးသန်းနိုင် | အဖွဲ့ဝင် |
| ၁၁။ | မြို့သစ် မဲဆန္ဒနယ် | ဦးစိုးဝင်း | အဖွဲ့ဝင် |
| ၁၂။ | ခန္တီး မဲဆန္ဒနယ် | ဦးဂုဏ်ဝမ်း | အဖွဲ့ဝင် |
| ၁၃။ | တပ်မတော်သားကိုယ်စားလှယ် | ဗိုလ်ချုပ် ရဲကျော်သူ | အဖွဲ့ဝင် |
| ၁၄။ | တပ်မတော်သားကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီး တင်သောင်းလင်း | အဖွဲ့ဝင် |
| ၁၅။ | ထားဝယ် မဲဆန္ဒနယ် | ဒေါက်တာ ကျော်ကျော်ဌေး | အတွင်းရေးမှူး |

### ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အဖွဲ့ဝင်များစာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ကျိုင်းတုံ မဲဆန္ဒနယ် | ဦးသန်းထွန်းဦး | ဥက္ကဋ္ဌ |
| ၂။ | ပဲခူး မဲဆန္ဒနယ် | ဦးမင်းခန့်ကျော် | အဖွဲ့ဝင် |
| ၃။ | ဖောင်းပြင် မဲဆန္ဒနယ် | ဦးခင်မောင်ထွန်း | အဖွဲ့ဝင် |
| ၄။ | ဘုတ်ပြင်း မဲဆန္ဒနယ် | ဦးအောင်လင်းလှိုင် | အဖွဲ့ဝင် |
| ၅။ | ကျွန်းစု မဲဆန္ဒနယ် | ဦးအောင်ကျော်နှင်း | အဖွဲ့ဝင် |
| ၆။ | ကလော မဲဆန္ဒနယ် | ဒေါက်တာ နန္ဒာလှမြင့် | အဖွဲ့ဝင် |
| ၇။ | တမူး မဲဆန္ဒနယ် | ဦးအောင်ကိုလတ် | အဖွဲ့ဝင် |
| ၈။ | တောင်သာ မဲဆန္ဒနယ် | ဦးတိုးဝင်း | အဖွဲ့ဝင် |
| ၉။ | ပေါင်းတည် မဲဆန္ဒနယ် | ဒေါ်ဆွေဆွေသင်း | အဖွဲ့ဝင် |
| ၁၀။ | ဗိုလ်တထောင် မဲဆန္ဒနယ် | ဦးဉာဏ်ဝင်းထိုက် | အဖွဲ့ဝင် |
| ၁၁။ | ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် | ဒေါ်စမ်းစမ်းဌေး | အဖွဲ့ဝင် |
| ၁၂။ | ကျောင်းကုန်း မဲဆန္ဒနယ် | ဒေါက်တာ ထိန်ဝင်း | အဖွဲ့ဝင် |
| ၁၃။ | တပ်မတော်သားကိုယ်စားလှယ် | ဗိုလ်မှူးချုပ် အောင်စိုး | အဖွဲ့ဝင် |
| ၁၄။ | တပ်မတော်သားကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီး လှနိုင် | အဖွဲ့ဝင် |
| ၁၅။ | ပုသိမ် မဲဆန္ဒနယ် | ဦးသန်းထွန်း | အတွင်းရေးမှူး |



## ဗဟန်းမြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေး

**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်တွင် ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးရဲဝင်းနိုင်က အမှာစကားပြောကြားပြီး ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (Central Equipment Identity Register–CEIR) ဆိုင်ရာ အကြောင်းအရာများကို ပြည်သူများအား အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ဟိန်းထွဋ်**

# တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ



**နေပြည်တော် မတ် ၂၆**

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၁၃ ဦးစလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းပြည့် ဖြစ်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူ အနိုင်ယူစနစ်) မဲဆန္ဒနယ် အမှတ် (၂)မှ ဒေါ်နွယ်နွယ်ဦး၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇင်မင်းထက် အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသဖြင့် ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဦးချစ်ဆွေ၊ အတွင်းရေးမှူးအဖြစ် တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံး ရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းအောင် အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသဖြင့်ပြည်သူ့ငွေစာရင်း ကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော် အခွင့်အရေး ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ Jeng Phang နော်တောင်၊ အတွင်းရေးမှူးအဖြစ် ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်တင်မြင့် အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသဖြင့် လွှတ်တော်အခွင့်အရေး ကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး (အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှသိန်း၊ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး (အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဦးရန်နိုင်ဦး အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး စတုတ္ထနေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေး ကြေညာသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

### အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဒေါ်နွယ်နွယ်ဦး | ဧရာဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂) | ဥက္ကဋ္ဌ |
| ၂။ | ဦးလှသိန်း | ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၃။ | ဦးရှားရယ် | ကယားပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၄။ | ဦးသန်းထွန်း | ရခိုင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၅။ | ဒေါ်ဇင်ပပဦး | ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၆။ | ဦးခိုင်ဝင်းအောင် | ဧရာဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူ အနိုင်ယူစနစ်)မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၇။ | ဦးဟိန်းမင်းဦး | မန္တလေးတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၈။ | ဦးမိုးမြင့် | တနင်္သာရီတိုင်းဒေသကြီး(မဲအများဆုံးရသူ အနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| ၉။ | ဦးအေးပိုင် | ရန်ကုန်တိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၁၀။ | ဒေါ်ကျိန်ငိုက်မန် | ချင်းပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၁။ | ဦးစိုးကြည် | တနင်္သာရီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်)မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၂။ | ဗိုလ်မှူးချုပ် မြင့်သောင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်မှူးကြီး လှိုင်ဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၄။ | ဗိုလ်ကြီး ဒေါ်ဖြိုးဖြိုးဝေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဦးဇင်မင်းထက် | ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အတွင်းရေးမှူး |

### အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးချစ်ဆွေ | ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်)မဲဆန္ဒနယ်အမှတ် (၂) | ဥက္ကဋ္ဌ |
| ၂။ | ဒေါ်သိင်္ဂီဝင်းရွှေ | စစ်ကိုင်းတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်)မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၃။ | ဒေါ်မီမီကျော်ထွန်း | ကချင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| ၄။ | ဦးချစ်ဝေ | ကရင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၅။ | ဦးဗိုလ်သိန်းနိုင် | မန္တလေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၆။ | ဒေါ်အေးချမ်းမုံ | မွန်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ် အမှတ် (၆) | အဖွဲ့ဝင် |
| ၇။ | ဦးကျော်ကျော်လင်း (ခ) ဦးထိန်လင်း | မွန်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၈။ | ဒေါ်ထားထားနု | ပဲခူးတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၉။ | ဦးအောင်ကျော်မင်း | ဧရာဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူ အနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| ၁၀။ | ဦးဇော်ဇော်မြင့် | ရခိုင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၁၁။ | ဒေါ်စိုးစိုးမြင့် | မွန်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

| | | | |
|---|---|---|---|
| ၁၂။ | ခွန်ဝင်းဦး | ကရင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်မှူးချုပ် ဝင်းကိုကို | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၄။ | ဗိုလ်မှူးကြီး ဖြိုးမင်းဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဦးသန်းအောင် | တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အတွင်းရေးမှူး |

| | | | |
|---|---|---|---|
| ၁၅။ | ဦးအောင်တင်မြင့် | ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်)မဲဆန္ဒနယ်အမှတ် (၁) | အတွင်းရေးမှူး |

### အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | Jeng Phang နော်တောင် | ကချင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂) | ဥက္ကဋ္ဌ |
| ၂။ | ဒေါက်တာကျော်ထွန်း | ရှမ်းပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၃။ | ဦးရဲမြင့်ထွန်း | ပဲခူးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| ၄။ | ဦးတင့်ဇော် | ရန်ကုန်တိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၅။ | ဦးခင်ဇော်ထွန်း | ကရင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၆။ | ဒေါ်နီနီမာ | ပဲခူးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၇။ | ဦးကျော်တင် | မန္တလေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၈။ | ဦးသိန်းဇော် | ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၉။ | ဦးအောင်မင်းနိုင် | ချင်းပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၀။ | ဦးခင်မောင်ငွေ | မကွေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၁။ | ဒေါ်မြမြသက် | ရခိုင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၂။ | စိုင်းဝင်းခိုင် | ရှမ်းပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်ချုပ် ကျော်သူရအေး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၄။ | ဗိုလ်မှူးကြီး စိုးရွှေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |

### အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးလှသိန်း | ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်)မဲဆန္ဒနယ်အမှတ် (၂) | ဥက္ကဋ္ဌ |
| ၂။ | ဒေါ်ခင်ရွှေမြင့် (ခ) ဒေါ်နှောင်းထွေး | ပဲခူးတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| ၃။ | ဦးအောင်စိုး | ပဲခူးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၄။ | ဒေါ်ကျော့ယဉ်ဝင်း | စစ်ကိုင်းတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၅။ | ဦးကျော်စိန်လှ | ရခိုင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၆။ | ဒေါ်ယဉ်မင်းထိုက် | မွန်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၇။ | ဦးဖြိုးဝေလင်း | ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၈။ | ဦးခင်မောင်တင့် | ရန်ကုန်တိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၉။ | ဦးအောင်သီဟ | ရန်ကုန်တိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| ၁၀။ | ဦးခင်မောင်သန်း | မကွေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၁၁။ | ဦးဇော်မင်းထူး | ကယားပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၂။ | စောမြတ်ထွဋ်ဝင်း (ခ) ကိုဆို | ကရင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်မှူးချုပ် အောင်အောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၄။ | ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်ထွန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဦးရန်နိုင်ဦး | ရန်ကုန်တိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အတွင်းရေးမှူး |

## “ပြည်ချစ်သားမွန် တေးသဝဏ်”တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် မတ် ၂၆**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများအပန်းပြေစေရန်နှင့် စိတ်ခွန်အား




သစ်များ ရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ မတ်လ ၂၇ ရက်တွင်ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် “ပြည်ချစ်သားမွန် တေးသဝဏ်” တေးဂီတဖျော်ဖြေပွဲကို ၂၀၂၆ ခုနှစ် မတ် ၆ ရက်မှ ၂၇ ရက်အထိ ပွဲစဉ်(၄)ပွဲဖြင့် အပတ်စဉ် သောကြာနေ့ညတိုင်း ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

“ပြည်ချစ်သားမွန် တေးသဝဏ်” ပွဲစဉ်(၄)ကို မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ရတေးသံရှင်များဖြစ်ကြသည့် ရဲထိုက်၊ တက္ကသိုလ်ရဲဝင့်လှိုင်၊ ကောင်းစစ်သွေး၊ ပြည့်ဖြိုးအောင်၊ နွေးနွေးချစ်ဖွယ်၊ ခိုင်သဇင်ဦး၊ ထက်ထက်စိုးစံ၊ ကြည်ဖြူခင်၊ ခင်လပြည့်ဝန်း၊ လင်းလက်ခွန်းချို၊ ဆီဆန်ကျော်ဇောနှင့် မြင့်မြတ်ကျော်တို့က အသက်နှင့် ခန္ဓာအကြွင်းမဲ့ ပေးဆပ်ထားသော အနိုင်းမဲ့ စွန့်လွှတ်မှုများဖြင့် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၏ ဂုဏ်ရည်ကို ဖော်ညွှန်းထားသည့် တေးသီချင်းကောင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၏ MRTV-HD Channelနှင့် MRTV Entertainment Channel တို့မှ မတ် ၂၇ ရက် (သောကြာနေ့) ည ၉ နာရီခန့်၌ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ပြီး MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

ထို့ပြင် မတ် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❒ *ကျောဖုံးမှ*

မြန်မာအသင်းသည် ပထမအကျော့အတိုင်း ဦးဆောင်ဂိုးစတင်ခွင့်ပြုခဲ့ရသော်လည်း ချေပဂိုးနှင့် အနိုင်ဂိုးပြန်သွင်းကာ အနိုင်သုံးမှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲအောင်မြင်ခွင့် မရှိသော်လည်း လက်ကျန်ပွဲများကို ရလဒ်ကောင်းအောင် ကြိုးစားနေပြီး ယခုပွဲအနိုင်ရလဒ်ကြောင့် ဒုတိယနေရာရရန် သေချာခဲ့သည်။

မြန်မာအသင်းသည် ပွဲအစ ၁၀ မိနစ်တွင် ဂိုးသမားဆန်းဆက်နိုင် အမှားမှတစ်ဆင့် အိုမစ်က အာဖဂန်နစ္စတန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ နောက်ပိုင်းတွင် မြန်မာအသင်းက ချေပဂိုးရရန် ရုန်းကန်ခဲ့ရပြီး ပထမပိုင်းပြီးခါနီးမှ ဂိုးပြန်ရခဲ့သည်။ မြန်မာအသင်းအတွက် ချေပဂိုးကို တိုက်စစ်မှူး သန်းပိုင်က သွင်းယူခဲ့ပြီး သန်းပိုင်သည် ပထမအကျော့တွင်လည်း မြန်မာအသင်းအတွက် ချေပဂိုးသွင်းယူခဲ့သူဖြစ်သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ပြီး ၇၄ မိနစ်တွင် လူစားဝင်တိုက်စစ်ကစားသမား ခွန်ကျော်ဇင်ဟိန်းက အနိုင်ဂိုးသွင်းယူခဲ့သည်။

မြန်မာအသင်းသည် ငါးပွဲကစား ကိုးမှတ်၊ အာဖဂန်နစ္စတန်အသင်းက ငါးပွဲကစား နှစ်မှတ်ရထားပြီး မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် မတ် ၃၁ ရက်တွင် ပါကစ္စတန်အသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။

ရဲရင့်လွှင်

ဓာတ်ပုံ-သော်လေး

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ပြောင်းလဲနေသည့် ကမ္ဘာ့အခင်းအကျင်းသစ်တွင် နိုင်ငံ့စွမ်းအားဖြစ်သည့် လူငယ်များ၏ အခန်းကဏ္ဍ

မောင်လူအေး(လူငယ်ရေးရာ)

မျက်မှောက်ကာလ နိုင်ငံတကာဆက်ဆံရေးတွင် ကမ္ဘာ့အစီအစဉ် သို့မဟုတ် ကမ္ဘာ့အခင်းအကျင်းသည် အရေးပါသော အယူအဆတစ်ရပ် ဖြစ်လာပါသည်။ ကမ္ဘာ့အစီအစဉ်ဆိုသည်မှာ ကမ္ဘာ့နိုင်ငံများအကြား အာဏာခွဲဝေမှုနှင့် ဆက်ဆံရေးပုံစံများကို သတ်မှတ်ပေးသည့် နိုင်ငံတကာစနစ်တစ်ခု ဖြစ်သည်။

ကမ္ဘာ့အစီအစဉ်သည် နိုင်ငံများအကြားရှိ အာဏာခွဲဝေမှု၊ စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံရေးစနစ်များ၏ စုပေါင်းဖွဲ့စည်းပုံတစ်ခုဖြစ်ပြီး နိုင်ငံတကာဆက်ဆံရေးတွင် လိုက်နာကျင့်သုံးကြသည့် သဘောတူညီမှုတစ်ရပ်ဖြစ်သည်။ ယင်းအစီအစဉ်သည် ကမ္ဘာ့နိုင်ငံရေးစနစ်၏ လည်ပတ်ပုံကို သတ်မှတ်ပေးပြီး နိုင်ငံများအကြား ဆက်ဆံရေးကို ထိန်းညှိပေးနေခြင်းဖြစ်သည်။ ကမ္ဘာ့အစီအစဉ်သည် နိုင်ငံများအကြား နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေးဆိုင်ရာဆက်ဆံရေးများကို ထိန်းညှိပေးပြီး နိုင်ငံတကာတည်ငြိမ်မှုကိုလည်း အထောက်အကူဖြစ်စေပါသည်။

နိုင်ငံတကာဆက်ဆံရေးပညာရှင်များ၏ အယူအဆအရ ကမ္ဘာ့အစီအစဉ်၏ ဖွဲ့စည်းပုံသည် နိုင်ငံများ၏ နိုင်ငံ့စွမ်းအားခွဲဝေမှုအပေါ်တွင် အဓိကအခြေခံထားခြင်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ စွမ်းအားကို နိုင်ငံ့စွမ်းအားဟုသတ်မှတ်ပြီး ထိုစွမ်းအားသည် နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားများကို အကောင်အထည်ဖော်နိုင်ရန် မရှိမဖြစ်လိုအပ်သော အရင်းအမြစ်များနှင့် စွမ်းရည်များ ဖြစ်ပါသည်။ နိုင်ငံ့စွမ်းအားသည် မိမိနိုင်ငံ၏ ရည်မှန်းချက်များကို အောင်မြင်စေရန် အခြားနိုင်ငံများအပေါ် လွှမ်းမိုးနိုင်စွမ်း၊ ထိန်းချုပ်နိုင်စွမ်းရှိခြင်းပင်ဖြစ်သည်။ ယနေ့ကမ္ဘာ့အခင်းအကျင်းသည် စစ်ရေး၊ စီးပွားရေး၊ နည်းပညာနှင့် သံတမန်ရေးစွမ်းအားများကို ပိုင်ဆိုင်သောနိုင်ငံများ၏ ဩဇာလွှမ်းမိုးမှုအပေါ်မူတည်၍ ပြောင်းလဲနေခြင်းဖြစ်ရာ မြန်မာလူငယ်များအနေဖြင့် မျက်မှောက်ခေတ်ကမ္ဘာ့အစီအစဉ်ကို နားလည်သဘောပေါက်ကာ မိမိနိုင်ငံ၏ နိုင်ငံ့စွမ်းအား တစ်နည်းအားဖြင့် ပြည်တွင်းအား ခိုင်မာအားကောင်းလာစေရေး အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည် ဖြစ်သည်။

နိုင်ငံတကာဆက်ဆံရေး သီအိုရီများအရ ကမ္ဘာ့အစီအစဉ်ကို အာဏာခွဲဝေမှုအပေါ်အခြေခံ၍ အမျိုးအစားသုံးမျိုး ခွဲခြားနိုင်သည်။ ပထမအမျိုးအစားမှာ Unipolar World Order ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံတည်းကသာ အင်အားအကြီးဆုံးအဖြစ် ကမ္ဘာ့နိုင်ငံရေးကို လွှမ်းမိုးချုပ်ကိုင်နေသော စနစ်ဖြစ်သည်။ ဥပမာအားဖြင့် စစ်အေးတိုက်ပွဲအပြီး ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက် အမေရိကန်နိုင်ငံသည် ကမ္ဘာ့အင်အားကြီး နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ဒုတိယအမျိုးအစားမှာ Bipolar World Order ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ သို့မဟုတ် အုပ်စုတစ်စုက လွှမ်းမိုးလာမှုကို တားဆီးကာကွယ်ရန် အင်အားကြီးနိုင်ငံ နှစ်နိုင်ငံအကြား အာဏာခွဲဝေထားသော စနစ်ဖြစ်သည်။ ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးအပြီး အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့အကြား ဖြစ်ပေါ်ခဲ့သော စစ်အေးတိုက်ပွဲကာလသည် Bipolar System ၏ နမူနာတစ်ခုဖြစ်သည်။

တတိယအမျိုးအစားမှာ Multipolar World Order ဖြစ်ပြီး အင်အားကြီးနိုင်ငံများနှင့် အင်အားကြီးထွားလာသည့်နိုင်ငံများ များစွာပါဝင်နေသော စနစ်ဖြစ်သည်။ မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံရေးသည် အမေရိကန်၊ တရုတ်၊ ရုရှား၊ ဥရောပသမဂ္ဂနှင့် အိန္ဒိယနိုင်ငံတို့ ပါဝင်လာခြင်းကြောင့် Multipolar World Order သို့ တဖြည်းဖြည်း ပြောင်းလဲလာနေသည်ဟု သုံးသပ်နိုင်သည်။ တရုတ်နိုင်ငံ၏ ထိပ်တန်းအင်အားကြီးနိုင်ငံအဖြစ် တက်လှမ်းလာမှု၊ ရုရှား၏ ဩဇာပြန်လည်ထူထောင်မှုနှင့် အိန္ဒိယကဲ့သို့သော ထွန်းသစ်စနိုင်ငံများ၏ အခန်းကဏ္ဍက ကမ္ဘာ့အစီအစဉ်ကို ပုံဖော်လျက်ရှိပါသည်။ ထို့ပြင် NATO၊ EU၊ BRICS၊ SCO၊ အာဆီယံ၊ အာဖရိကသမဂ္ဂ စသည့် အဖွဲ့အစည်းများ အားကောင်းလာခြင်း၊ နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် ကမ္ဘာ့အစီအစဉ်သည် စစ်အေးကာလကဲ့သို့ အင်အားကြီးနှစ်နိုင်ငံအပေါ်တွင်သာ မီတည်မနေဘဲ ဒေသတွင်းအဖွဲ့အစည်းများ၏ စွမ်းအားပေါ်တွင်လည်း အင်အားချိန်ခွင်လျှာ ပြောင်းလဲလာခြင်းဖြစ်သည်။

ကမ္ဘာ့အစီအစဉ်သည် နိုင်ငံများ၏ စွမ်းအားပေါ်မူတည်၍ ပြောင်းလဲနေသည့် သဘောတရားတစ်ခုဖြစ်သည်။ ယခင်က နိုင်ငံ့စွမ်းအားကို စစ်အင်အားဖြင့်သာ တိုင်းတာခဲ့သော်လည်း ယနေ့ခေတ်တွင် နိုင်ငံ့စွမ်းအား၏အဓိပ္ပာယ်မှာ ပိုမိုကျယ်ပြန့်လာသည်။ နိုင်ငံတကာဆက်ဆံရေးပညာရှင်များ၏ အဆိုအရ နိုင်ငံ့စွမ်းအားကို အဓိကအားဖြင့် အောက်ပါအချက်များဖြင့် တိုင်းတာနိုင်ပါသည်-

**ပထဝီဝင်အခြေအနေ**

နိုင်ငံ၏တည်နေရာ၊ နယ်မြေအကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်အနေအထား၊ ရာသီဥတု တည်ရှိမှုအခြေအနေနှင့် သဘာဝသယံဇာတတည်ရှိမှုတို့သည် နိုင်ငံ့စွမ်းအား၏ အခြေခံအချက်များ ဖြစ်သည်။ ပထဝီဝင် အခြေအနေကောင်းမွန်သော နိုင်ငံများ၊ ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျသည့် နိုင်ငံများသည် စီးပွားရေး၊ စစ်ရေးနှင့် နိုင်ငံတကာ ဆက်ဆံရေးတို့အတွက် အခွင့်အလမ်းများ ပိုမိုရရှိနိုင်သည်။

**လူဦးရေနှင့် လူ့စွမ်းအားအရင်းအမြစ်**

လူဦးရေများပြားခြင်းနှင့် ကျန်းမာကြံ့ခိုင်၍ ပညာရေးအဆင့်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ၊ အလုပ်လုပ်နိုင်သည့် အသက်အရွယ်အုပ်စုများပြားခြင်းတို့သည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်အချက်များ ဖြစ်သည်။

**စီးပွားရေးစွမ်းအား**

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးနှင့် စစ်ရေးစွမ်းအားများကို အထောက်အကူပြုသည်။ GDP၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းများသည် စီးပွားရေးစွမ်းအားကို တိုင်းတာရာတွင် အရေးကြီးသောအချက်များဖြစ်သည်။

**စစ်ရေးစွမ်းအား**

တပ်မတော်၏ အင်အား၊ နည်းပညာနှင့် စစ်ဆင်ရေးစွမ်းရည်များသည် နိုင်ငံ့လုံခြုံရေးနှင့် နိုင်ငံတကာအဆင့်တွင် ဩဇာသက်ရောက်မှုရှိစေသည်။

**သိပ္ပံနှင့်နည်းပညာစွမ်းအား**

နည်းပညာတိုးတက်မှု (ဥပမာ-Digital၊ AI၊ Cyber)သည် စီးပွားရေးနှင့် စစ်ရေးစွမ်းအားများကို တိုးတက်စေပြီး နိုင်ငံတကာယှဉ်ပြိုင်နိုင်မှုတွင် အရေးပါသော အချက်တစ်ခုဖြစ်သည်။

**Soft Power**

Soft Power ဆိုသည်မှာ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ နိုင်ငံတကာဆက်ဆံရေး၊ သံတမန်ဆက်ဆံရေးနှင့် အတွေးအခေါ်များမှတစ်ဆင့် အခြားနိုင်ငံများကို ဩဇာသက်ရောက်စေနိုင်သော စွမ်းအားဖြစ်သည်။

တစ်နည်းအားဖြင့် **စီးပွားရေးစွမ်းအား၊ စစ်ရေးစွမ်းအားတို့သည် Hard Power ဖြစ်ပြီး ပညာရေး၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစိတ်ဓာတ်၊ သံတမန်ဆက်ဆံရေး စသည်တို့ကို Soft Power ဟု သတ်မှတ်ကာ Hard Power နှင့် Soft Power ပေါင်းစပ်ထားသည့်စွမ်းရည်သည် Smart Power ဖြစ်ပါသည်။ ထို့ပြင် သတင်းအချက်အလက်နည်းပညာကိုအသုံးပြု၍ အခြားနိုင်ငံများ၏ ပြည်တွင်းရေးနှင့် လူထုသဘောထားကို လွှမ်းမိုးနိုင်ခြင်းသည် Sharp Power ဖြစ်သည်။ Multi-polarity စနစ်တွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများ ပါဝင်လာခြင်းကြောင့် ကမ္ဘာ့ရေးရာများတွင် တရားမျှတစွာ ဆောင်ရွက်လာနိုင်မည်ဟု မျှော်လင့်နိုင်ခြင်း၊ နိုင်ငံတစ်နိုင်ငံတည်း၏စွမ်းအားဖြင့် ဖြေရှင်း၍မရဘဲ စုပေါင်းစွမ်းအားဖြင့် ဖြေရှင်းနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရှိနိုင်မည်ဖြစ်သော်လည်း ပိုမိုတရားမျှတမှုရှိသည့် ကမ္ဘာကြီးဖြစ်လာမည်ဟု ဆိုလိုခြင်းမဟုတ်ပါ။**

Multipolar အရွေ့တွင် အင်အားကြီးနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ အကျိုးစီးပွားပြိုင်ဆိုင်မှုများ၊ အုပ်စုဖွဲ့ခြင်းများကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် နိုင်ငံငယ်များအဖို့ မိမိတို့၏ အချုပ်အခြာအာဏာ မဆုံးရှုံးစေရန် ယခင်ကထက် ပိုမိုခက်ခဲစွာရုန်းကန်နေရခြင်းကိုလည်း လက်ရှိဖြစ်ပေါ်နေသော အမေရိကန်၏ ဗင်နီဇွဲလားနှင့် အီရန်နိုင်ငံတို့အပေါ် ကျူးကျော်တိုက်ခိုက်သည့် အရေးကိစ္စများက သက်သေခံလျက်ရှိပါသည်။

အနာဂတ်ကမ္ဘာ့အခင်းအကျင်းသည် နိုင်ငံ့စွမ်းအား တိုးတက်ပြောင်းလဲမှုများကြောင့် ဆက်လက်ပြောင်းလဲနေဦးမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှင့် နည်းပညာတိုးတက်မှုများသည် ကမ္ဘာ့စွမ်းအားခွဲဝေမှုကို ပြောင်းလဲစေပြီး Multipolar World Order သို့ ဦးတည်လျက်ရှိပါသည်။ သို့ဖြစ်ရာ နိုင်ငံ့စွမ်းအားသည် နိုင်ငံတစ်နိုင်ငံအတွက် အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်များအပေါ် လိုအပ်သလို ပုံဖော်နိုင်စွမ်းရှိသည့် စွမ်းရည်ဖြစ်ပြီး အခြားနိုင်ငံများ၏ ဆုံးဖြတ်ချက်၊ လုပ်ဆောင်ချက်များအပေါ် လွှမ်းမိုးနိုင်စွမ်းရှိခြင်းလည်း ဖြစ်ပါသည်။ နိုင်ငံ့စွမ်းအားသည် နိုင်ငံ၏ တည်ရှိမှု၊ အချုပ်အခြာအာဏာ၊ လုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အဓိကကျသည့် မောင်းနှင်အားတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသည် မိမိတို့၏ နိုင်ငံ့စွမ်းအားတိုးတက်စေရန်အတွက် အလေးထားဆောင်ရွက်လျက်ရှိခြင်းဖြစ်သည်။ နိုင်ငံ့စွမ်းအားခိုင်မာအားကောင်းမှသာ ကမ္ဘာတည်သရွေ့ မိမိနိုင်ငံနှင့်လူမျိုး ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် မည်သည့်အခြေအနေတွင်မဆို အချုပ်အခြာအာဏာကို ထိပါးမခံရစေရေးအတွက် ကာကွယ်ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

လက်ရှိကမ္ဘာ့အစီအစဉ်သစ်ဖြစ်သည့် Multi-polar World Order သည် ကမ္ဘာ့နိုင်ငံကြီးများအကြား အကျိုးစီးပွားပြိုင်ဆိုင်မှုနှင့်အတူ မည်သည့်ခေတ်ကာလနှင့်မျှမတူသည့် အင်အားကြီးသူ အနိုင်ယူမည်(Might is Right) ဆိုသည့် အခင်းအကျင်းတစ်ရပ်အဖြစ် တတိယကမ္ဘာစစ်သို့ ဦးတည်လျက်ရှိသည်ဟု ဆိုနိုင်မည်ဖြစ်သည်။ အင်အားကြီးနိုင်ငံများက နိုင်ငံငယ်များနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့ဖြင့် တစ်ဖက်သတ်ဖိအားပေးကာ ဩဇာခံအဖြစ် လွှမ်းမိုးချုပ်ကိုင်လျက်ရှိသည်ကိုလည်း ကြုံတွေ့နေရပါသည်။ ၎င်းတို့လိုလားသည့် အယူဝါဒ၊ နိုင်ငံရေးစနစ်ကို လိုက်နာကျင့်သုံးခြင်းမရှိသည့် နိုင်ငံငယ်များအပေါ် စွပ်စွဲပြစ်တင်ခြင်း၊ စီးပွားရေးပိတ်ဆို့ခြင်း၊ နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိအောင် ဖယ်ကြဉ်ထားခြင်းအပြင် တတိယအဖွဲ့အစည်း သို့မဟုတ် နိုင်ငံတစ်နိုင်ငံကို အသုံးချ၍ Proxy War အသွင်ဖော်ဆောင်ကာ ဖိအားပေး အကျပ်ကိုင်ခြင်းများကိုလည်း ကြုံတွေ့နေရခြင်းဖြစ်သည်။

မိမိတို့မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသကို ဆက်သွယ်ပေးထားသည့် Land Bridge ဖြစ်သည့်အပြင် ကမ္ဘာ့လူဦးရေအများဆုံး ဒီမိုကရေစီနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် ကမ္ဘာ့စီးပွားရေးအင်အား ဒုတိယအကြီးဆုံးဖြစ်သည့် တရုတ်နိုင်ငံတို့အကြား တည်ရှိနေသည့်အတွက် ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျသည့် အနေအထားဖြစ်ရာ ၎င်းအားသာချက်များကို ပါးနပ်စွာအသုံးချ၍ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်သွားရမည်ဖြစ်သည်။

**အိန္ဒိယနိုင်ငံသည် ၂၀၄၇ ခုနှစ်တွင် လည်းကောင်း၊ တရုတ်နိုင်ငံသည် ၂၀၄၉ ခုနှစ်တွင် လည်းကောင်း ဖွံ့ဖြိုးပြီးနိုင်ငံ**

> **“စီးပွားရေးစွမ်းအား၊ စစ်ရေးစွမ်းအားတို့သည် Hard Power ဖြစ်ပြီး ပညာရေး၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစိတ်ဓာတ်၊ သံတမန်ဆက်ဆံရေး စသည်တို့ကို Soft Power ဟု သတ်မှတ်ကာ Hard Power နှင့် Soft Power ပေါင်းစပ်ထားသည့်စွမ်းရည်သည် Smart Power ဖြစ်ပါသည်။ ထို့ပြင် သတင်းအချက်အလက်နည်းပညာကိုအသုံးပြု၍ အခြား နိုင်ငံများ၏ ပြည်တွင်းရေးနှင့် လူထုသဘောထားကို လွှမ်းမိုးနိုင်ခြင်းသည် Sharp Power ဖြစ်သည်။ Multi-polarity စနစ်တွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများ ပါဝင်လာခြင်းကြောင့် ကမ္ဘာ့ရေးရာများတွင် တရားမျှတစွာ ဆောင်ရွက်လာနိုင်မည်ဟု မျှော်လင့်နိုင်ခြင်း၊ နိုင်ငံတစ်နိုင်ငံတည်း၏စွမ်းအားဖြင့် ဖြေရှင်း၍မရဘဲ စုပေါင်းစွမ်းအားဖြင့် ဖြေရှင်းနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရှိနိုင်မည်ဖြစ်သော်လည်း ပိုမိုတရားမျှတမှုရှိသည့် ကမ္ဘာကြီးဖြစ်လာမည်ဟု ဆိုလိုခြင်းမဟုတ်ပါ”**

*စာမျက်နှာ ၁၁ သို့*

# နှစ်တိုင်းရောက်ချင်ပါသည် တပ်မတော်နေ့စစ်ရေးပြပွဲဆီ

☆ လေမှာလွင့်ပျံ၊ တို့ရဲ့အလံနှင့်
မိုးယံသို့ညံ၊ စစ်ချီသံက
အားမာန်ဝင့်စွာ၊ ထွက်ပေါ်လာပြီ
လျှောက်ကာစစ်ရေးပြ၊ ညီညာလှ၍
များလှစစ်ကြောင်း၊ အားသစ်လောင်းလျက်
တပ်ပေါင်းခြံရံ၊ စုဖွဲ့မှန်ပြီး
အောင်လံရဲရဲနီနေ၊ ဆက်၍ချီရင်း
ထီမထင်ထား၊ မျက်နှာများဖြင့်
ခွန်အားပြည့်လှ စွမ်းရည်ဝ.......။
☆ တပ်မတော်သား၊ ညီနောင်များနှင့်
တွဲထားမြဲခိုင်၊ ကြံ့ကြံ့ခိုင်လျက်
အနိုင်ယူထား၊ စစ်သမီးများတို့
စွမ်းအားပြည့်ဝ၊ လျှောက်လှမ်းကြရင်း
ရင်မှဖြစ်တည်၊ စိတ်ဓာတ်ညီလျက်
ချီတက်ကြွေးကြော်၊ ရဲသည်တော်လည်း
ခေါင်းမော်ဝင့်ကြွား၊ မာန်စိတ်ထား၍
ခွန်အားတက်ကြွ၊ စစ်ရေးပြက
ကြည့်ရှုမဝ ခန့်ထည်စွ.....။
☆ မကြာမီမှာ၊ ရောက်ရှိလာပြီ
မြင်းခွာသံများ၊ ပြေးလွှားသွား၍
ခွန်အားရှိလှ၊ ကြက်သီးထဘိ
နောက်မှခြံရံ၊ ခေါင်းဆောင်မှန်သည်
နိုင်ငံအတွက်၊ ခွန်အားတက်သည့်
မြွက်ဟမိန့်ကြား၊ အမှာစကားက
မှတ်သားစရာ၊ ရှေ့ရေးပါသည်
တက်လာသူများ၊ ပြည့်ခွန်အားနှင့်
စွန့်စားအမှန် သန္နိဋ္ဌာန်.......။
☆ အလေးပြုခံ၊ ချီတက်ဟန်သည်
မြန်ဆန်သွက်လက်၊ ခွန်အားတက်၍
ဝင်းလက်တောက်ကြွား၊ လုံ့စွပ်များက
လှုပ်ရှားအရောင်၊ ထိန်ညီးပြောင်လျက်
တိမ်တောင်ပေါ်မှ၊ ပျံသန်းပြသော
များလှလေယာဉ်၊ တိုက်စစ်သွင်ဖြင့်
ပြင်ဆင်အသင့်၊ အားမာန်ဝင့်ကာ
အမြင့်မှပျံ၊ ကျွမ်းထိုးဟန်က
အသံထက်မြန် ကောင်းကင်ယံ.......။
☆ ပြော်......
တက်ကြွဝင့်ကြွား၊ အားမာန်များဖြင့်
လှုပ်ရှားစစ်ရေးပြ၊ ညီညာလှ၏
ကြည့်ရသည်မှာ၊ ဂုဏ်သိက္ခာနှင့်
လွန်စွာအားရ၊ ရင်တမမဖြင့်
ပြသစစ်ရေး၊ အံ့မခန်းငေးပြီး
လေးစားထိုက်သော်၊ စစ်သည်တော်တို့
မော်ကြွားနေခြင်း၊ ခွာသံပြင်းသည့်
မြင်းခင်းဆင်ယင်၊ ပွဲသဘင်သို့
နှစ်စဉ်နှစ်တိုင်း ရောက်ချင်သည်။
တပ်မတော်နေ့ဆီ တို့ဦးတည်.......။

**(၈၁) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုရေးဖွဲ့ပါ၏။**

**ရဲမင်းစိုး**

*စာမျက်နှာ ၁၀ မှ*

(Fully Developed Country) ဖြစ်ရန် ရည်မှန်းချက်ထားရှိကာ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လိုက်ပါစီးမျောကာ အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်သည်။ အထူးသဖြင့် ကမ္ဘာ့အခင်းအကျင်းသစ်တွင် အင်အားကြီးနိုင်ငံများ၏ အသုံးချခံ အင်အားပြိုင်ဆိုင်သည့် နေရာအဖြစ် မကျရောက်စေရေးအတွက် အမြော်အမြင်၊ သတိကြီးစွာထား၍ လိမ္မာပါးနပ်စွာဖြင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်တတ်ဖို့ လိုအပ်မည်ဖြစ်သည်။

အမျိုးသားအကျိုးစီးပွားသည် နိုင်ငံတစ်နိုင်ငံ၏ ရပ်တည်မှု၊ အချုပ်အခြာအာဏာ၊ လုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အခြေခံအကျဆုံး ရည်မှန်းချက်ဖြစ်ပြီး နိုင်ငံ၏အမျိုးသားအဆင့် မဟာဗျူဟာများချမှတ်ခြင်းနှင့် နိုင်ငံခြားရေးမူဝါဒချမှတ်ခြင်းတို့အပေါ် အဓိကသက်ရောက်မှုရှိပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို အကောင်အထည်ဖော်ရာတွင် နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အမြဲတမ်းအကျိုးစီးပွားဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့သည် အဓိကအကျိုးစီးပွားများဖြစ်ကာ အခြားနိုင်ငံတကာရေးရာကိစ္စရပ်များသည် အစွန်အဖျား အကျိုးစီးပွားများ ဖြစ်ကြပါသည်။

ပြောင်းလဲနေသော နိုင်ငံတကာအခြေအနေများအောက်တွင် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရာ၌ ကမ္ဘာလုံးဆိုင်ရာ အကျိုးစီးပွားများနှင့် ချိန်ညှိဆောင်ရွက်တတ်ရန်လည်း အရေးကြီးလှပါသည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် မျက်မှောက်ကမ္ဘာ့အခြေအနေနှင့် ပြည်တွင်းအခြေအနေများကို သိရှိနားလည်ပြီး မိမိနိုင်ငံ၏အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းစေရေး မှန်ကန်စွာ တွေးခေါ်မြော်မြင်တတ်ရန် လိုအပ်ပါသည်။

**အမျိုးသားကာကွယ်ရေးဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့မှုနှင့် အမျိုးသားအကျိုးစီးပွားကာကွယ်ရေးတို့ကို ဖော်ဆောင်ခြင်းဖြစ်ပါသည်။ မိမိနိုင်ငံသားများ၏** အသက်အိုးအိမ်စည်းစိမ်ကို လုံခြုံမှုပေးနိုင်ရေးနှင့် နိုင်ငံ၏ အချုပ်အခြာအာဏာကို မည်သည့်အခြေအနေမျိုးတွင်မဆို ထိပါးမခံရစေရေးသည် အမျိုးသားကာကွယ်ရေး၏ အနှစ်သာရပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် နိုင်ငံ့စွမ်းအား၊ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားကာကွယ်ရေးတို့သည် အပြန်အလှန်အမှီသဟဲပြုလျက်ရှိပါသည်။

အမျိုးသားအကျိုးစီးပွားသည် နိုင်ငံတော်၏ မဟာဗျူဟာမြောက် ရည်မှန်းချက်ပန်းတိုင်များကို ဖော်ဆောင်ပေးနေခြင်းဖြစ်ပြီး အဆိုပါရည်မှန်းချက်ပန်းတိုင်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံ့စွမ်းအားသည် အဓိကမဏ္ဍိုင်တစ်ရပ်ဖြစ်ပါသည်။ ထို့အတူ နိုင်ငံ့စွမ်းအားတောင့်တင်းခိုင်မာစေရေးအတွက် အမျိုးသားကာကွယ်ရေးစွမ်းအားသည် အဓိက ထောက်တိုင်တစ်ခုဖြစ်ပါသည်။ သို့ဖြစ်ရာ အမျိုးသားကာကွယ်ရေးစွမ်းအားကို ခိုင်မာအားကောင်းအောင် တည်ဆောက်ခြင်းဖြင့် နိုင်ငံ့စွမ်းအားကို မြှင့်တင်ပြီး အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရာတွင် ပူးပေါင်းပါဝင်ကြရမည် ဖြစ်ပါသည်။

အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုသည် အဓိကကျသည့် ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံသားများ၏ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို မြှင့်တင်ပေးခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ကျန်းမာကြံ့ခိုင်သော ပညာတတ်နိုင်ငံသားများဖြင့်သာ နိုင်ငံ၏ အမျိုးသား အကျိုးစီးပွားကို အပြည့်အဝဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။ နိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရာတွင် ရေတိုမျှော်မှန်းချက်များထက် ရေရှည်မျှော်မှန်းချက်များ ချမှတ်ကာ မဟာဗျူဟာ၊ နည်းဗျူဟာများ ရေးဆွဲအကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ စုစုပေါင်း၏ ၃၁ ရာခိုင်နှုန်းခန့်မှာ အသက် ၁၅ နှစ်မှ ၃၅ နှစ်ကြား လူငယ်များ ဖြစ်ကြပါသည်။ အသက် ၁၅ နှစ်မှ ၆၄ နှစ်ကြား အလုပ်လုပ်နိုင်သောအရွယ်သည် စုစုပေါင်းလူဦးရေ၏ ၆၆ ဒသမ ၉ ရာခိုင်နှုန်းအထိ ရှိလာပြီး ယင်းသည် မြန်မာ့သမိုင်းတွင် အမြင့်ဆုံးအချိုးအစားဖြစ်ပါသည်။ သို့ဖြစ်ရာ လူငယ်များကို ဗဟိုပြုသည့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ခြင်းဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေမည်ဖြစ်သည်။

လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ အတက်ကြွဆုံးနှင့်အင်အားအကောင်းဆုံး လူ့စွမ်းအားအရင်းအမြစ်များဖြစ်ရာ ယနေ့ ကမ္ဘာ့အခင်းအကျင်းကို နားလည်သဘောပေါက်ပြီး မိမိနိုင်ငံနှင့် လူမျိုးအတွက် အကျိုးမပြုသည့် အတွေးအခေါ်များ၊ လုပ်ဆောင်ချက်များကို ရှောင်ကြဉ်၍ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို အပြည့်အဝဖော်ဆောင်နိုင်ရေး တန်ဖိုးရှိသည့် နိုင်ငံ့အင်အားစုများအဖြစ် အကောင်းဆုံး ပူးပေါင်းဆောင်ရွက်ရမည့် အချိန်အခါဖြစ်ပါသည်။ အင်အားကြီးနိုင်ငံများ၏ ခြယ်လှယ်မှုကို မခံရစေရေး၊ ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများ၏ အပြန်အလှန်လေးစားယုံကြည်မှုရရှိစေရေးအတွက် နိုင်ငံ့စွမ်းအား ခိုင်မာအားကောင်းအောင် ဝိုင်းဝန်းတည်ဆောက်ကြရမည်ဖြစ်သည်။

ပြောင်းလဲနေသည့် ကမ္ဘာ့အခင်းအကျင်းသစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် စိန်ခေါ်မှုများစွာရှိနေသကဲ့သို့ တစ်ပြိုင်တည်းတွင် အခွင့်အလမ်းများစွာလည်းရှိနေခြင်းဖြစ်ရာ လူငယ်များအပါအဝင် နိုင်ငံသားအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ လူငယ်များအား နိုင်ငံတော်၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအင်အားစုအဖြစ် ပါဝင်လာနိုင်စေရေးအတွက် ရင်းနှီးမြှုပ်နှံရမည့် အချိန်အခါကောင်းဖြစ်ပါသည်။

လက်ရှိမြန်မာနိုင်ငံအနေဖြင့် မကြာမီကာလအတွင်း လွှတ်တော်၊ အစိုးရသစ်နှင့်အတူ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ပုံဖော်တည်ဆောက်တော့မည်ဖြစ်ပါသည်။ ဒီမိုကရေစီဖက်ဒရယ် တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လူမှုသဟဇာတဖြစ်ရေးနှင့် စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်ပြိုင်နက်တည်း ဖြေရှင်းဆောင်ရွက်သွားရမည့် ရေရှည်လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ လူဦးရေ၏ အကြီးမားဆုံး အစိတ်အပိုင်းတစ်ခုဖြစ်သော လူငယ်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ရာ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များ စနစ်တကျ ပူးပေါင်းပါဝင်နိုင်မည့် ပလက်ဖောင်းတစ်ခု တည်ဆောက်ပေးခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

အနာဂတ်မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတွင် လူမှုသဟဇာတဖြစ်စေရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး လုပ်ငန်းစဉ်များအတွက်လည်း အခြေခံအုတ်မြစ်တစ်ရပ် ဖြစ်လာနိုင်ပါသည်။ အချုပ်အားဖြင့် ဖြစ်ပေါ်ပြောင်းလဲလာသည့် ကမ္ဘာ့အစီအစဉ်သစ်တွင် မျိုးဆက်သစ်လူငယ်များက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အပြည့်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲနေစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

ကျမ်းကိုး–

၁။ Morgenthau, H. J., “Politics Among Nations: The Struggle for Power and Peace”, New York, 1948.

၂။ Clausewitz, C. Von., “On War”, Princeton University Press, Princeton, 1832.

၃။ Waltz, K. N., “Theory of International Politics”, 1979.

၄။ Buzan, B., “People, States and Fear: An Agenda for International Security Studies”, 1991.

၅။ Nye, J. S., (2004). “Soft Power: The Means to Success in World Politics”, New York, 2004.

၆။ မြန်မာ့အလင်းသတင်းစာ၊ ၂၀၂၆ ခုနှစ် မတ်လ ၁၁ ရက်။

၇။ မြန်မာ့အလင်းသတင်းစာ၊ ၂၀၂၆ ခုနှစ် မတ်လ ၁၄ ရက်။

# သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော် ၊ ငှက်မြတ်နားတော်၊ ထီးတော် ရောင်တော်ဖွင့် ပူဇော်ခြင်းနှင့် ရွှေစင်ရွှေပြား၊ ရွှေမျက်ပါးတို့အား ရွှေပန္နက်ချ ကပ်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၂၆**

သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင် စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော် ရောင်တော်ဖွင့် ပူဇော်ခြင်းနှင့် ရွှေစင်ရွှေပြား၊ ရွှေမျက်ပါးတို့အား ရွှေပန္နက်ချ ကပ်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ အဆိုပါ စေတီတော်မြတ်ကြီး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် စေတီတော်မြတ်ကြီး၏ အနောက်ဘက်မုခ် အာရုံခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် စေတီတော်မြတ်ကြီး အောင်မြေထောင့်တို့တွင် ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်း ကပ်လှူပူဇော်ပြီး ပန်းရထားဖြင့် ရွှေစင်ရွှေပြားများကို ပင့်ဆောင်ပူဇော်ကာ စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ရောင်တော်ဖွင့် ပူဇော်ကြသည်။

ထို့နောက် စေတီတော်မြတ်ကြီးအား လှူဒါန်းထားသော ရွှေစင်ရွှေပြားများအား ရွှေပန္နက်ချ ကပ်လှူပူဇော်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ စေတီတော်မြတ်ကြီး၏ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၌ စေတီမြတ်ကြီးအား ရွှေစင်ရွှေပြားကပ်လှူပူဇော်ရန် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက လက်ခံရယူ၍ ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေး ပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၂) လုပ်ငန်းအကြိုသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး သင်တန်းတွင် ဆုရရှိသည့် သင်တန်းသား သင်တန်းသူများကို ဆုများပေးအပ် ချီးမြှင့်ကာ သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။



ဆက်လက်၍ မြန်မာနိုင်ငံ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်းမှ တာဝန်ရှိသူတစ်ဦးက သင်တန်းတွင် ဆုရရှိသည့် သင်တန်းသား သင်တန်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ နံရံကပ်ကဗျာများ၊ ကာတွန်းနှင့် ဆောင်းပါးများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဇွဲထက်ကို**

**(ပြန်/ဆက်)**

## Financial Management and Accounting with Excel သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၆**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော Financial Management and Accounting with Excel သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဦးဟန်ဝင်းအောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက သင်တန်းတွင် ဘဏ္ဍာရေးနှင့် စာရင်းကိုင်လုပ်ငန်းများအပါအဝင် ရုံးဌာနများ၌ အသုံးပြုလျက်ရှိသော အချက်အလက်များကို စုစည်းခြင်း၊ စီမံခန့်ခွဲခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အစီရင်ခံစာများရေးသားရာ၌ နိုင်ငံတကာတွင် အသုံးပြုမှု အများဆုံးဖြစ်သော Office Application တစ်ခုဖြစ်သည့် Excel Computer Software ၏ အဆင့်မြင့် လုပ်ဆောင်ချက်များဖြစ်ကြသည့် Formula များ၊ Function များ၊ Data Analysis Tools များဖြင့် ဘဏ္ဍာရေးနှင့် စာရင်း





ကိုင်အချက်အလက်များကို အခြေခံပြီး စာတွေ့ လက်တွေ့ ပူးတွဲသင်ကြားပေးခဲ့သည့်အပြင် လက်တွေ့လုပ်ငန်းများတွင် ချက်ချင်းအသုံးချ နိုင်စေရန် On Job Training ပုံစံဖြင့် သင်ကြားပို့ချပေးခဲ့ကြောင်း၊ ယနေ့ကမ္ဘာကြီးတွင် ဒစ်ဂျစ်တယ်နည်းပညာနှင့် လွှမ်းခြုံလည်ပတ်လျက်ရှိရာ သိပ္ပံနှင့်နည်းပညာ တိုးတက်မြင့်မားလာသည်နှင့်အမျှ နယ်ပယ်ကဏ္ဍအသီးသီးတွင် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးချပြီး အခွင့်အလမ်းများ ရယူလျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ၏အရည်အသွေးနှင့် စွမ်းဆောင်ရည်ပြည့်ဝစေရန်၊ ရုံးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုအရည်အချင်းများ တိုးတက်မြင့်မားလာစေရန်နှင့် လုပ်ငန်းပိုင်း ပိုမိုကျွမ်းကျင်စွာ ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်ပြီး ယခုကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချပေးနေခြင်းဖြစ်ကြောင်း။

မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံအများစုက ကဏ္ဍပေါင်းစုံတွင် အချက်အလက် (Data) များကို ထိရောက်စွာအသုံးချပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြလျက်ရှိရာ အဖွဲ့အစည်းများအနေဖြင့်လည်း ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အတွေ့အကြုံနှင့် ခန့်မှန်းချက်များအပေါ်သာ မူတည်ခြင်း မဟုတ်ဘဲ တိကျမှန်ကန်သည့် အချက်အလက်အခြေပြု (Data-driven) ဆုံးဖြတ်ချက်များကို ပိုမိုအသုံးပြုဆောင်ရွက်လာကြကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရန်အတွက် တိကျမှန်ကန်သော စာရင်းအင်းအချက်အလက်များ ရရှိခြင်းနှင့် ထိုအချက်အလက်များကို နည်းပညာဖြင့် စနစ်တကျ ခွဲခြမ်းစိတ်ဖြာနိုင်ခြင်းသည် အလွန်အရေးကြီးကြောင်း၊ သို့ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် တိကျမှန်ကန်သော ကိန်းဂဏန်းအချက်အလက်များကို အခြေခံ၍ သုတေသနလုပ်ငန်းများ၌ နည်းပညာကို လက်တွေ့အသုံးချဆောင်ရွက်ကြရန်၊ အချက်အလက်အခြေပြု စီမံခန့်ခွဲမှုများကို တိုးမြှင့်ဆောင်ရွက်သွားကြရန်နှင့် သင်တန်းမှ ရရှိခဲ့သော အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများကို မိမိတို့လုပ်ငန်းခွင်အတွင်း လုပ်ဖော်ကိုင်ဖက်များကို ပြန်လည်မျှဝေပေးပြီး တစ်ဦးနှင့်တစ်ဦး စုစည်းပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက သင်တန်းတွင် ဆုရရှိကြသူများအား ဆုများချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က သင်တန်းတွင်ပို့ချပေးခဲ့ကြသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ သင်တန်းနည်းပြဆရာ ဆရာမများအား သင်တန်းဆင်း အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယခုသင်တန်းသို့ ဘဏ္ဍာရေးနှင့်အခွန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအပါအဝင် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ အရာထမ်း၊ အမှုထမ်း ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၁) ၏ သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၆**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ၌ အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၁) ၏ သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါ တက္ကသိုလ်ရှိ နဝရတ်ခန်းမ၌ ကျင်းပရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ(ကိုယ်စား) ပါမောက္ခချုပ် ဦးကျော်စိုးက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် အဆင့်မြင့်အရာရှိကြီးများအနေဖြင့် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက် ပြည့်မီအောင်ဆောင်ရွက်သကဲ့သို့ ပြည့်မီရန်လိုအပ်သည့် ကိစ္စရပ်များအတွက် ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အစိုးရနှင့် ပြည်သူလူထုများအကြား ယုံကြည်မှု အခိုင်အမာတည်ဆောက်ပြီး ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယများနှင့် လက်တွဲပူးပေါင်း လုပ်ဆောင်ကြရန်လိုကြောင်း၊ တိုင်းပြည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဥမကွဲသိုက်မပျက် အချင်းချင်းစည်းလုံးညီညွတ်စွာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။





ယနေ့ဖြစ်ပျက်နေသည့် ကမ္ဘာ့နိုင်ငံရေးအခြေအနေကို မျက်ခြည်မပြတ်လေ့လာပြီး အားနည်းချက်များအပေါ် သင်ခန်းစာယူကာ မိမိတို့ နိုင်ငံ၏လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်သင့်သည့် အချက်များကို အဖြေရှာဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်၏ စီမံအုပ်ချုပ်မှုယန္တရားအတွင်း ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းရွက်ရုံသာမက စိတ်စေတနာကောင်းများ ပေါင်းစပ်ကာ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၆ ဦး၊ သင်တန်းသူ ၂၄ဦး စုစုပေါင်း ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲများကျင်းပ

**နေပြည်တော် မတ် ၂၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း သုံးကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၁၃ ကျောင်းတို့၌ သက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခဲ့ရာ စက်မှုကျောင်းများတွင် ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ၊ အိမ်တွင်းမှုသင်တန်းကျောင်းများတွင် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ၏ သင်တန်းဆင်းပွဲများအား ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ အောင်ပန်းမြို့ စက်မှုသင်တန်းကျောင်း၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် တက်ရောက် သင်တန်းဆင်းအမှာစကား ပြောကြားသည်။





အလားတူ သင်တန်းဆင်းပွဲများ ကျင်းပသည့် လွိုင်ကော်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးစိန်ဦး၊ ဘားအံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ မုဒုံမြို့အိမ်တွင်းမှုသင်တန်းကျောင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကျိုင်းတုံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်၊ လဟယ်မြို့အိမ်တွင်းမှုသင်တန်းကျောင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ ဘားအံမြို့စက်မှုသင်တန်းကျောင်းနှင့် မြိုင်ကြီးငူအိမ်တွင်းမှုသင်တန်းကျောင်းတို့တွင် ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးဝင်း၊ လပွတ္တာမြို့အိမ်တွင်းမှုသင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်စန်းချစ်၊ လပွတ္တာမြို့ စက်မှုသင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်၊ ဆိုက်ခေါင်အိမ်တွင်းမှုသင်တန်းကျောင်းတွင် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ တာချီလိတ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်မင်းထွန်းတို့ တက်ရောက်ခဲ့ကြပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များရှိ သင်တန်းကျောင်းများ၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီများမှ တာဝန်ရှိသူများ အသီးသီး တက်ရောက်ခဲ့သည်။

အဆိုပါသင်တန်းကျောင်းများတွင် ဖွင့်လှစ်သည့် သင်တန်းများသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀၈ ဦးဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ ၂၀၂၆ ခုနှစ် မတ် ၂၆ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ နေထိုင်စားသောက်ရေးနှင့် လက်တွေ့ခန်းသုံးပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာ အခမဲ့ ထောက်ပံ့ သင်ကြားပေးခဲ့ပြီး သင်တန်းထူးချွန်ဆု ရရှိသူများအား အပ်ချုပ်စက် တစ်စုံစီနှင့် သင်တန်းသား သင်တန်းသူများအတွက် သင်တန်းဆင်း အောင်လက်မှတ်များ အသီးသီးချီးမြှင့်ပေးခဲ့၍ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်များ အရစ်ကျရောင်းချပေးခြင်း၊ အလုပ်အကိုင် ရရှိရေးအတွက် မြို့ကြီးများရှိအထည်ချုပ်စက်ရုံများ၊ စက်မှုဇုန်၊ အလုပ်ရုံ၊ စက်ရုံများနှင့် ဟိုတယ်ဇုန်များတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရေး ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများတွင် ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့အချိန်အထိ စက်မှုကျောင်းများတွင် သင်တန်းသား သင်တန်းသူ ၇၀၅၈ ဦးနှင့် အိမ်တွင်းမှုသင်တန်းကျောင်းများတွင် သင်တန်းသား သင်တန်းသူ ၉၈၁၄၈ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နွေရာသီ အခြေခံရေကူးသင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၆**

ရေကူးအားကစားအဆင့်အတန်းပိုမိုဖွံ့ဖြိုးတိုးတက် လာစေရေး၊ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် ရေကူးအားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် အရေးကြုံက သက်လုံကောင်းစေရေးတို့အတွက် ရည်ရွယ်ဖွင့်လှစ်သည့် နွေရာသီ အခြေခံရေကူးသင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ရေကူးကန်၌ ကျင်းပခဲ့သည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေး၊ အားကစားနည်းအလိုက် မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေး၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိစေရေးနှင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရေးတို့အတွက် အားကစားကဏ္ဍနှင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် နွေရာသီ ကျောင်းပိတ်ရက်တွင် အားကစားနှင့်ကာယပညာဦးစီးဌာန အစီအစဉ်ဖြင့် နွေရာသီ အခြေခံရေကူးသင်တန်းများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်၊ ရန်ကုန်မြို့ရှိ ဦးဝိစာရရေကူးကန်နှင့် မြောက်ဒဂုံရေကူးကန်တို့တွင် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အားကစားနှင့်ကာယပညာကော်မတီများနှင့် ပူးပေါင်းပြီး တစ်ပြည်လုံး အတိုင်းအတာဖြင့် နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်ပေးခြင်းသည် အနာဂတ်မျိုးဆက်သစ် လူငယ်များ၏ ကျန်းမာကြံ့ခိုင်မှု မြင့်မားလာစေခြင်းအပြင် ပြည်သူလူထုတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါ ဝင်စားလာစေရေး၊ နွေရာသီ ကျောင်းပိတ်ရက်များတွင် ကျောင်းသားလူငယ်များ အားကစားနည်း အခြေခံများကို လေ့လာလိုက်စားခြင်းဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးပြုတတ်လာစေရေး၊ ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေးမြင့်မားသည့် အားကစားမောင်မယ်များ ထွက်ပေါ်လာစေရေးတို့ကို ရည်ရွယ်ပြီး ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ အားလပ်ချိန်တွင် ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်စေရေးနှင့် ရေကူးအားကစားနည်းကို အရှိန်အဟုန်မြှင့် ဆက်လက်လေ့ကျင့်နိုင်စေရန် ဝဏ္ဏသိဒ္ဓိ ရေကူးအသင်းကို ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် နည်းစနစ်နှင့် ကျွမ်းကျင်မှုများကို အခြေခံ၍ အဆင့်မြင့် အားကစား ပညာရပ်များကို ဆက်လက် လေ့လာလိုက်စားပြီး နိုင်ငံတကာ ရေကူးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်၍ ဆုတံဆိပ်များ ရယူပေးနိုင်ပြီး နိုင်ငံ့ဂုဏ်မြှင့်တင်ပေးနိုင်သည့် ရေကူးအားကစားသမားများဖြစ်အောင် ဆက်လက် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားသည်။



ထို့နောက် အသက်(၁၆)နှစ်အထက် အမျိုးသား/အမျိုးသမီး နွေရာသီ အခြေခံရေကူး သင်တန်းပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် သင်တန်းသား သင်တန်းသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့် အမှတ်တရ ဂုဏ်ပြု လက်ဆောင်များကို ဒုတိယဝန်ကြီး ဦးထိန်လင်းက လည်းကောင်း၊ အသက်(၁၂)နှစ်အထက် အမျိုးသား/အမျိုးသမီး နွေရာသီ အခြေခံရေကူးသင်တန်း ပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် သင်တန်းသား သင်တန်းသူများအား တစ်ဦးချင်းဆုတံဆိပ်၊ အမှတ်တရ ဂုဏ်ပြုလက်ဆောင်များနှင့် သင်တန်းနည်းပြ ဆရာများအား ဂုဏ်ပြုချီးမြှင့်ငွေများကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးက လည်းကောင်း၊ အသက်(၁၂)နှစ်အောက် အမျိုးသား/အမျိုးသမီး နွေရာသီ အခြေခံရေကူးသင်တန်း ပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် သင်တန်းသား သင်တန်းသူများအား တစ်ဦးချင်း ဆုတံဆိပ်နှင့်အမှတ်တရ ဂုဏ်ပြု လက်ဆောင်များကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှမင်းထွန်းက လည်းကောင်း၊ နွေရာသီ အခြေခံရေကူးသင်တန်း သက်တမ်းအလိုက် အမျိုးသား/အမျိုးသမီး ပြိုင်ပွဲများတွင် ပထမဆုရရှိခဲ့သည့် သင်တန်းသား သင်တန်းသူများအား ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် အခမဲ့ရေကူးခွင့် Member Card များကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးက လည်းကောင်း ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူများ၏ သရုပ်ပြရေကူးနေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ရွှေကြာပင် အားကစားရုံ၌ ကျင်းပသည့် နွေရာသီ အခြေခံအားကစား သင်တန်း ဖွင့်ပွဲတက်ရောက်သည်။

သင်တန်းဖွင့်ပွဲတွင် နေပြည်တော် အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးက အမှာစကားပြောကြားပြီး နွေရာသီ အခြေခံအားကစားသင်တန်းကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သင်တန်းတက်ရောက်ကြမည့် အားကစားနည်းအလိုက် သင်တန်းသား သင်တန်းသူများက အားကစားသစ္စာအဓိဋ္ဌာန်ကို သံပြိုင်ရွတ်ဆိုကြပြီး အားကစားသရုပ်ပြအဖွဲ့များဖြစ်သည့်မြန်မာ့သိုင်း၊ တိုက်ကွမ်ဒို၊ ဝူရှူးနှင့် ရိုးရာခြင်းလုံးအားကစားအဖွဲ့တို့က သရုပ်ပြသကြကာ တာဝန်ရှိသူများက သရုပ်ပြအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ပြည်ထောင်စုနယ်မြေ မြို့နယ် ရှစ်မြို့နယ်တို့အတွက် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် မတ် ၂၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၅)ကြိမ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အခမ်းအနားကျင်းပ

**ဒါကာ မတ် ၂၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၅)ကြိမ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ အခမ်းအနားကို မတ် ၂၆ ရက်တွင် ခမ်းနားထည်ဝါစွာ ကျင်းပသည်။

အဆိုပါ လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ စစ်ရေးပြအခမ်းအနားသို့ ဘင်္ဂလားဒေ့ရှ်သမ္မတ မိုဟာမက် ရှာဟာဘူဒင် တက်ရောက်ခဲ့သည်။ အခမ်းအနားသို့ ဝန်ကြီးချုပ် တာရစ်ခ် ရာ့ရှ်မန်နှင့် အစိုးရအဖွဲ့ဝင်များ၊ အစိုးရနှင့် စစ်ဘက်ဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ၊ နိုင်ငံတကာ သံအမတ်ကြီးများနှင့် ပြည်တွင်းပြည်ပ ဧည့်သည်တော်များလည်း တက်ရောက်ခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၁၉၇၁ ခုနှစ် မတ် ၂၆ ရက် အရုဏ်တက်အချိန်တွင် ထုတ်ပြန်ခဲ့သော လွတ်လပ်ရေးကြေညာစာတမ်းကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် မတ် ၂၆ ရက်ကို လွတ်လပ်ရေးနေ့အဖြစ် သတ်မှတ်ကျင်းပခြင်းဖြစ်သည်။ အခမ်းအနားတွင် အမျိုးသားအထိမ်းအမှတ်ဗိမာန်သို့ လာရောက်၍ စစ်ပွဲအတွင်း ကျဆုံးခဲ့သည့် သူရဲကောင်းများအား အလေးပြုခဲ့ကြသည်။

လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ အထိမ်းအမှတ်အနေဖြင့် ဘာသာရေးဆိုင်ရာ နေရာများတွင် အထူးဆုတောင်းပွဲများ ပြုလုပ်ခဲ့ကြသည်။ ထို့အပြင် တစ်နိုင်ငံလုံးရှိ အစိုးရဆေးရုံများ၊ အကျဉ်းထောင်များ၊ ပြန်လည်ထူထောင်ရေးစင်တာများ၊ မိဘမဲ့ဂေဟာများ၊ မသန်စွမ်းဂေဟာများ၊ ဘိုးဘွားရိပ်သာများနှင့် ကလေးထိန်းကျောင်းများတွင်လည်း အထူးစတုဒိသာ ကျွေးမွေးမှုများကို စီစဉ်ဆောင်ရွက်ခဲ့ကြသည်။



**ဆင်ဟွာ**



နီပေါနိုင်ငံ အောက်လွှတ်တော်ကိုယ်စားလှယ်များ ကျမ်းသစ္စာကျိန်ဆိုစဉ်။ ဓာတ်ပုံ - ခတ္တာမန္ဒူပို့စ်

# နီပေါနိုင်ငံ၏ လွှတ်တော်သက်တမ်းသစ်အတွက် ရွေးကောက်ခံကိုယ်စားလှယ်များ ကျမ်းသစ္စာကျိန်ဆို

**ခတ္တာမန္ဒူ မတ် ၂၆**

နီပေါနိုင်ငံ၏ အောက်လွှတ်တော် သက်တမ်းသစ် အတွက် ရွေးကောက် တင်မြှောက်ခံရသည့် လွှတ်တော် ကိုယ်စားလှယ်များသည် ဆင်ဂါဒါဘာ အုပ်ချုပ်ရေးစုပေါင်းရုံးအတွင်း မတ် ၂၆ ရက်တွင် ကျမ်းသစ္စာ ကျိန်ဆိုကြသည်။

အဆိုပါ ကျမ်းသစ္စာကျိန်ဆိုပွဲတွင် နီပေါကွန်ဂရက်ပါတီမှ ဝါရင့်လွှတ်တော်အမတ် အာဂျွန်နာဆင်းဂ် ကေစီ ဦးဆောင်ကာ လွှတ်တော်ကိုယ်စားလှယ်များကို ကျမ်းသစ္စာကျိန်ဆိုပေးခဲ့ခြင်းဖြစ်သည်။ ၎င်းကိုယ်တိုင်မှာမူ မတ် ၂၅ ရက်ကတည်းက နီပေါသမ္မတ ရမ်ချန်ဒရာပူဒယ်ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး ဖြစ်သည်။

ယခုအကြိမ် ကျမ်းသစ္စာကျိန်ဆိုပွဲတွင် ထူးခြားချက်အနေဖြင့် လွှတ်တော်အမတ် စုစုပေါင်း ၆၃ ဦးသည် နီပေါရုံးသုံးဘာသာစကားကို အသုံးမပြုဘဲ ၎င်းတို့၏ မိခင်ဘာသာစကားများဖြင့် ကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြသည်။ ပြီးခဲ့သည့် မတ် ၅ ရက်က ကျင်းပခဲ့သော ပါလီမန်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ခြောက်ခုနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်တစ်ဦးတို့က အောက်လွှတ်တော် အမတ်နေရာများကို အသီးသီး အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အဖွဲ့ဝင် ၂၇၅ ဦးပါဝင်သော နီပေါလွှတ်တော်တွင် ရက်စ်ထရီရာ ဆွာတန်ထရာပါတီသည် အမတ်နေရာ ၁၈၂ နေရာဖြင့် အင်အားအကြီးဆုံးပါတီအဖြစ် ထွက်ပေါ်လာခဲ့သည်။ ယခုကျင်းပပြီးစီးခဲ့သည့် ကျမ်းသစ္စာ ကျိန်ဆိုပွဲသည် နီပေါနိုင်ငံ၏ ပါလီမန် သက်တမ်းသစ်ကို တရားဝင်စတင်လိုက်ခြင်းလည်းဖြစ်သည်။ **ဆင်ဟွာ**

# ဆိုနီနှင့် ဟွန်ဒါတို့ ဖက်စပ်လုပ်ကိုင်သည့် လျှပ်စစ်ကားဖွံ့ဖြိုးရေးလုပ်ငန်း ရပ်ဆိုင်း

**တိုကျို မတ် ၂၆**

ဆိုနီအုပ်စုနှင့် ဟွန်ဒါ ကားကုမ္ပဏီတို့ ပူးပေါင်းလုပ်ဆောင်သည့် လျှပ်စစ်ကား စတင်ရောင်းချခြင်းနှင့်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ရပ်ဆိုင်းသွားတော့မည်ဖြစ်သည်။

ဆိုနီ ဟွန်ဒါ ကားထုတ်လုပ်မှုတွင် ၎င်းတို့၏ ပထမဆုံး လျှပ်စစ်ကား မော်ဒယ်ဖြစ်သည့် Afeela1 ကို ထုတ်လုပ်နေပြီး အဆိုပါ မော်ဒယ်တွင် အအေးခိုင်အေးဂျင့်နှင့် အဆင့်မြင့်ယာဉ်မောင်းနှင်မှုဆိုင်ရာ ထောက်ပံ့မှုစနစ်တို့ ပါဝင်သည်။ ယင်းလျှပ်စစ်ကားမော်ဒယ်သစ်ကို အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ်တွင် ထုတ်လုပ်ပြီး ၂၀၂၆ ခုနှစ်တွင် ကယ်လီဖိုးနီးယားသို့ တင်ပို့ရန် စီစဉ်ခဲ့သည်။

ထို့နောက် လာမည့်နှစ်ဝက်တွင် ဂျပန်နိုင်ငံသို့တင်ပို့ရန် စီစဉ်ခဲ့သည်။ မတ် ၂၅ တွင် ဆိုနီအုပ်စုနှင့် ဟွန်ဒါကုမ္ပဏီတို့သည် ၎င်းတို့၏ ဖက်စပ်လုပ်ငန်းကို ပြန်လည်သုံးသပ်မည်ဟု ကြေညာခဲ့သည်။ ဟွန်ဒါသည် ယခုလအစောပိုင်းတွင် ၎င်းတို့၏ လျှပ်စစ်ကားမူဝါဒကို ပြန်လည်သုံးသပ်နေသည့်အတွက် လက်ရှိဘဏ္ဍာနှစ်နှင့် နောက်ဘဏ္ဍာနှစ်များတွင် ဆုံးရှုံးမှုများကို တွက်ချက်ပြီးနောက် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇ ဘီလီယံအထိ ဆုံးရှုံးနိုင်သည်ဟု ပြောသည်။

မတ် ၂၅ ရက် ကြေညာချက်တွင် ဟွန်ဒါ၏ပြန်လည်အကဲဖြတ်မှုကြောင့် ဖက်စပ်လုပ်ငန်း၌ မူလက ဟွန်ဒါကုမ္ပဏီက ပံ့ပိုးပေးမည့်နည်းပညာနှင့် ပိုင်ဆိုင်မှုအချို့ကို အသုံးပြုနိုင်တော့မည် မဟုတ်ကြောင်း ဖော်ပြထားသည်။ အမေရိကန်အစိုးရ၏ မူဝါဒအပြောင်းအလဲများကြောင့် လျှပ်စစ်ကားဈေးကွက် အရှိန်လျော့ကျလျက်ရှိရာ ကားကုမ္ပဏီများသည် ၎င်းတို့၏ လျှပ်စစ်ကားထုတ်လုပ်ခြင်း မဟာဗျူဟာများကို ပြန်လည်သုံးသပ်ရန် ဖိအားများ ဖြစ်ပေါ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**





# ထိုင်းနိုင်ငံ၌ ဒီဇယ်နှင့် ဓာတ်ဆီ ထောက်ပံ့ကြေးများကို လျှော့ချရန် ရေနံလောင်စာရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ အတည်ပြု

**ဘန်ကောက် မတ် ၂၆**

ကမ္ဘာ့ရေနံဈေးနှုန်းများ ဆက်လက်မြင့်တက်နေချိန်တွင် လောင်စာဆီအမျိုးအစားအားလုံး တစ်လီတာလျှင် ၆ ဘတ် (အမေရိကန်ဒေါ်လာ ၀.၁၈ ဒေါ်လာခန့်) တိုးလာခဲ့သည့်အတွက် ထိုင်းနိုင်ငံ၏ ရေနံလောင်စာရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီသည် ဒီဇယ်နှင့်ဓာတ်ဆီအတွက် ထောက်ပံ့ကြေးများကို လျှော့ချရန် အတည်ပြုခဲ့သည်။

မတ် ၂၆ ရက်မှစတင် အကျိုးဝင်ခဲ့သည့် ဈေးနှုန်းညှိနှိုင်းမှုသည် နိုင်ငံတကာ လောင်စာဆီဈေးနှုန်းများ သိသိသာသာ မြင့်တက်စေခဲ့သည့် အရှေ့အလယ်ပိုင်း တင်းမာမှုများ မြင့်တက်နေချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

အဆိုပါ ပြုပြင်ပြောင်းလဲမှုသည် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာပြီဖြစ်သည့် အိမ်နီးချင်းနိုင်ငံများ၏ လောင်စာဆီဈေးနှုန်းများနှင့် ဈေးကွာဟမှုမရှိစေရန် ညှိနှိုင်းထားပေးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ဥပမာအားဖြင့် စင်ကာပူဈေးကွက်တွင် ဒီဇယ်ဈေးနှုန်းများသည် သိသိသာသာ မြင့်တက်လာခြင်းက ထိုင်းနိုင်ငံ၏ ပြည်တွင်းလောင်စာဆီ ဈေးနှုန်းအပေါ် ဖိအားဖြစ်စေခဲ့သည်။

လောင်စာဆီ ဈေးနှုန်းမြင့်တက်မှုမရှိအောင် ထိန်းသိမ်းထားခြင်းက နယ်စပ်ဖြတ်ကျော်မှောင်ခိုရောင်းဝယ်မှုနှင့် သိုလှောင်မှုအပေါ် စိုးရိမ်မှုများ မြင့်တက်လာစေပြီး နိုင်ငံတော်၏ သယံဇာတများကို ပိုမိုထိခိုက်စေနိုင်သည်ဟု အစိုးရခေါင်းဆောင်များက သတိပေးထားသည်။

ဆီဈေး တည်ငြိမ်အောင် ထိန်းပေးသည့် ရေနံလောင်စာရန်ပုံငွေမှ တစ်ရက်လျှင် ဘတ်ငွေ ၂ ဒသမ ၅ ဘီလီယံကျော်အထိ ထောက်ပံ့ကြေး စရိတ်များကို စိုက်ထုတ် ထောက်ပံ့ပေးနေရသည့်အတွက် ၎င်း၏ ဘဏ္ဍာရေးအခြေအနေအပေါ် ဖိအားပေးသကဲ့သို့ဖြစ်နေသဖြင့် ရေရှည်တွင် ဈေးနှုန်းထိန်းချုပ် စီမံခန့်ခွဲနိုင်ရန် သက်ဆိုင်ရာ အာဏာပိုင်များက စီမံဆောင်ရွက်လျက်ရှိသည်။

**ဆင်ဟွာ**



# ဂျီဘူတီကမ်းရိုးတန်း၌ သင်္ဘောတိမ်းမှောက်မှုကြောင့် ၄၅ ဦး ပျောက်ဆုံး

**ဂျီဘူတီစီးတီး မတ် ၂၆**

ဂျီဘူတီကမ်းရိုးတန်း၌ ရွှေ့ပြောင်းနေထိုင်သူများ လိုက်ပါလာသည့် သင်္ဘောတိမ်းမှောက်မှုကြောင့် ကိုးဦးခန့် သေဆုံးပြီး ၄၅ ဦးပျောက်ဆုံးခဲ့သည်ဟု အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများ အဖွဲ့အစည်းက မတ် ၂၆ ရက်တွင် ပြောသည်။

ဂျီဘူတီကမ်းရိုးတန်း၌ မတ် ၂၄ရက်ညပိုင်းက သင်္ဘောတိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လိုက်ပါလာသူ ၃၂၀ ရှိသည့်အနက် ကိုးဦးသေဆုံးကာ ၄၅ ဦး ပျောက်ဆုံးနေသည်ဟု အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများ အဖွဲ့အစည်းက လူမှုကွန်ရက်မီဒီယာတွင် သတင်းထုတ်ပြန်ခဲ့သည်။

အသက်ရှင်ကျန်ရစ်သူများကို ကယ်တင်ရန်၊ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန် ကုလသမဂ္ဂရွှေ့ပြောင်းနေထိုင်သူများအေဂျင်စီက ဒေသအာဏာပိုင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယခုဖြစ်ပွားခဲ့သည့် ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်သည် ဂျီဘူတီနိုင်ငံ၏ ပင်လယ်နီကမ်းရိုးတန်းတစ်လျှောက် ကြောက်မက်ဖွယ် မတော်တဆဖြစ်ပွားမှုများထဲမှ တစ်ခုဖြစ်သည်။ **ဆင်ဟွာ**



# တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

**ဘားအံ မတ် ၂၆**

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မတ် ၂၆ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ အမှတ်(၄) ရပ်ကွက်ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၂၃ ဦးအနက် ၂၂ ဦး တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးနှင့် အခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် ပြည်နယ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီများ ဖွဲ့စည်းနိုင်ရေးအတွက် ကြေညာခဲ့ပြီး ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ယင်းကော်မတီများ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူခဲ့ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးနှင့် အခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် ပြည်နယ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာစိစစ်ရေးကော်မတီများ၏ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူခဲ့ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ကြေညာခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

**မန္တလေး မတ် ၂၆**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို မတ် ၂၆ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၇၂ ဦး၊ လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သတင်းမီဒီယာသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီနှင့် လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးဆိုင်ရာ ကော်မတီများ ဖွဲ့စည်းရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ယင်းကော်မတီများအား ဖွဲ့စည်းရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်တို့၏ အမည်စာရင်းများကို လွှတ်တော်သို့တင်ပြသည်။ ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်က ၎င်းကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ကော်မတီ ဖွဲ့စည်းခြင်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းကို ပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ပေးပို့လာသည့်ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဖတ်ကြားပြီးလွှတ်တော်တွင် မှတ်တမ်းတင်သည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကိုရပ်နားပြီး အစည်းအဝေးတတိယနေ့ကို မတ် ၃၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

**တောင်ကြီး မတ် ၂၆**

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မတ် ၂၆ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်လွှတ်တော်ရုံး၌ ကျင်းပသည်။ **(ယာပုံ)**



အစီအစဉ်အရ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်က ပြည်နယ်လွှတ်တော်သို့ တက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ် ၉၉ ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၃၃ ဦး စုစုပေါင်းလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၁၃၂ ဦး ရှိသည့်အနက် ၁၂၈ ဦး တက်ရောက်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၉၇ ရာခိုင်နှုန်းရှိသည့်အတွက် ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန်က ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းတင်ပြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် ကော်မတီဥက္ကဋ္ဌအဖြစ် ဟိုပုံးမြို့နယ်ကိုယ်စားလှယ် အမှတ် ၂၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒီဂေါလ်၊ အတွင်းရေးမှူးအဖြစ်မိုင်းယန်းမြို့နယ် ကိုယ်စားလှယ်အမှတ် ၁၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်းပါ အဖွဲ့ဝင် ၁၂ ဦး၏အမည်စာရင်းကိုပြည်နယ်လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ဆက်လက်ပြီး ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းတင်ပြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် ကော်မတီဥက္ကဋ္ဌအဖြစ် မောက်မယ်မြို့နယ်ကိုယ်စားလှယ် အမှတ် ၁၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဟန်သိန်းဦး၊ အတွင်းရေးမှူးအဖြစ် မိုးမိတ်မြို့နယ်ကိုယ်စားလှယ် အမှတ် ၂၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကျော်ပါ အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ဆက်လက်ပြီး ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းတင်ပြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့်ကော်မတီဥက္ကဋ္ဌအဖြစ် လားရှိုးမြို့နယ်ကိုယ်စားလှယ် အမှတ် ၂၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်အောင်ဆွေ၊ အတွင်းရေးမှူးအဖြစ် မိုင်းတုံမြို့နယ် ကိုယ်စားလှယ် အမှတ် ၁၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောမူးလာပါ အဖွဲ့ဝင်ခြောက်ဦး၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ဆက်လက်ပြီး ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းတင်ပြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် ကော်မတီဥက္ကဋ္ဌအဖြစ် ရပ်စောက်မြို့နယ်ကိုယ်စားလှယ် အမှတ် ၁၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်၊ အတွင်းရေးမှူး မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ် ၂၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထင်အောင်နိုင်ပါ အဖွဲ့ဝင် ၁၁ ဦး၏အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို မတ် ၃၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# စိုက်ပျိုးရေးတိုးတက်ဖို့ နည်းပညာနဲ့ စုပေါင်းစို့ - (၁၀၈)ကြိမ်မြောက် မှတ်တိုင်ဆီသို့

**မြန်မာနိုင်ငံ၏ စီးပွားရေးမဏ္ဍိုင်သည် စိုက်ပျိုးရေးကဏ္ဍဖြစ်သောကြောင့် စိုက်ပျိုးရေးနှင့်ပတ်သက်ဆက်နွယ်နေသူများအားလုံး၏ ဟန်ချက်ညီသော အရွေ့များသည် အဆိုပါကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလုပ်ဆောင်နေသည့် မောင်းနှင်အားများ ဖြစ်ပါသည်။**

ဒေါက်တာပပဝင်း

စိုက်ပျိုးရေးကဏ္ဍ၏ အသက်သွေးကြောမှာ ခေတ်မီနည်းပညာများကို လက်တွေ့အသုံးချနိုင်စွမ်းဖြစ်ခြင်းကြောင့် စိုက်ပျိုးရေးဖြင့် အသက်မွေးကြသည့် တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်သန်၍ တောင်သူ၊ ပညာရှင်၊ လုပ်ငန်းရှင်၊ ကုန်သည်ပွဲစား စသည့် အားလုံးပါဝင်သော အသိပညာနီးနှောဖလှယ်ပွဲများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး (စိုက်ပျိုးရေး)မှ ဦးဆောင်ပြီး ၅-၈-၂၀၂၃ ရက်နေ့မှစတင်၍ အပတ်စဉ်စနေနေ့တိုင်း စနစ်တကျ အစီအမံများချမှတ်ကာ ဆောင်ရွက်ခဲ့ကြသည်မှာ ၂၈-၃-၂၀၂၆ ရက်နေ့တွင် (၁၀၈)ကြိမ်မြောက်သို့ ရောက်ရှိတော့မည် ဖြစ်ပါသည်။

ဆွေးနွေးပွဲများသည် စာတွေ့ပညာရပ်များကို လက်တွေ့မြေပြင်နှင့် ပေါင်းကူးပေးရုံသာမက စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ကြုံတွေ့ရသည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်သော အသိပညာဗဟုသုတ ဘဏ္ဍာတိုက်ကြီးသဖွယ်ဖြစ်လာခဲ့ရာ ကျင်းပပြုလုပ်ခဲ့သည့် တောင်သူနည်းပညာ ဆွေးနွေးပွဲများအနက် အချို့အား ခြုံငုံတင်ပြမည်ဆိုပါက–

**တောင်သူနည်းပညာပေးဆွေးနွေးပွဲ**

တောင်သူနည်းပညာပေးဆွေးနွေးပွဲ (Farmer Technical Forum) ဆိုသည်မှာ တောင်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့် စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲပြဿနာများကို စုပေါင်း ညှိနှိုင်းပေါင်းစပ်ဖြေရှင်းနိုင်ရေးအတွက် အသိပညာ၊ ဗဟုသုတများနှင့် အလေ့အကျင့်ကောင်းများ ဖလှယ်နိုင်ရန် ဆောင်ရွက်သည့် ဆွေးနွေးမှုပလက်ဖောင်းတစ်ခု ဖြစ်ပါသည်။ တောင်သူနည်းပညာဆွေးနွေးပွဲများ ကျင်းပရသည့်ရည်ရွယ်ချက်မှာ ပညာရှင်များ လေ့လာသိရှိထားသည်များနှင့် တောင်သူတို့၏ အတွေ့အကြုံများအကြား "အကြားအလပ်မရှိ" အပြန်အလှန်မျှဝေခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနေသည့် အဟန့်အတားပြဿနာများအပေါ် လက်တွေ့အသုံးချနိုင်သော နည်းပညာဖြေရှင်းချက်များ ရရှိစေရန်ဖြစ်ပါသည်။

**မျိုး၊ မြေ၊ ရေ၊ နည်းဆိုင်ရာ**
**တောင်သူနည်းပညာပေးဆွေးနွေးချက်များ**

ဆွေးနွေးပွဲပေါင်း (၁၀၇)ကြိမ်၌ စိုက်ပျိုးရေးတွင် အခြေခံအကျဆုံးဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းဆိုင်ရာဆွေးနွေးချက်များအပါအဝင် အဆိုပါအခြေခံအကြောင်းတရားများအပေါ် စီမံထိန်းကျောင်းဆောင်ရွက်ရသည့် ငွေကြေးအစီအမံများ၊ ဥပဒေမူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့် သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့စေမည့် ဂေဟစနစ်ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးခဲ့ကြခြင်းဖြစ်ပါသည်။

ဆွေးနွေးပွဲများတွင် တောင်သူ၊ ပညာရှင်နှင့် လုပ်ငန်းရှင်တို့သည် online/ in person တို့ဖြင့် တက်ရောက်ခဲ့ကြရာ စုစုပေါင်း တက်ရောက်သူ ၂၂၈၁၄ ဦးရှိခဲ့ပါသည်။ ဆွေးနွေးပွဲများတွင် တင်ပြခဲ့သော Power Point တင်ပြချက်များကို ပြည်နယ်နှင့်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးရုံးများသို့ Email ဖြင့် ဖြန့်ဝေခဲ့ပြီး www.dar.gov.mm တွင် Upload ပြုလုပ်ထားသောကြောင့် စိတ်ပါဝင်စားသူများ ဝင်ရောက်လေ့လာနိုင်ပါသည်။ အဓိကမျှဝေဆောင်ရွက်ခဲ့သည်များမှာ လယ်ယာလုပ်ငန်း အတွေ့အကြုံများ ရင်ဆိုင်နေရသော အခက်အခဲများ ဆွေးနွေးခြင်း၊ နည်းပညာအသစ်များ လေ့လာခြင်းနှင့် ကျွမ်းကျင်သူများနှင့်ပူးပေါင်း၍ အဖြေရှာခြင်းတို့ပင်ဖြစ်ပါသည်။

စိုက်ပျိုးရေးဆိုင်ရာ သုတနှင့်နည်းပညာ ပြန့်ပွားရေးနည်းလမ်းများစွာရှိသည့်အနက် တောင်သူပူးပေါင်းပါဝင်သော နည်းပညာပြန့်ပွားရေးနည်းလမ်းသည် ခေတ်မီနည်းပညာပြန့်ပွားရေး နည်းလမ်းတစ်ရပ်ဖြစ်သည်။ တောင်သူလယ်သမားများကို သုတေသနနှင့် နည်းပညာ ပြန့်ပွားရေး လုပ်ငန်းများ၏ ဗဟိုအဖြစ်ထားရှိကာ တက်ကြွစွာ ပူးပေါင်းပါဝင်စေခြင်း ဖြစ်ပါသည်။

**အောင်နိုင်တိုးစပါးမျိုး၏ အရည်အချင်းလက္ခဏာများ**

| | | |
|---|---|---|
| ၁။ | အသက်ရက် | - ၁၂၀ |
| ၂။ | မိဘမျိုးလိုင်း | - SAT15R/MR219//IRRI154/IR10L139/// SAT15R/MR219//Shwe Thwe Yin/Sin akari-3 |
| ၃။ | အပင်အမြင့် (စမ) | - ၁၁၅ |
| ၄။ | အနံ့ပါပင်ပွား | - ၁၃ |
| ၅။ | တစ်နှံပါသီးလုံး | - ၁၈၀ |
| ၆။ | အောင်စေ့ ရာခိုင်နှုန်း | - ၉၀ |
| ၇။ | အစေ့(၁၀၀၀)အလေးချိန် (ဂရမ်) | - ၂၃ |
| ၈။ | အမိုင်းလို့စ်ရာခိုင်နှုန်း | - ၂၁ |
| ၉။ | ဆန်ထွက်ရာခိုင်နှုန်း | - ၆၀ |
| ၁၀။ | စပါးမျိုးအုပ်စု | - ညှော်မထ |
| ၁၁။ | အထွက်နှုန်း (တင်း/ဧက) | - ၁၄၀-၁၅၀ |
| ၁၂။ | ထူးခြားသည့်လက္ခဏာ | - အထွက်ကောင်းခြင်း၊ စားသုံးမှုကောင်းခြင်း၊ ဆန်သားကြည်၍ ဆန်လုံးရှည်သွယ်ခြင်း၊ ဂုတ်ကျိုးရောဂါဒဏ်ခံနိုင်ခြင်း၊ ဖြုတ်ညိုပိုးဒဏ်ခံနိုင်ခြင်း၊ မြေဩဇာတုန့်ပြန်မှုကောင်းခြင်း။ |



**အဓိကထားသည့်အချက်များ**

လယ်သမားများကို သုတေသနနှင့် တိုးတက်ရေးလုပ်ငန်းများတွင် အဓိကပါဝင်ဆောင်ရွက်သူများအဖြစ် သတ်မှတ်ထားခြင်း၊ လယ်သမားများနှင့် ပညာရှင်များ အတူတကွ မေးခွန်းထုတ်ခြင်း၊ စမ်းသပ်ခြင်း၊ လေ့လာခြင်းနှင့် ရလဒ်များကို ဆွေးနွေးသုံးသပ်ခြင်း၊ ဒေသအခြေအနေနှင့်ကိုက်ညီသောနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ လယ်သမားများ၏ ဆုံးဖြတ်နိုင်စွမ်းနှင့် ပြဿနာဖြေရှင်းနိုင်စွမ်းမြှင့်တင်ပေးခြင်း၊ လယ်သမားအချင်းချင်း အတွေ့အကြုံနှင့် နည်းပညာများ မျှဝေဖလှယ်နိုင်စေခြင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးတိုးတက်မှုကို အားပေးခြင်းတို့ပင်ဖြစ်ပါသည်။

**မျိုး**
**မျိုးကောင်း၊ မျိုးသန့်နှင့် မျိုးစေ့စီရင်ခြင်း**

"မျိုး"သည် စိုက်ပျိုးရေးအတွက် အခြေခံအကျဆုံး ယူနစ်(unit) ဖြစ်ပါသည်။ "မျိုးစေ့မမှန် ပင်မသန် ဖူးတံငုံကင်းအသီးဖျင်း" ဆိုသည့်အတိုင်း မျိုးကောင်း၊ မျိုးသန့် ရရှိစိုက်ပျိုးနိုင်မှုမှာ အလွန်ပင်အရေးကြီးပါသည်။ မျိုးကောင်း၊ မျိုးသန့်ဟုဆိုရာတွင် မျိုးကောင်းတိုင်း မျိုးမသန့်နိုင်သလို မျိုးသန့်တိုင်းလည်း မျိုးကောင်းဟုမဆိုနိုင်ပေ။

**မျိုးကောင်းဆိုသည်မှာ –**

- ရေမြေဒေသ၊ ရာသီဥတုအလိုက် စိုက်ပျိုးဖြစ်ထွန်းနိုင်ခြင်း
- အထွက်ကောင်းခြင်း၊
- စားသုံးမှုကောင်းခြင်း၊
- ပိုး၊ ရောဂါနှင့် သဘာဝရေမြေရာသီဥတု ဒဏ်ခံနိုင်ခြင်း၊
- ဈေးကွက်ဝင် ဈေးကောင်းရနိုင်သည့် အရည်အချင်းလက္ခဏာများပါရှိခြင်း။

**မျိုးသန့်ဆိုသည်မှာ –**

ရုပ်သွင်ပြင်လက္ခဏာသန့်စင်ခြင်း (အခြားမျိုးကွဲ၊ ပေါင်းစေ့၊ အဖျင်းအမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ခြင်း)

- ကျန်းမာသန်စွမ်းခြင်း၊ အပင်ဖြစ်ထွန်းမှုကောင်းခြင်း၊
- မျိုးရိုးဗီဇမှန်ကန်ခြင်း (အပင်ညီညာခြင်း၊ ပန်းပွင့်ရက် ညီညာခြင်း၊ ပင်စည်၊ အကိုင်း၊ အရွက်၊ အသီး၊ အပွင့်ပုံသဏ္ဌာန် ကွဲလွဲမှုမရှိခြင်း)
- အစိုဓာတ်အများဆုံး (ဥပမာ– စပါးသီးနှံတွင် ၁၃ ရာခိုင်နှုန်း) ရှိခြင်း၊
- အပင်ပေါက်နှုန်းအနည်းဆုံး (၈၀ ရာခိုင်နှုန်း)အထက် ရှိခြင်း။

မိမိစိုက်ပျိုးမည့် မျိုးအကြောင်းကို သေချာစွာ သိရှိရန်အတွက် သတင်းအချက်အလက်များ ရယူရပါမည်။ ယခုအခါ တောင်သူများ မျိုးသန့်မျိုးစေ့ လုံလောက်စွာ အသုံးပြုနိုင်ရေးအတွက် တောင်သူကိုယ်တိုင် ပူးပေါင်းပါဝင်မျိုးစေ့ထုတ်သည့် လုပ်ငန်းစဉ်များ ဖွံ့ဖြိုးလာရန် လိုအပ်လျက်ရှိပါသည်။ မျိုးစေ့ပွားများထိန်းသိမ်းခြင်းများ ဆောင်ရွက်ရာတွင် ဥပမာ – စပါးသီးနှံဆိုလျှင် မိမိစိုက်ပျိုးသည့်မျိုး၏ အရည်အချင်းလက္ခဏာအမှန်ကို ကိုယ်စားပြုသည့် အပင်များမှ ခေါင်နှံ၊ အကောင်းဆုံးအနှံ ၁၅၀၀-၂၀၀၀ ခန့် သီးသန့်ရွေးချယ် စနစ်တကျ သိမ်းဆည်းပါက တစ်ဧက စိုက်ပျိုးနိုင်မည်ဖြစ်ပြီး နေကြာသီးနှံ (ပင်တည်းဝတ်မှုန်ကူး)ဆိုပါက အကောင်းဆုံး အပွင့် ၅၀၀ ကို သီးသန့်ခြွေလှေ့သိမ်းဆည်းပါက လေးဧကေ စိုက်ပျိုးနိုင်ပါသည်။ အလားတူ ပဲမျိုးစုံနှင့် အခြားသီးနှံများကိုလည်း တောင်သူများကိုယ်တိုင် မျိုးစေ့ထုတ်လုပ်ခြင်းများနှင့် မျိုးစေ့များကို စနစ်တကျ ပြာလှေ့သန့်စင်ပြီး မျိုးစေ့စီရင်သည့် နည်းလမ်းများကို အသုံးပြုသင့်ပြီး စိုက်ပျိုးရမည်ဖြစ်ပါသည်။ အထူးသဖြင့် ဝါသီးနှံဆိုလျှင် အမွေးချွတ်ထားသောဝါစေ့ကိုသာ မျိုးစေ့အဖြစ် စနစ်တကျ ပိုးမွှားရောဂါကာကွယ်ဆေးများ လူးနယ်စိုက်ပျိုးခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။







**မျိုးအသစ်များပြောင်းလဲလက်ခံစိုက်ပျိုးနိုင်ရေး**
**စပါးသီးနှံ**

စပါးသည် မြန်မာနိုင်ငံ၏ အဓိကစိုက်ပျိုးသီးနှံဖြစ်ပြီး နွေစပါး၊ မိုးစပါးစုစုပေါင်း စိုက်ဧက ၁၇ သန်းခန့်ရှိရာ စပါးစိုက်တောင်သူများ၏ မျိုးကောင်းမျိုးသန့် လိုအပ်ချက်မှာလည်း မြင့်မားလျက် ရှိပါသည်။ တောင်သူပူးပေါင်းပါဝင် မျိုးရွေးချယ်ခြင်းများ အပါအဝင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် အချို့သောအစိုးရဌာနများမှ မွေးမြူထုတ်လုပ်သည့် မျိုးအသစ်များကို တောင်သူများယုံကြည်စွာ လက်ခံလာရန် နည်းပညာပေးဆွေးနွေးပွဲများတွင် ဆွေးနွေးခဲ့ကြရာ တောင်သူများ မျိုးသစ်များကို ကျယ်ပြန့်စွာ လက်ခံစိုက်ပျိုးလာကြပါသည်။ နိုင်ငံတော်သီးနှံဖြစ်သည့် စပါးသီးနှံတွင် သက်လျင်၊ အထွက်ကောင်း၊ ဆန်သားကြည်လင်ပြီး စားသုံးမှုအရည်အသွေးကောင်း၊ ကုပ်ကျိုးရောဂါနှင့် ဖြုတ်ညိုဒဏ်ခံနိုင်ရည်ရှိသည့် အောင်နိုင်တိုးစပါးမျိုးသစ်၊ အထွက်ကောင်းပြီး ရာသီမရွေး စိုက်ပျိုးနိုင်သည့် ရေဆင်းပေါ်ဆန်း–၁၊ ရေဆင်းပေါ်ဆန်း – ၂ အစရှိသည့် စပါးမျိုးသစ်များ၊ အရည်အသွေးကောင်းစပါးများဖြစ်သည့် YKQR–01, YQR – 11၊ ရေအနည်းလိုစပါးမျိုးသစ်များဖြစ်သည့် ရေအနည်းလို–၇၊ ယာစပါး မျိုးသစ်များ၊ ရေမြုပ်ခံ၊ ရေနေခံစပါးမျိုးသစ်များကို တိုးချဲ့စိုက်ပျိုးလာကြသည်ကို တွေ့ရှိရပါသည်။ စပါးသီးနှံပန်းတိုင်အထွက်ရရှိရေးနည်းပညာများကို လိုက်ပါဆောင်ရွက်လုပ်ကိုင်စေမည့် နည်းပညာဖြန့်ဝေခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

**ပဲမျိုးစုံသီးနှံ**

ပဲမျိုးစုံသီးနှံကို မြန်မာနိုင်ငံ စုစုပေါင်းသီးနှံစိုက်ဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးလျက်ရှိပါသည်။ ပဲအမျိုးပေါင်းများစွာရှိသည့်အနက် အဓိကစိုက်ပျိုးသည့် ပဲ ၁၈ မျိုးခန့်ရှိပါသည်။ ၎င်းတို့မှာ ပဲတီစိမ်း၊ မတ်ပဲ၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲပုပ်၊ ပဲလွမ်း၊ ပဲကြီး၊ ပဲယဉ်း၊ စားတော်ပဲ၊ ထောပတ်ပဲ၊ စွန်တာနီ၊ စွန်တာပြာ၊ ပဲရာဇာ၊ မြေထောက်ပဲ၊ ပဲနောက်၊ ပဲကြား၊ ပဲဖြူလေး၊ ဗိုလ်ကိတ်ပဲနှင့် အခြားပဲမျိုးစုံ တို့ဖြစ်ကြသည်။ ပဲမျိုးစုံစုစုပေါင်းစိုက်ဧက၏ ၈၀ ရာခိုင်နှုန်းတွင် ပဲတီစိမ်း၊ မတ်ပဲ၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲပုပ်တို့ကို အဓိကစိုက်ပျိုးကြပါသည်။ ပဲသီးနှံသည် အသားဓာတ် (Protein) နှင့် အမျှင်ဓာတ်များ ကြွယ်ဝသောကြောင့် ကျန်းမာရေးအာဟာရတန်ဖိုးအရ အရေးပါသောသီးနှံဖြစ်သည်။

ပဲမျိုးအလိုက် အသားဓာတ် ပါဝင်မှုမှာ ပဲပုပ် (၃၆ ဒသမ ၄၉ ရာခိုင်နှုန်း) ၊ မတ်ပဲ (၂၅ ဒသမ ၂၁ ရာခိုင်နှုန်း)၊ ကုလားပဲ (၂၀–၂၅ ရာခိုင်နှုန်း)နှင့် ပဲတီစိမ်း (၂၁ ဒသမ ၆၀ ရာခိုင်နှုန်း) တို့ရှိကြပါသည်။ ပြည်ပပို့ကုန် ပဲမျိုးစုံ၏ ၅ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းခန့်ကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တင်ပို့လျက်ရှိပါသည်။ မျိုးရွေးချယ်စိုက်ပျိုးခြင်းနှင့် မျိုးစေ့စီရင်ခြင်းများနှင့်စပ်လျဉ်း၍လည်း ဒေသရေမြေနှင့်ကိုက်ညီပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်သောမျိုးများကို ရွေးချယ်ရန်နှင့် မျိုးစေ့ကို ရိုက်ဇိုဘီယမ်ဖြင့် လူးနယ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ပဲတီစိမ်းသီးနှံတွင် ရေဆင်း–၁၊

*စာမျက်နှာ ၁၇ သို့*

## (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးသီးမြို့ရှိ(၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံဖွင့်

**ကျေးသီး မတ် ၂၆**

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးသီးမြို့ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံရှေ့၌ ကျင်းပသည်။

**ကျေးဇူးတင်စကား ပြောကြား**

ဦးစွာ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က ဆေးရုံဖွင့်ပွဲ အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် တိုင်းရင်းဆေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်မြင့်က (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြ၍ မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

**အမွေးနံ့သာရည်များ ပက်ဖျန်း**

ဆက်လက်၍ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းအား အမွေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ရှမ်းအိုးစည်တိုးနယားအကအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေအား ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့်အဖွဲ့သည် ဆေးရုံအတွင်းရှိ လူနာများအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



*စာမျက်နှာ ၁၆ မှ*

ရေဆင်း-၉ အပါအဝင် ထုတ်ဝေပြီးမျိုးများအနက် အဝါရောင်မိုစေ့ ရောဂါဒဏ်ခံနိုင်ရည် ရှိသောမျိုးများဖြစ်သည့် ရေဆင်း-၁၁၊ ရေဆင်း-၁၄ နှင့် ရေဆင်း-၁၅ နှင့် ရေဆင်း-၁၆ တို့ကို ရွေးချယ်စိုက်ပျိုးသင့်ပါသည်။ ထုတ်ဝေပြီး မတ်ပဲမျိုးများဖြစ်သည့် ရေဆင်း- ၂၊ ရေဆင်း-၃၊ ရေဆင်း-၄၊ ရေဆင်း-၅၊ ရေဆင်း-၆၊ ရေဆင်း-၈ မျိုးများအနက် ရေဆင်း-၇ မတ်ပဲမျိုးသည် အဝါရောင်မိုစေ့ရောဂါဒဏ် ခံနိုင်ရည်ရှိသည့်မျိုးဖြစ်သည်။ ထို့အပြင် ပုလဲထွန်း ဟသ်ာတ/မိုးညိုလုံးကြီးတို့ကို တောင်သူများ စိုက်ပျိုးလျက်ရှိသည်။ ပဲစင်းငုံမျိုးများဖြစ်သည့် ရေဆင်း-၉၊ ရေဆင်း-၁၀ မျိုးများအပြင် မုံရွာ ရွှေဒင်္ဂါးမျိုးကို တောင်သူများ စိုက်ပျိုးလျက်ရှိပါသည်။ ထုတ်ဝေထားသည့် ကုလားပဲမျိုးများ ဖြစ်သော ရေဆင်း-၁၊ ရေဆင်း-၂၊ ရေဆင်း-၃၊ ရေဆင်း- ၄၊ ရေဆင်း-၅၊ ရေဆင်း-၆၊ ရေဆင်း- ၈၊ ရေဆင်း-၁၂ စသည့်မျိုးများကို တောင်သူများ လက်ခံစိုက်ပျိုးလျက်ရှိပါသည်။ အလားတူ ပဲပုပ်သီးနှံတွင် ရေဆင်း-၁၅၊ ရေဆင်း-၁၆ မျိုးများကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိပါသည်။

**ဆီထွက်သီးနှံများ**

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံများစိုက်ပျိုးမှုသည် စုစုပေါင်းသီးနှံစိုက်ဧရိယာ၏ ၂၅ ဒသမ ၉ ရာခိုင်နှုန်းခန့်ရှိပါသည်။ အဓိက ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတို့ကို မြန်မာနိုင်ငံ အလယ်ပိုင်းအပူပိုင်းဒေသ မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြပြီး ပန်းနှမ်းနှင့် ဆီမုန်ညင်းတို့ကို စစ်ကိုင်းတိုင်း၊ ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးကြပါသည်။ ဆီထွက်သီးနှံများကို စားသုံးဆီဖူလုံရေးနှင့် ဆီကြိတ်ရာမှရရှိလာသော ပဲဖတ်၊ နှမ်းဖတ်များကို တိရစ္ဆာန်အစာအဖြစ် သုံးစွဲနိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်ပါသည်။

**မြေပဲ**

မြေပဲသီးနှံသည် အဓိကစားသုံးဆီကို ထုတ်လုပ်သည့် သီးနှံဖြစ်သည့်အပြင် စားသောက်ကုန်လုပ်ငန်းများတွင်လည်း အသုံးပြုပါသည်။ အစေ့စားမြေပဲမျိုးများ၏ မြေပဲလုံးဆန်များကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ သက်လျင်၊ ရေငတ်ခံ၊ အထွက်ကောင်း ရွက်ပြောက်ရောဂါဒဏ်ခံမျိုးများနှင့် ပြည်ပဈေးကွက်ဝင် အစေ့စားမြေပဲမျိုးများကို တောင်သူများရွေးချယ်စိုက်ပျိုးနိုင်ရန် မျိုးများမွေးမြူထုတ်လုပ်ထားပြီးဖြစ်ပါသည်။ ပြည်တွင်းစားသုံးဆီအတွက် ဆီကြိတ်ရန်နှင့် မြေပဲနှင့်ပတ်သက်သည့် မုန့်ပဲသရေစာများပြုလုပ်ရာတွင် အသုံးပြုရန် သင့်တော်သည့် ဆင်းပဒေသာ-၆၊ ဆင်းပဒေသာ-၇၊ ဆင်းပဒေသာ-၁၁၊ ဆင်းပဒေသာ-၁၂၊ ဆင်းပဒေသာ-၁၆၊ မကွေး-၁၆ စသည့် မြေပဲမျိုးများသည် တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိသည့် မျိုးများဖြစ်ပါသည်။

**နှမ်း**

နှမ်းသီးနှံသည် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် နိုင်ငံခြားငွေရရှိရေးတို့အတွက် အရေးပါသည့် ဆီထွက်သီးနှံတစ်မျိုးဖြစ်ပါသည်။ မျိုးနှုန်းအနည်းငယ်သာလိုအပ်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုစရိတ်နည်းပါးခြင်း၊ စားသုံးဆီအဖြစ် လူကြိုက်များခြင်းတို့အပြင် ပြည်ပဈေးကွက်ဝင် သီးနှံလည်း ဖြစ်ပါသည်။ ထုတ်ဝေပြီး နှမ်းသီးနှံမျိုးများအနက် အထွက်နှုန်းကောင်းမွန်သော သက်လျင်နှမ်းမျိုးများဖြစ်သည့် ဆင်းရတနာ-၃၊ ဆင်းရတနာ-၄၊ ဆင်းရတနာ-၁၂၊ ဆင်းရတနာ-၁၄ နှင့် သိပ္ပံနှမ်းနက်စသည့်မျိုးများကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိပါသည်။

**နေကြာ**

နေကြာသီးနှံသည် ထုတ်လုပ်မှုစရိတ်သက်သာခြင်း၊ တစ်ဧကဆီထွက်နှုန်းကောင်းမွန်ခြင်းတို့ကြောင့် တိုးတက်ပွားများထုတ်လုပ်ရန် လိုအပ်သည့် သီးနှံလည်းဖြစ်ပါသည်။ နေကြာဆီသည် သွေးထဲတွင် ကိုလက်စထရောဖြစ်ပေါ်မှုကို အားမပေးသည့်အဆီ ပါဝင်မှုများသောကြောင့် စားသုံးဆီအဖြစ် လူကြိုက်များခြင်းဖြစ်ပါသည်။ ယခုအခါ တောင်သူများသည် ပြည်တွင်းထုတ် စပ်မျိုးနေကြာ ရေဆင်းစပ်မျိုးနေကြာ-၁နှင့် ပြည်ပနိုင်ငံများမှ တင်ပြသွင်းသည့် စပ်မျိုးနေကြာများ စိုက်ပျိုးသကဲ့သို့ သဘာဝဝတ်မှုန်ကူး နေကြာမျိုးဖြစ်သည့် ဆင်းရွှေကြာ-၂ နေကြာမျိုးကိုလည်း မျိုးရွေးချယ်၊ မျိုးစေ့ပွား၍ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးလျက်ရှိပါသည်။

**ပြောင်းဖူးသီးနှံ**

မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းသီးနှံကို နှစ်စဉ်ဧက ၁ ဒသမ ၄ သန်းခန့် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး အထွက်မှာ တန်ချိန်ပေါင်း ၂ ဒသမ ၃ သန်းခန့် စိုက်ပျိုးထွက်ရှိပါသည်။ အစေ့ထုတ်ပြောင်းသီးနှံ စိုက်ပျိုးဧကများအနက် ၈၅ရာခိုင်နှုန်းကျော်သည် စပ်မျိုးမျိုးစေ့များကို စိုက်ပျိုးခြင်းဖြစ်ရာ ထွက်ရှိလာသော အစေ့ထုတ်ပြောင်းစေ့များကို ပြည်တွင်း၌လိုအပ်သော တိရစ္ဆာန်စာအဖြစ် အသုံးပြုခြင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ပြောင်းသီးနှံသည် နှံစားသီးနှံများ၏ဘုရင်မ (Queen of Cereal) ဟု တင်စားရလောက်အောင်ပင် ရာသီဒေသမျိုးစုံတွင် လိုက်လျောညီထွေဖြစ်ထွန်းသည့် ဘက်စုံသုံး သီးနှံတစ်မျိုးဖြစ်ပါသည်။ တောင်သူများသည် ပြည်ပစပ်မျိုးပြောင်းများနှင့် ပြည်တွင်းထုတ်စပ်မျိုးပြောင်းများဖြစ်သည့် ရေဆင်းစပ်မျိုး-၁၀ (အဖူးကြီး၍ ဖက်လုံပြောင်းစေ့၊ အဖူးထိပ်ပြည့်၊ အူတိုင်သေး၊ ပြောင်းရွက်ခြောက် ရောဂါဒဏ်ခံနိုင်သောမျိုး)၊ ရေဆင်းစပ်မျိုး-၁၁ (အူတိုင်သေး၊ အစေ့ထွက်ရာနှုန်းကောင်း၊ ဖက်စရှည်၍ အဖူးထိပ်လုံ၊ အဖူးထိပ်အစေ့ပြည့်၊ လိမ္မော်ရောင်ထိပ်ခုံးအစေ့မျိုး)၊ ရေဆင်းစပ်မျိုး-၁၂ (အသက်လျင် အထွက်နှုန်းကောင်းမွန်သောမျိုး)နှင့် ရေဆင်းစပ်မျိုး-၁၄ (သက်လတ် အထွက်နှုန်းကောင်း၊ အစေ့ကြီး၊ ရေငတ်ဒဏ် အသင့်အတင့် ခံနိုင်ရည်ရှိသောမျိုး) တို့ကို စိုက်ပျိုးလျက်ရှိပါသည်။

**ဝါသီးနှံ**

မြန်မာနိုင်ငံတွင် ဝါသီးနှံသည် စက်မှုကုန်ကြမ်းသီးနှံများအနက်အရေးပါသည့် သီးနှံတစ်မျိုး ဖြစ်ပါသည်။ ဝါသီးနှံကို အဝတ်အထည်ဖူလုံရေးနှင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ဝါသီးနှံစိုက်ဧကငါးသိန်းကျော် ရှိပါသည်။ လက်ရှိတောင်သူများ စိုက်ပျိုးသည့်ဝါမျိုးများမှာ ရေတောင်-၈၊ ရွှေတောင်-၁၀၊ ငွေခြည်-၆၊ ငွေချည်-၉၊ ငွေချည်-၁၁၊ လိုင်း-၆၆ စသည့် မျိုးများနှင့် စပ်မျိုးဝါများကို ဒေသဖြစ်ထွန်းမှုအပေါ်မူတည်၍ ရွေးချယ်စိုက်ပျိုးလျက်ရှိပါသည်။ ဝါသီးနှံတွင် မျိုးစေ့စနစ် ထွန်းကားရန်အတွက် တောင်သူများကိုယ်တိုင် မျိုးစေ့ထုတ်ခြင်း၊ ဝါကြိတ်စက် အငယ်စားများဖြင့် မျိုးစေ့ကြိတ်ခွဲခြင်း၊ မျိုးစေ့ကို အမွေးချွတ်၍ သန့်စင်သော ဝါစေ့များကို စိုက်ပျိုးသည့်စနစ်ကျင့်သုံးရမည်ဖြစ်ပါသည်။ ထို့အပြင် အပင်ထိန်းချုပ်ဆေးများ အသုံးပြု၍ တစ်ကြိမ်တည်း ဝါကောက်သိမ်းနိုင်သည့် တစ်ဧက အပင်ဦးရေ ၃၅၀၀၀-၄၀၀၀၀ ဝင်ဆံ့သည့် အပင်ဦးရေစိပ်စိပ် (အပင်ကျပ်) စိုက်ပျိုးခြင်းများဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ဟင်းသီးဟင်းရွက်သစ်သီးဝလံ**

ဟင်းသီးဟင်းရွက်ကို နေ့စဉ်စားသုံးရမည်ဖြစ်ပြီး ကျန်းမာရေးအတွက် တစ်နေ့လျှင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ အနည်းဆုံး ၄၀၀ ဂရမ် (၂၅ ကျပ်သား) စားသုံးသင့်ပါသည်။ အာဟာရနှင့် ကျန်းမာရေးရှုထောင့်အရ ကြည့်မည်ဆိုပါက ဟင်းသီးဟင်းရွက်စားသုံးခြင်းသည် ကိုယ်ခံအားကို မြှင့်တင်ပေးပြီးရောဂါများကို ကာကွယ်ပေးနိုင်ပါသည်။

**အိမ်ခြံဥယျာဉ် စိုက်ပျိုးခြင်း**

အိမ်ခြံဥယျာဉ်စိုက်ပျိုးခြင်းသည် ရှေးအကျဆုံး စိုက်ပျိုးရေး ဂေဟစနစ်တစ်ခုဖြစ်သည့်အပြင် ဒေသအသီးသီး၏ ယဉ်ကျေးမှုအစိတ်အပိုင်းလည်း ဖြစ်ပါသည်။ ရင်းနှီးငွေအနည်းငယ်နှင့် မိသားစုလုပ်အားဖြင့် လွယ်ကူစွာ လုပ်ဆောင်နိုင်ပြီး နေ့စဉ် နှစ်ပေါက် မိသားစု အာဟာရလိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်ပါသည်။

**မြို့ပြနှင့်ကျေးလက် အိမ်ခြံဥယျာဉ် စိုက်ပျိုးရမည့်နည်းလမ်းများ**

မြို့ပြအိမ်ခြံဥယျာဉ်စိုက်ပျိုးခြင်းသည် မြေဧရိယာအကန့်အသတ်ရှိ၍ ဒေါင်လိုက်စိုက်ပျိုးခြင်း၊ အာဟာရဖျော်ရည်ဖြင့်စိုက်ပျိုးခြင်း၊ မြေငှားစိုက်ပျိုးခြင်းနှင့် ချိတ်ဆွဲစိုက်ပျိုးခြင်း အစရှိသည့် နည်းစနစ်များကိုအသုံးပြု၍ စိုက်ပျိုးလေ့ရှိပါသည်။ ကျေးလက်အိမ်ခြံဥယျာဉ် စိုက်ပျိုးခြင်းသည် မိမိတို့ပိုင်ဆိုင်သည့် မြေဧရိယာပေါ်တွင် အခြေခံအုပ်စု သုံးမျိုးဖြစ်သည့် အမြစ်စား၊ အသီးစား၊ အရွက်စားအမျိုးမျိုးတို့ကို သီးလှည့်၊ သီးရော၊ သီးညှပ်၊ အလင်းရောင်လိုအပ်ချက်ပေါ်မူတည်၍ သင့်တော်စွာ စိုက်ပျိုးသင့်ပါသည်။

**အိမ်ခြံဥယျာဉ် စိုက်ပျိုးခြင်း၏အကျိုးကျေးဇူးများ**

ရင်းနှီးငွေအနည်းငယ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း၊ ဆင်းရဲချမ်းသာမရွေး ဆောင်ရွက်နိုင်ခြင်း၊ လတ်ဆတ်ပြီးမျိုးစုံသည့် အိမ်စိုက်သီးနှံများရရှိနိုင်ခြင်း၊ အစားအစာအတွက် အသုံးပြုရမည့်ငွေ လျှော့ချနိုင်ခြင်း၊ ကိုယ်လက်လှုပ်ရှားဖြစ်၍ ကျန်းမာရေးအတွက် အထောက်အကူဖြစ်ခြင်း၊ စိတ်ကြည်နူးပျော်ရွှင်ခြင်း၊ ပိုလျှံသည်ကိုရောင်းချခြင်းဖြင့် မိသားစု အပိုဝင်ငွေရရှိခြင်း၊ ရေချွေတာခွဲဝေသုံးနိုင်ခြင်း၊ ဝီရိယရှိသည့် အလေ့အထများဖြစ်စေခြင်း၊ အစားအစာ အပင်များအပြင် ဆေးဖက်ဝင်အပင်များ၊ ဟင်းခတ်အမွှေးအကြိုင်နှင့် ပန်းအလှပင်များ ရရှိနိုင်ခြင်း၊ သစ်သီးပင်ကြီးဖြစ်ပါက အရိပ်ရခြင်း၊ ခြံစည်းရိုးအပင်အဖြစ်အသုံးပြုနိုင်ခြင်း၊ ကိုယ်တိုင်စိုက်ပျိုးသည့် သီးနှံဖြစ်သောကြောင့် လုံခြုံစိတ်ချစွာ စားသုံးနိုင်ခြင်းအစရှိသည့် အကျိုးကျေးဇူးများရရှိနိုင်ပါသည်။

**အိမ်ခြံဥယျာဉ်၏ မျိုးစေ့အခန်းကဏ္ဍ**

စပ်မျိုး ဟင်းသီးဟင်းရွက်မျိုးစေ့များသည် မျိုးစေ့ခံ၍ ပြန်လည်အသုံးမပြုနိုင်သောကြောင့် မိမိဒေသတွင်းဖြစ်ထွန်းသည့် အကြမ်းခံသော သဘာဝဝတ်မှုန်ကူးသော မျိုးများကို အသုံးပြုသင့်ပါသည်။ မိမိဒေသမျိုးများ (မျိုးရင်းများ) အားလည်း ထိန်းသိမ်းရာရောက်ပါသည်။ ရေရှည်တည်တံ့သော ကျေးရွာ မျိုးစေ့စနစ်အတွက်လည်း အထောက်အကူပြုမည်ဖြစ်ပါသည်။ ။

> ❒ စိုက်ပျိုးရေးဆိုင်ရာ သုတနှင့်နည်းပညာ ပြန့်ပွားရေးနည်းလမ်းများစွာရှိသည့်အနက် တောင်သူပူးပေါင်းပါဝင်သော နည်းပညာပြန့်ပွားရေးနည်းလမ်းသည် ခေတ်မီနည်းပညာပြန့်ပွားရေး နည်းလမ်းတစ်ရပ်ဖြစ်
>
> ❒ "မျိုး"သည် စိုက်ပျိုးရေးအတွက် အခြေခံအကျဆုံး ယူနစ်(unit)ဖြစ်ပါသည်။ "မျိုးစေ့မမှန်ပင်မသန် ဖူးတံငုံကင်း အသီးဖျင်း"ဆိုသည့်အတိုင်း မျိုးကောင်း၊ မျိုးသန့် ရရှိစိုက်ပျိုးနိုင်မှုမှာ အလွန်ပင်အရေးကြီး
>
> ❒ မိမိစိုက်ပျိုးမည့် မျိုးအကြောင်းကို သေချာစွာသိရှိရန်အတွက် သတင်းအချက်အလက်များ ရယူရပါမည်။ ယခုအခါ တောင်သူများ မျိုးသန့်မျိုးစေ့ လုံလောက်စွာ အသုံးပြုနိုင်ရေးအတွက် တောင်သူကိုယ်တိုင် ပူးပေါင်းပါဝင်မျိုးစေ့ထုတ်သည့် လုပ်ငန်းစဉ်များ ဖွံ့ဖြိုးလာရန်လိုအပ်

# အဆင့်မြှင့်တင်ထားသည့် Bar Code/ QR Code များဖြင့် စက်သုံးဆီရောင်းချပေးသွားမည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးထုတ်ပြန်ခြင်း

စက်သုံးဆီဝယ်ယူရာတွင် စက်စွမ်းအားအလိုက် ဝယ်ယူခွင့်ပမာဏကို သတ်မှတ်ပြီး ပိုမို၍ ပြည့်စုံသည့် စနစ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့များတွင် ၂၇-၃-၂၀၂၆ ရက်နေ့မှစ၍ ရောင်းချသွားမည်ဖြစ်ပြီး ကျန်မြို့များတွင်လည်း ယခုစနစ်အား ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စနစ်အားအသုံးပြုရာတွင် မော်တော်ယာဉ်၏ Wheel Tax တွင် အာမခံမှုအမှတ်အသား (Hologram) ပါရှိမှသာ အရောင်းဆိုင်ဝန်ထမ်းက Scan ဖတ်မည်ဖြစ်ပါသည်။




ယင်းအချိန်တွင် Gas ကားဖြစ်ပါက **"Gas ဆိုင်တွင်သာ ဝယ်ယူရန်"** စာသားပေါ်လာမည် ဖြစ်ပါသည်။

Gas ဆိုင်တွင်သာ ဝယ်ယူရန်

ဓာတ်ဆီ၊ ဒီဇယ်ဆီကားများဖြစ်ပါက မော်တော်ယာဉ်နံပါတ်၊ တစ်ပတ်အတွင်း ဝယ်ယူခွင့်ပမာဏ၊ ဝယ်ယူပြီးသည့်ပမာဏ၊ ဝယ်ယူရန်ကျန်ရှိသည့်ပမာဏ ပေါ်လာမည်ဖြစ်ပါသည်။

**ယာဉ်အမှတ်- 1A/1111**

| | |
|---|---|
| ယခုအပတ်အတွက်ဝယ်ယူခွင့်ပြုသည့်ပမာဏ | ၃၅ လီတာ |
| ဝယ်ယူပြီးသည့်ပမာဏ | ၀ လီတာ |
| ဝယ်ယူရန်ကျန်ရှိသည့်ပမာဏ | ၃၅ လီတာ |

ဝယ်ယူမည့်ဆီအမျိုးအစားနှင့်ပမာဏကို ဖြည့်သွင်းပြီး ဝယ်ယူနိုင်မည်ဖြစ်ပြီး ရောင်းချသည့် ဆိုင်နံပါတ်၊ တည်နေရာ၊ ဆီပမာဏများ အလိုအလျောက် Server သို့ ဝင်ရောက်သွားပါမည်။

**ယာဉ်အမှတ်- 1A/1111**

92 | 95 | 97 | HSD | PHSD

ဝယ်ယူမည့်ပမာဏ ၂၀ လီတာ

→ Server တွင် ဆီပမာဏ အပါအဝင် ရောင်းချမှု မှတ်တမ်းဝင်သွားပါမည်။

ဝယ်ယူသည့်ပမာဏကို ရောင်းချပါမည်။

ဒုတိယအကြိမ်ထပ်မံဝယ်ယူသည့်အချိန်တွင် Quota ကုန်နေပါက ဝယ်ယူခွင့်မပြုကြောင်း ဖော်ပြပေးပါမည်။




သတ်မှတ်ပေးသည့် Quota ကို တစ်ပတ်အတွင်း အပြီးအပြတ်ဝယ်ယူရပါမည်။

ခရီးဝေးသွားရောက်မည့်ယာဉ်များအတွက် မူလဝယ်ယူထားသည့် စက်သုံးဆီငွေရှင်းပြေစာကိုပြသ၍ ရောက်ရှိရာ အခြားတိုင်းဒေသကြီး/ပြည်နယ်ရှိ အရောင်းဆိုင်များတွင် Scan ဖတ်၍ ထပ်မံဝယ်ယူနိုင်မည် ဖြစ်ပါသည်။

ခရီးဝေးပြေးဆွဲနေသည့် အထူးဘတ်စ်ကား၊ လူမှုကူညီရေးယာဉ်၊ လူနာတင်ယာဉ်၊ နိဗ္ဗာန်ယာဉ်၊ စည်ပင်အမှိုက်သိမ်းယာဉ်၊ ရေပုပ်စုပ်ယာဉ် စသည့်ယာဉ်များကို Quota များ သတ်မှတ်ခြင်းမရှိဘဲ အရောင်းဆိုင်များမှ လိုအပ်သည့်ပမာဏအတိုင်း စိစစ်ရောင်းချပေးသွားပါမည်။ Scan ဖတ်၍ မှတ်တမ်းတင်ထားပြီး Online Monitoring စနစ်ဖြင့် ကြပ်မတ်ထိန်းကျောင်းသွားပါမည်။

ကုန်တင်ယာဉ်ကြီးများအနေဖြင့် မြို့ပြင်ရှိစက်သုံးဆီဆိုင်များတွင်သာ QR Code စနစ်ဖြင့် ဖြည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

စက်မှုလယ်ယာကဏ္ဍတွင် အသုံးပြုသည့် ထွန်စက်၊ လယ်ယာသုံးစက်ကိရိယာများ၊ အိမ်တွင်း စက်မှုလုပ်ငန်းများနှင့် မီးစက်များအတွက် စွမ်းအင်ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသည့်ပုံစံတွင် ဖြည့်စွက်၍ နီးစပ်သောအရောင်းဆိုင်များတွင် မှတ်တမ်းထားရှိ၍ ရောင်းချပေးမည်ဖြစ်ပါသည်။

စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် Bar Code သို့မဟုတ် QR Code ဖတ်၍ ရောင်းချပေးထားမှုနှင့် ပုံစံတွင်ဖြည့်စွက်၍ ရောင်းချပေးထားသည့် စက်သုံးဆီပမာဏကိုသာ ပြန်လည်ဖြည့်တင်းခွင့်ရရှိမည် ဖြစ်ပါသည်။

ယာဉ်တစ်စီးချင်းအနေဖြင့် တစ်ပတ်စာဝယ်ယူခွင့်အကြိမ်ရေနှင့် ပမာဏကို ထုတ်ပြန်ပေးမည်ဖြစ်ပြီး သတ်မှတ်ချက်အတိုင်း ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် ပြည်သူများ အဆင်ပြေချောမွေ့စွာ စက်သုံးဆီ ဝယ်ယူခွင့်ရရှိနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**

## ယာဉ်အုပ်စုနှင့် စက်စွမ်းအားအလိုက် တစ်ပတ်အတွင်း ဝယ်ယူခွင့်ရှိမည့် စက်သုံးဆီပမာဏအခြေပြဇယား

| စဉ် | ယာဉ်အုပ်စု | စက်စွမ်းအား | တစ်ပတ်အတွင်း ဝယ်ယူခွင့်ရှိမည့် ပမာဏ (ဓာတ်ဆီ/ ဒီဇယ်ဆီ) | | တစ်ပတ်အတွင်း အများဆုံး ဝယ်ယူနိုင်မည့် အကြိမ်ရေ |
|---|---|---|---|---|---|
| | | | လီတာ | ဂါလန် | |
| ၁ | ဆိုင်ကယ် | - | ၈ | ၁.၈ | ၂ ကြိမ် |
| ၂ | သုံးဘီး | - | ၂၅ | ၅.၅ | ၃ ကြိမ် |
| ၃ | ထရော်လာဂျီ | - | ၃၀ | ၆.၆ | ၃ ကြိမ် |
| ၄ | အိမ်စီးမော်တော်ယာဉ်နှင့်ဌာနဆိုင်ရာယာဉ် (နံပါတ်အနက်) (Saloon, Station Wagon, Jeep စသည့်) | ၂၀၀၀ စီစီ အထိ | ၃၅ | ၇.၇ | ၂ ကြိမ် |
| | | ၂၀၀၀ စီစီ အထက်မှ ၃၀၀၀ စီစီ အထိ | ၄၀ | ၈.၈ | ၂ ကြိမ် |
| | | ၃၀၀၀ စီစီ အထက် | ၄၅ | ၉.၉ | ၂ ကြိမ် |
| | Taxi (နံပါတ်အနီ) (Saloon, Van စသည့်) | ၂၀၀၀ စီစီ အထိ | ၉၀ | ၁၉.၈ | ၃ ကြိမ် |
| | | ၂၀၀၀ စီစီ အထက်မှ ၃၀၀၀ စီစီ အထိ | ၁၀၀ | ၂၂ | ၃ ကြိမ် |
| | | ၃၀၀၀ စီစီ အထက် | ၁၁၀ | ၂၄.၂ | ၃ ကြိမ် |
| ၅ | ပုဂ္ဂလိကနှင့်ဌာနဆိုင်ရာ ကုန်တင်ဝန်ပေါ့ (Light Duty ) ယာဉ်(နံပါတ်အနက်နှင့် အနီ) (Light Truck, Truck, Pickup စသည့်) | ၂၀၀၀ စီစီ အထိ | ၉၀ | ၁၉.၈ | ၂ ကြိမ် |
| | | ၂၀၀၀ စီစီ အထက် | ၁၁၀ | ၂၄.၂ | ၂ ကြိမ် |
| | **မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။** | | | | |
| ၆ | ပုဂ္ဂလိကနှင့် ဌာနဆိုင်ရာကုန်တင်ဝန်လေး (Heavy Duty)ယာဉ် (နံပါတ်အနက်/အနီ)(Truck စသည့်) | ၆၀၀၀ စီစီ အထိ | ၁၂၀ | ၂၆.၄ | ၂ ကြိမ် |
| | | ၆၀၀၀ စီစီ အထက် | ၁၅၀ | ၃၃ | ၂ ကြိမ် |
| | **မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။** | | | | |
| ၇ | Tractor Head ယာဉ် (နံပါတ်အနက်/အနီ) | ၈၀၀၀ စီစီ အထိ | ၂၀၀ | ၄၄ | ၂ ကြိမ် |
| | | ၈၀၀၀ စီစီ အထက် | ၂၅၀ | ၅၅ | ၂ ကြိမ် |
| | **မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။** | | | | |
| ၈ | Dump Truck ယာဉ် (နံပါတ်အနက်/အနီ) | ၆၀၀၀ စီစီ အထိ | ၁၂၀ | ၂၆.၄ | ၂ ကြိမ် |
| | | ၆၀၀၀ စီစီ အထက်မှ ၈၀၀၀ စီစီ အထိ | ၁၅၀ | ၃၃ | ၂ ကြိမ် |
| | | ၈၀၀၀ စီစီ အထက် | ၂၅၀ | ၅၅ | ၂ ကြိမ် |
| | **မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။** | | | | |
| ၉ | ပုဂ္ဂလိကနှင့်ဌာနဆိုင်ရာယာဉ် (နံပါတ်အနက်)(Bus , Micro Bus, Mini Bus, City Bus စသည့်) | ၂၀၀၀ စီစီ အထိ | ၇၀ | ၁၅.၄ | ၃ ကြိမ် |
| | | ၂၀၀၀ စီစီ အထက်မှ ၃၀၀၀ စီစီ အထိ | ၉၀ | ၁၉.၈ | ၃ ကြိမ် |
| | | ၃၀၀၀ စီစီနှင့်အထက် | ၁၁၀ | ၂၄.၂ | ၃ ကြိမ် |
| | ပုဂ္ဂလိကခရီးသည်တင်(Bus)ယာဉ် (နံပါတ်အနီ) | Quota သတ်မှတ်ခြင်းမပြုဘဲ ထည့်သွင်းသည့်ပမာဏကိုသာ Scan ဖတ်၍ မှတ်သားပါမည်။ | | | - |
| ၁၀ | လူမှုကူညီရေးယာဉ်/လူနာတင်ယာဉ်/ နိဗ္ဗာန်ယာဉ်၊ စည်ပင်အမှိုက်သိမ်း ယာဉ်/ရေပုပ်စုပ်ယာဉ် စသည့် ယာဉ်များ | အဆိုပါယာဉ်များကို Quota သတ်မှတ်ခြင်းမရှိဘဲ အရောင်းဆိုင်များမှ လိုအပ်သည့်ပမာဏအတိုင်း စိစစ်ရောင်းချပေးသွားပါမည်။ | | | - |

# သကျမုနိသိမ်တော်ကြီးနှင့် ဦးရဲကျော်သူကျောင်း ပင်မကျောင်းဆောင်ပြုပြင်ခြင်း ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

**စစ်တွေ မတ် ၂၆**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ စစ်တွေမြို့ ဦးရဲကျော်သူကျောင်းတိုက်၌ သကျမုနိသိမ်တော်ကြီးနှင့် ဦးရဲကျော်သူကျောင်း ပင်မကျောင်းဆောင်ပြုပြင်ခြင်း ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါကျောင်းတိုက်ရှိ သကျမုနိသိမ်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ သကျမုနိသိမ်တော်ကြီးရှိ ဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ ပြည်နယ်ဩဝါဒါစရိယ စစ်တွေမြို့ နန္ဒာရာမပရိယတ္တိ စာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တနန္ဒသိရီမဟာထေရ်မြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

**ရေစက်သွန်းချ အမျှပေးဝေ**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး(ဝဲပုံ) မြို့နယ်ဩဝါဒါစရိယ စစ်တွေမြို့ ပညာလင်္ကာရကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တနာဂိမဟာထေရ်မြတ်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ ဦးရဲကျော်သူကျောင်းတိုက်၌ သကျမုနိသိမ်တော်ကြီးနှင့် ဦးရဲကျော်သူကျောင်း ပင်မကျောင်းဆောင်ပြုပြင်ခြင်း မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**



# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် မတ် ၂၆**

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ယနေ့နံနက်ပိုင်းတွင် စုပေါင်းသွေးလှူဒါန်းပွဲပြုလုပ်ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်သူရနှင့် တာဝန်ရှိသူများ၊ စေတနာရှင်သွေးအလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ စေတနာရှင်သွေးအလှူရှင်များအား လိုအပ်သည့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြားခြင်းများ ဆောင်ရွက်ပေးသည်။ ထို့နောက် သွေးအလှူရှင်များက သတ်မှတ်နေရာ အသီးသီးတွင် စုပေါင်း သွေးလှူဒါန်းကြသည်။ ထိုသို့ သွေးလှူဒါန်းနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးကြပြီး သွေးအလှူရှင်များ အတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အားဆေးများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **သတင်းစဉ်**

# ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် မတ် ၂၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုမိန်းမြို့၊ လဲချားမြို့၊ ကာလိမြို့၊ နမ့်စန်မြို့နှင့် လင်းခေးမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကိုဝင်းနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(အောက်ပုံ)**

**ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်**

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများအား ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# သန်လျင်မြို့နယ်နှင့် ဒလမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်

**နေပြည်တော် မတ် ၂၆**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဝင်းခနီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါကျေးရွာရှိ မနောမယကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် လေးပါးနှင့် ဒေသခံပြည်သူ ၁၁၈ ဦးအား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဓနုတ်စံပြကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား အဆိုပါရပ်ကွက်ရှိ သာသနာ့ဗိမာန် ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၅၃ ဦးအား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၂၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အဖွဲ့ဝင် ရှစ်ဦးနှင့် AA အဖွဲ့ဝင် ၁၀ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်













နေပြည်တော် မတ် ၂၆

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အဖွဲ့ဝင်အမျိုးသား ရှစ်ဦး၊ AA အဖွဲ့ဝင်အမျိုးသား ၁၀ ဦး စုစုပေါင်း ၁၈ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြပြီး တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ ကျင်းပပြုလုပ်သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ရောဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့မှ တစ်ဦး၊ အင်္ဂပူမြို့နယ်မှ တစ်ဦး၊ ရေကြည်မြို့နယ်မှ တစ်ဦး၊ ရွှေသောင်ယံမြို့နယ်မှ တစ်ဦး၊ ဟိုင်းကြီးကျွန်းမြို့နယ်မှ တစ်ဦး၊ လေးမျက်နှာမြို့နယ်မှ တစ်ဦး၊ ကြံခင်းမြို့နယ်မှ တစ်ဦး၊ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ နှစ်ဦး၊ မြေပုံမြို့နယ်မှ တစ်ဦး၊ မြောက်ဦးမြို့နယ်မှ နှစ်ဦး၊ ရမ်းဗြဲမြို့နယ်မှ တစ်ဦး၊ ဂွမြို့နယ်မှ နှစ်ဦး၊ ပုဏ္ဏားကျွန်းမြို့နယ်မှ တစ်ဦးနှင့် မောင်တောမြို့နယ်မှ တစ်ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ပြုလုပ်ရာ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား အသိပညာပေး အမှာစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-1 အမျိုးအစားမောင်းပြန်ရိုင်ဖယ် ငါးလက်၊ MA-3 အမျိုးအစား မောင်းပြန်ရိုင်ဖယ် တစ်လက်၊ MA-11 အမျိုးအစား မောင်းပြန်ရိုင်ဖယ်တစ်လက်၊ SIG SAUER အမျိုးအစားပစ္စတို တစ်လက်၊ ၃၅ တောင့်ဝင်ကျည်အိမ် ကိုးခု၊ SIG SAUER အမျိုးအစား ပစ္စတိုကျည်အိမ်တစ်ခု၊ BA-91 လက်ပစ်ဗုံး တစ်လုံး၊ ၅ ဒသမ ၅၆ မမ ကျည် ၂၈၃ တောင့်၊ ၇ ဒသမ ၆၂ မမကျည် ၂၃ တောင့်နှင့် USA 380 AUTO တောင့် ၂၀ တို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် သေနတ်တစ်လက်လျှင် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် သေနတ်ခုနစ်လက်အတွက် ငွေကျပ်သိန်း ၃၅၀၊ ပစ္စတို တစ်လက်အတွက် ငွေကျပ်သိန်း ၂၀၊ လက်ပစ်ဗုံးတစ်လုံးအတွက် ဆုကြေးငွေ သုံးသိန်းကျပ်နှင့် အလင်းဝင်ရောက်လာသူ တစ်ဦးလျှင် သုံးသိန်းကျပ်နှုန်းဖြင့် ၁၈ ဦးအတွက် ၅၄ သိန်း စုစုပေါင်းချီးမြှင့်ငွေကျပ် ၄၂၇ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများ ကိုယ်စား အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့က တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်လုပ်ဆောင်နေမှုများကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်ခြင်းမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့ အပြင်နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက် / ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ အကြမ်းဖက်အဖွဲ့အစည်းထဲကို ကျွန်တော်ရောက်သွားရတဲ့ အကြောင်းရင်းက ကျွန်တော်တို့ ရန်ကုန်မှာ အလုပ်လုပ်နေရင်းနဲ့ Tiktokက နေပြီး ချိတ်ဆက်မိသွားတယ်။ သံတွဲကို ကျွန်တော်တို့ကို ပို့တယ်။ ရောက်သွားတဲ့အချိန်က စပြီးတော့ ကျွန်တော်တို့တွေ ပင်ပန်းဆင်းရဲဒုက္ခတွေ မျိုးစုံခံခဲ့ရတယ်။ သူတို့တွေရဲ့ စနစ်ကလည်း ကျွန်တော်တို့လုံးဝမကြိုက်ဘူး။ မှုးရှူးလာတဲ့ အချိန်ဆိုရင် ရဲဘော်ကိုရဲဘော်မှန်းလည်း မသိ။ ဆဲဆိုတယ်။ ရိုင်းပြတယ်။ ရိုက်နှက်မှုတွေက အများကြီးကို ပိုဆိုးတယ်။ AA တွေ ကျွန်တော်တို့ကို လာမခေါ်ခင်တုန်းကတော့ ကျွန်တော်ပြောတယ်။ ကျွန်တော် ပြန်လို့ရရင် ပြန်မယ်။ ကျွန်တော် မနေချင်ဘူး။ တောထဲလည်း မဝင်ချင်ဘူးလို့ပြောတဲ့ အချိန်မှာ မင်းတို့ပြန်လို့မရဘူး။ ဒီဘက်ကိုလာပြီးတော့ ပြန်လို့ရှိရင် အရှင်ထွက်တော့မရဘူး။ အသေထွက်ပဲ ရမယ်လို့ပြောတယ်။ သင်တန်းနည်းပြတွေက ကျွန်တော်တို့ကို ဆက်ဆံတဲ့ ပုံစံတွေကတော့ ရင့်သီးတယ်။ ရိုင်းပြတယ်။ အသိစိတ်ဓာတ် အလွန်နည်းတော့ သင်တန်းသား တစ်ယောက်နဲ့ သင်တန်းနည်းပြ တစ်ယောက်က သူတို့သင်ကြားမှုပဲ မှန်တယ်။ သူတို့ပြောတာပဲ မှန်တယ်။ သူတို့ ခိုင်းတာပဲ လုပ်ဆိုတဲ့ပုံစံမျိုးနဲ့ ဆက်ဆံပြီးတော့ ကျွန်တော်တို့ကို သင်တန်းပေးတယ်။ ကျွန်တော် သင်တန်းတက်ပြီးသွားလို့ ရှေ့တန်းရောက်လာတဲ့ အချိန်မှာတော့ ကာကင်းမှာပဲ နေရတယ်။ ကာကင်းမှာ AA တွေနဲ့ နေရတယ်။ AA တွေက သူတို့ ခိုင်းတာလုပ်၊ တစ်ခါတလေကျ သူတို့ဘက်က မှားတာရှိလို့ ပြန်ပြောရင် ဖြတ်ကန်တာတို့၊ သတိဆွဲပြီး ပါးရိုက်တာတို့ လုပ်တယ်။ တချို့ AA တွေဆိုလည်း သူများတကာ အိမ်တွေပေါ်တက် အဝတ်အစားတွေ မွှေနှောက်၊ ကျွန်တော်တို့တွေ ကမကြိုက်လို့ပြောတော့ ကျွန်တော်တို့ကို သတိဆွဲပြီး ပါးရိုက်တယ်။ အလင်းဝင်ဖို့ ကျွန်တော်တွေးတယ်။ တစ်လနှစ်လလောက် အထိကို ကျွန်တော်တွေးနေတယ်။ ကြိုးစားလို့ မရဘူး။ ကျွန်တော်တို့ကို စောင့်ကြည့်တဲ့ဟာတွေ ရှိတယ်လေ။ အခုလိုမျိုး ကျွန်တော်တို့လို အလင်းဝင်လာတဲ့သူတွေကို အခမ်းအနားကြီးနဲ့ နွေးနွေးထွေးထွေး ကြိုဆိုပေးကြတဲ့အတွက်တပ်မတော်က လူကြီးတွေ၊ အရာရှိတွေနဲ့ ရဲဘော်အပေါင်းတို့ကို အားလုံး ကျေးဇူးတင်ပါတယ်လို့ ကျွန်တော် ပြောချင်ပါတယ်။

၂။ ဒီကို ရောက်လာပြီးတော့ အကုန်လုံး အဆင်ပြေတယ်။ ကျွန်တော်တို့ စားရသောက်ရတာက ကျွန်တော်တို့အလင်းဝင်တဲ့သူတွေကို အခမ်းအနားနဲ့ ကြိုဆိုတယ်။ ထောက်ပံ့ကြေးတွေလည်း ပေးတဲ့အတွက် နိုင်ငံတော်နဲ့ တပ်မတော်ကို အထူးကျေးဇူးတင်ပါတယ်။ အခုတောထဲမှာကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေကို ကျွန်တော့်လိုအလင်းဝင်ဖို့ အကုန်လုံးကို ဖိတ်ခေါ်ချင်ပါတယ်။ အလင်းဝင်လာဖို့အတွက်ကိုလည်း ကျွန်တော် မျှော်လင့်မိပါတယ်။

၃။ ကျွန်တော်က အရင်တုန်းက သာမန်ပြည်သူပါ။ ကျွန်တော်နိုင်ငံရေးတွေ၊ဘာတွေလည်း စိတ်မဝင်စားဘူး။ မိသားစုတွေနဲ့ အေးအေးချမ်းချမ်းနေတယ်။ စုဆောင်းရေးရောက်တော့ တစ်လလောက်ထိတော့ နားရတယ်။ စုဆောင်းရေး ကန့်သွင်းထားတဲ့အချိန်မှာ ကတုတ်ကျင်းတူးတာတို့၊ ဘန်ကာဆောက်တာတို့၊ အဆောက်အအုံဆောက်တာတို့၊ သင်တန်းကွင်းအတွက် မြေနေရာရှင်းတာတို့ အဲဒါမျိုးတွေ ကျွန်တော်တို့ လုပ်ရပါတယ်။ သစ်ပင်ခုတ်၊ ဝါးခုတ်တာ၊ အစုံလုပ်ရပါတယ်။ စားတာကတော့ မနက်ပိုင်းကို ဆန်ပြုတ်တိုက်ပါတယ်။ နေ့လယ်ပိုင်းကို ငါးနီတူ တစ်ယောက်ကို ၁၀ ဖတ်၊ ၁၅ ဖတ်လောက်ပဲ ရတယ်။ လှော်ကျွေးပါတယ်။ တစ်ခါတလေ မြေပဲ ထောင်းပြီး ငရုတ်သီးနဲ့ကြော်တဲ့ ဟာလည်း ကျွေးတယ်။ ကွင်းထဲမှာရှိတဲ့ ကင်ပွန်းချဉ်အရိုင်းတွေ ခူးပြီး ချဉ်ဟင်းချက်စားရတာ ရှိပါတယ်။ ဆန်ကတော့ မိုးမိထားလို့ အခဲဆန်မျိုးတွေလည်း ရှိပါတယ်။ သင်တန်းကာလတစ်လျှောက်လုံး မိုးလင်းမိုးချုပ် လူမဆန်စွာ ခိုင်းတယ်။ ကန်တယ်။ ကြောက်တယ်။ ပြေးသွားပြီဆိုရင်လည်း ပြန်ဖမ်းတယ်။ ပြန်ဖမ်းမိရင် သင်တန်းသားအစုံအစိပေါ့။ ၅၀ ရှိရင် ၅၀၊ ၁၀၀ ရှိရင် ၁၀၀ တစ်ယောက် ငါးချက်စီ ရိုက်ခိုင်းပါတယ်။ ပြီးတော့ သံခြေကျင်းနဲ့ ထောင်သဘောမျိုး ဆောက်ထားတဲ့ အဆောက်အအုံမှာ ထားပါတယ်။ ဒီဖိနှိပ်မှုကတော့ တော်တော်လေး ကြီးမားပါတယ်။ ဒါကို ကျွန်တော်တို့က Complain တက်ခွင့်မရှိပါဘူး။ ပြန်လည်ပြောဆိုခွင့်မရှိပါဘူး။ တပ်မတော်ဘက်က ကျွန်တော်တို့အပေါ် ဆက်ဆံတာကတော့ ဥပဒေဘောင်အတွင်းကို ဝင်ရောက်လာတဲ့အတွက် သူတို့ဘက်ကလည်း လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာနဲ့ ကြိုဆိုကြပါတယ်။ အခုလို ကျွန်တော်တို့ အသိစိတ်ဓာတ်နဲ့ အလင်းဝင်လာတာကို လှိုက်လှိုက်လှဲလှဲပြန်လည်ပြီးတော့ ကြိုဆိုပေးတဲ့ တပ်မတော်အကြီးအကဲတွေရော ပြည်သူတွေပါ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ တော်လှန်ရေးခေါင်းစဉ်တပ်ထားပြီးတော့ အဲဒီအရိပ်အောက်မှာ လက်ရှိတိုက်နေကြတဲ့ ညီအစ်ကိုတွေရော တိုင်းရင်းသားအားလုံးပါ လက်နက်နဲ့ ငြိမ်းချမ်းရေးကို လာရောက် လဲလှယ်ပေးပါ။ လက်နက်မဲ့အလင်းဝင်ခြင်းလည်း လာရောက်ပြုလုပ်ပါ။ ဒီဘက်မှာက အားလုံးလုံခြုံပါတယ်။ ဘေးကင်းပါတယ်။ မိသားစုကို ဒုက္ခပေးခြင်းမျိုး ဘာတစ်ခုမှ မရှိပါဘူး။ ရောက်လာတဲ့ လူတွေအပေါ်မှာလည်း လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြောင်းကို ကျွန်တော်တို့ကလည်း အာမခံပါတယ်။ ကျွန်တော်တို့လည်း လက်ရှိမှာ အလင်းဝင်လာတဲ့ လူတွေပါပဲ။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး (၈၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အေးချမ်းသာစံပြကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်

**နေပြည်တော် မတ် ၂၆**

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာအုပ်စု အေးချမ်းသာစံပြကျေးရွာတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်း မုခ်ဦးရှေ့၌ ကျင်းပသည်။



ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှစ်မြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေ၊ နေပြည်တော်ကောင်စီ ရန်ပုံငွေတို့ဖြင့် သောက်သုံးရေရရှိရေး ၉၉ ခု၊ မီးလင်းရေး ခြောက်ခု၊ ဆိုလာစိုက်ပျိုးရေ ၄၀၊ ကုန်ထုတ်လမ်း မိုင် ၃၀ ကျော်၊ တံတား ၁၀၇ စင်း၊ ရွာတွင်းလမ်း တစ်မိုင်ကျော်၊ တံတားလေးစင်း၊ ကျေးလက်အိမ်ရာ ၁၂ ခု၊ မြစိမ်းရောင်စီမံကိန်း ၁၉ ယူနစ်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရွာ ၄၀ Smart Village စီမံကိန်းခုနစ်ရွာ၊ ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း ၁၁ ယူနစ်၊အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ၁၅ ကြိမ်တို့ကို ဆောင်ရွက်ပေးခဲ့ပြီး လမ်းတံတားလုပ်ငန်းပေါင်း ၃၂/၃ ဒသမ၂၁၄ မိုင်၊ တံတားပေါင်း ၁၁၁ စင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ ဦးဇေယျာလင်း၊ ဦးမင်းဦးနှင့် ဥတ္တရခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကံထူးတို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကွန်ကရစ်လမ်းသစ်အား လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါကွန်ကရစ်လမ်းသစ် ဖွင့်ပွဲသို့ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၃၅၀ တက်ရောက်ကြပြီး အလျားပေ ၂၃၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်းသစ်ကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး နေပြည်တော် ကုသရေးဦးစီးဌာနက ကွင်းဆင်းဆေးကုသပေးမှု ကြည့်ရှု၊ နွေရာသီအခြေခံသင်တန်းများ ဖွင့်လှစ်

**နေပြည်တော် မတ် ၂၆**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက တပ်ကုန်းမြို့နယ် ရွှေးစုမြောက်ကျောင်း သာသနရိကကာရီ စာသင်တိုက်၌ နေပြည်တော်ကုသရေးဦးစီးဌာနက ဦးဆောင်၍ နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၃၀၀)နှင့် တပ်ကုန်းမြို့ ပြည်သူ့ဆေးရုံ ခုတင်(၁၀၀)တို့မှ အထူးကုဆရာဝန်ကြီးများက ဒေသခံပြည်သူများကို ကွင်းဆင်း၍ ကျန်းမာရေး စောင့်ရှောက်ပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးကာ ဒေသခံပြည်သူများအား အာဟာရစားသောက်ဖွယ်ရာများ ပေးအပ်သည်။



ထို့နောက် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် နွေရာသီအခြေခံအင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ ယဉ်ကျေးလိမ္မာ၊ ပန်းချီနှင့်အားကစားသင်တန်း ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်အမှာစကား ပြောကြားပြီး နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် ဦးခင်မောင်လတ်တို့က သင်တန်းများအတွက် သင်ထောက်ကူစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ယနေ့ဖွင့်လှစ်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် နွေရာသီ အခြေခံအင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ ယဉ်ကျေးလိမ္မာ၊ ပန်းချီသင်တန်းများကို အခြေခံပညာအထက်တန်းကျောင်းများအလိုက် ကျောင်းသားကျောင်းသူ စုစုပေါင်း ၄၁၃၅ ဦးနှင့် နွေရာသီ အခြေခံအားကစားသင်တန်းများကို သင်တန်းသား သင်တန်းသူ ၂၉၅၅ ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**နေထက်ပိုင်(ပြန်/ဆက်)**

# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၆၆၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၂၆**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျအပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် မတ် ၂၇ ရက်မှ ဧပြီ ၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၆၄၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန် ကြေညာထားသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံတက္ကသိုလ်နှင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မီးသတ်ဦးစီးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်သည့် မီးဘေးအန္တရာယ် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၂၆ ရက်က အဆိုပါတက္ကသိုလ်ရှိအားကစားခန်းမ-၂ ၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးအောင်မျိုးထက် နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြလေ့ကျင့်စဉ်။

တင်မောင်-မန်း

# သာယာဝတီမြို့နယ်၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**သာယာဝတီ မတ် ၂၆**

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက သာယာဝတီမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ခြင်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း ၅၀ ခန့်က (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် စုပေါင်းသွေးလှူဒါန်းခဲ့သည်။

**သန့်ဇော်(ပြန်/ဆက်)**



# ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်အကြောင်း အသိပညာပေး

**တိုက်ကြီး မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ မိုဘိုင်းလက်ကိုင်ဖုန်းသုံးစွဲသူပြည်သူများ စံချိန်စံညွှန်းနှင့် ကိုက်ညီစစ်မှန်ပြီး နိုင်ငံတော်သို့ ကျသင့်အခွန်အကောက်များ ပေးဆောင်ထားသည့် မိုဘိုင်းလက်ကိုင်ဖုန်းများကို ပြည်တွင်းတွင် စိတ်ချယုံကြည်စွာ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်အကြောင်း အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို မတ် ၂၄ ရက်က ပြည်တွင်းအခွန်များဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲတွင် ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်က ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (CEIR) ၏ အကျိုးကျေးဇူးများ၊ CEIR စနစ်ဖြင့် ဆောင်ရွက်နိုင်သည့် အချက်များနှင့် လုပ်ငန်းစဉ်များ၊ IMEI နံပါတ်၏အဓိပ္ပာယ်၊ ပြည်ပမှ တင်သွင်းလာသောမိုဘိုင်းလက်ကိုင်ဖုန်းများ၏တန်ဖိုးကို အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ခြင်း၊ CEIR စနစ်ဖြင့် အခွန်ပေးဆောင်ခြင်းနှင့် အခွန်ပေးသွင်းနိုင်သည့်နည်းလမ်းများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် မိုဘိုင်းဖုန်းဆိုင်များမှ သိလိုသည်များကို မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



## မော်လမြိုင်မြို့၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

မော်လမြိုင် မတ် ၂၆

မတ် ၂၇ ရက်တွင် ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မော်လမြိုင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ ကျင်းပသည်။



အဆိုပါ ပြည်နယ်/ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သွေးလှူဒါန်းကြသည့် ဝန်ထမ်း ၃၅ ဦးအား ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းဒွေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်/ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သွေးလှူဒါန်းမှုအပေါ် ဆေးရုံအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင်အသင်း၏ နွေရာသီအခမဲ့သင်တန်းများဆင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင်အသင်း၏ မိတ်ဖက်အဖွဲ့အစည်းများနှင့် သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်သော ၂၀၂၆ ခုနှစ် နွေရာသီအခမဲ့ သင်တန်းများဖြစ်သည့် Junoir Creative Coding For Kids (Batch 1, Batch 2) 4 Al And Media Literacy For Kids (Batch 1, Batch 2)တို့၏ သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၄ ရက်က MICT Park Main Building, Conference Hall ၌ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဦးက မှဒိတာစကားပြောကြားပြီး တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင်အသင်းဥက္ကဋ္ဌ ဦးဌေးလင်းက နွေရာသီ အခမဲ့သင်တန်းသင်တန်းဆင်း အမှာစကားပြောကြားကာ ပံ့ပိုးကူညီသူများ၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် Moon ကိုယ်ပိုင်ကျောင်း၊ "EDU SPECTRUM INTERNATIONAL SCHOOL ၊ EDU SPECTRUM PRIVATE SCHOOL ၊ ပညာနန်းတော်ကိုယ်ပိုင်ကျောင်း၊အောင်ကောင်းစံ ကိုယ်ပိုင်ကျောင်း၊ Majestic (MA) Private High School ၊ Majestic Dynasty Private Middle School ၊Thiha ကိုယ်ပိုင်ကျောင်း၊ MOE ကိုယ်ပိုင်ကျောင်း၊ တိုးတက်အောင်ကိုယ်ပိုင်ကျောင်း၊ ဒဂုံ ကိုယ်ပိုင်ကျောင်း၊ ပညာရွှေပြည်ကိုယ်ပိုင်ကျောင်း၊ မြန်မာ့ပညာရေးအောင်မြေကိုယ်ပိုင်ကျောင်းတို့နှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင်အသင်းဝင်များကိုယ်စား အသင်းသားတစ်ဦးက အသင်းဝင်ကတ်ပြားပေးအပ်ခြင်း၊ နွေရာသီအခမဲ့သင်တန်းများ ဖြစ်သည့် Junoir Creative Coding For Kids (Batch 1,Batch 2) သင်တန်းသူ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်ပေးအပ်ခြင်း၊ နွေရာသီအခမဲ့သင်တန်းများ ဖြစ်သည့် Al And Media Literacy For Kids (Batch 1,Batch 2) သင်တန်းသူ သင်တန်းသားများအား သင်တန်းဆင်း လက်မှတ်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

## သာယာဝတီမြို့နယ်၌ ရေဆင်းပေါ်ဆန်း-၂ (မျိုးစေ့ထုတ်) မျိုးစပါးစိုက်ပျိုးမှုအခြေအနေ ကွင်းဆင်းကြည့်ရှု

သာယာဝတီ မတ် ၂၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်းရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ နိုင်ငံတော်ထောက်ပံ့ငွေ (သက်တန့်ရောင်) စီမံကိန်းဖြင့် ဆောင်ရွက်သည့် ကျွန်းကုန်းကျေးရွာရှိ ကျွန်းကုန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမ အသင်းတွင် အသင်းသား ၄၄ ဦးမှ နွေစပါးသီးနှံများဖြစ်သည့် အောင်နိုင်တိုးစပါး ၁၆၁ ဧကနှင့် ရေဆင်းပေါ်ဆန်း-၂ စပါးဧက ၅၀ စိုက်ပျိုးထားရှိရာ ရေဆင်းပေါ်ဆန်း-၂ စပါးကို မျိုးစေ့ထုတ်လုပ်သွားမည်ဖြစ်သည်။ ယင်းစိုက်ဧက ၅၀ အနက်မှ အသင်းသားတောင်သူ ဦးစောထွန်းထွန်းဦး၏ စိုက်ဧက ၁၀ ဧကပေါ်တွင် (မျိုးစေ့ထုတ်) စပါးစိုက်ပျိုးထားရှိမှုကို မြို့နယ်သမဝါယမဦးစီးဌာနနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## "Social Media အသုံးပြုသူ အများသိစေရန် ကြေညာခြင်း"

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ ဖူလုံကျေးရွာတွင် နေထိုင်သူ ဒေါ်သိမ့်သိမ့်(ဘ) ဦးတင်လွှန်း (၈/ရစက(နိုင်)၂၃၈၃၇၆)သည် '**သိမ့်**'လုပ်ငန်း တံဆိပ်အမည်အမှတ်အသားကို အောက်ပါအမည် အမှတ်တံဆိပ်ဖြင့် ရေစကြိုမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ်(၉/၂၀၂၅)ဖြင့် (၂၃-၁၂-၂၀၂၅) ရက်တွင် တရားဝင်မှတ်ပုံ တင်သွင်းထားပြီး Facebook, Tiktok စသည့် Social media Plaform များမှတစ်ဆင့် အရောင်းတိုးချဲ့ နိုင်ရန်"သိမ့်"အမည်ဖြင့် သက်ဆိုင်ရာဌာနတွင် ခွင့်ပြုလိုင်စင်ပြုလုပ် ရရှိထားပြီး မြန်မာပြည်အနှံ့သို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်-

အထက်ဖော်ပြပါ "**သိမ့်**" ဆံသားအားဖြည့် အမှုန့်ထုတ်ကုန် ပစ္စည်းနှင့် ပတ်သက်၍ အသုံးပြုပုံအဆင့်ဆင့်ကို ပလတ်စတစ်အိတ်/ဘူး၊ စက္ကူအိတ်စသည့် ပါကင်ထုပ်များတွင် ထည့်သွင်းဖော်ပြ ထားသည့်အပြင် Social Media Platform များဖြစ်သော Facebook, Tiktok များတွင်လည်း ထုတ်လုပ်သူ ဒေါ်သိမ့်သိမ့် ကိုယ်တိုင် ဆံသားအားဖြည့်မှုန့်၌ ပါဝင်ပစ္စည်းများနှင့် သုံးစွဲပုံ သုံးစွဲနည်းများအား ချပြရှင်းလင်းပြီး ဝယ်ယူသူများ စိတ်တိုင်းကျမှသာ ဝယ်ယူအားပေးနိုင်ကြောင်းနှင့် အဆိုပါ "**သိမ့်**" ဆံသားအားဖြည့်အမှုန့်အား ဝယ်ယူအားပေးသူ တစ်ဦးတစ်ယောက် ချင်းစီတိုင်းအနေဖြင့် မိမိတို့၏ဆံသား၊ ဦးရေနှင့် ခတ်တည့်သည့် အုန်းဆီ (သို့မဟုတ်) သံလွင်ဆီ စသည်တို့ဖြင့် ပေါင်းစပ်ရောနှော သုံးစွဲရမည်ဖြစ်ကြောင်း၊ ခတ်မတည့်သည့် ဆီများဖြင့် ရောနှောအသုံးမပြုကြပါရန် သတိပေးပြောကြား ရောင်းချနေပါလျက် "**သိမ့်**"ဆံသားအားဖြည့် ထုတ်ကုန်ပစ္စည်း အပေါ်သံသယ ဖြစ်စေရန်၊ အမည်နာမပျက်စီးစေရန်၊ အကျိုးစီးပွားထိခိုက်နစ်နာစေရန်နှင့် ထုတ်လုပ်သူ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ လူအများသိစေနိုင်သော Facebook, Tiktok စသည့် Social Media Platform များမှ တစ်ဆင့် ဝေဖန်တိုက်ခိုက် ပြောဆိုမှုများအား မြင်တွေ့သိရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သိမ့်သိမ့်၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်နီလာအေး (LL.B)** | **ဦးဖြိုးဝေအောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၂၃၂၉/၄-၄-၂၀၁၇)** | **(စဉ်-၁၂၃၄၆/၂၀၁၇)** |
| **မြို့ပတ်လမ်း၊ အမှတ်(၅)ရပ်ကွက်၊ ပခုက္ကူမြို့** | **မြို့ပတ်လမ်း၊ အမှတ်(၅)ရပ်ကွက် ပခုက္ကူမြို့** |

## CEIR Importer Portal အသုံးပြု၍ မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ပတ်သက်၍ အသိပေးကြေညာချက်

၁။ ၂၀၂၆ ခုနှစ်၊ ဧပြီလ(၁) ရက်နေ့မှစ၍ မိုဘိုင်းလက်ကိုင်ဖုန်း(Handset) များနှင့် မိုဘိုင်း ကွန်ရက်သုံးဆက်သွယ်ရေးပစ္စည်းများကို ပြည်ပမှ တင်သွင်းလိုသည့်ကုမ္ပဏီများအနေဖြင့် လုပ်ထုံး လုပ်နည်းနှင့်အညီ တင်သွင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ကျသင့်အခွန်များကို ပေးဆောင်ပြီးပါက CEIR စနစ်ရှိ ခွင့်ပြုစာရင်းတွင် ထည့်သွင်းပေးသွားမည် ဖြစ်ပါသည်။

**အဆင့် (၁) နည်းပညာဆိုင်ရာစံချိန်စံညွှန်းထောက်ခံချက်လျှောက်ထားခြင်း**

**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၀၁၃၂၂၇၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၃) ရပ်ကွက်၊ ရွှေအုန်းပင်အိမ်ရာ (၄)၊ တိုက်အမှတ် (၄/၄)၊ အခန်းအမှတ် (၅၃)၊ ပဉ္စမထပ်ရှိ အကျယ်အဝန်း (၉၀၀) စတုရန်းပေရှိ လူနေတိုက်ခန်းအား ဒေါ်အေးဟွမ် ၁၃/လရန(နိုင်)၁၂၇၉၈၇ မှ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ စုပေါင်းပိုင်အဆောက်အအုံ ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်ဖြင့် မိမိအမည်ပေါက်ပိုင်ဆိုင်ထားသည့် ၎င်းလူနေတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့သဖြင့် ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ အရှုပ်အရှင်း၊ အမွေဆိုင်ပြဿနာ တစ်စုံတစ်ရာကင်းရှင်းကြောင်း ဝန်ခံကတိပြုပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထိုက်ထိုက်ဝင်း ၁၃/ဆဆန(နိုင်)၁၀၈၀၇၉ နှင့် ဒေါ်ကြည်ကြည်အေး ၁၃/ဆဆန(နိုင်)၀၉၈၄၉၅ တို့မှ အပြီးအပိုင်ဝယ်ယူရန်သဘောတူခဲ့ပြီး ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ လက်ရှိရောင်းချသည့် တိုက်ခန်း၏ ပိုင်ရေးဆိုင်ခွင့် တစ်စုံတစ်ရာနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တိကျခိုင်လုံသော ပိုင်ရေးဆိုင်ခွင့်၏ စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာစာထုတ်ပြန်သည့်နေ့မှစတင်၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေပါလုပ်ထုံးအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ထိုက်ထိုက်ဝင်းနှင့် ဒေါ်ကြည်ကြည်အေး ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသက်ထွန်း တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၆၄၀)**
**အမှတ် (၆၅၁)၊ မာဃ (၈) လမ်း၊ (၁၂) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၉၀၉၆၁**

## ကန့်ကွက်နိုင်ပါသည်

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ မြဟေမာရပ်ကွက်၊ ကွင်းအမှတ် (၂၀၆-က)၊ ကွင်းအမည်- ကွယ်လွယ်၊ ဦးပိုင်အမှတ် (က/၇၂/၃)၊ ဧရိယာ (၀ ဒသမ ၃၅) ဧကအကျယ်အဝန်းရှိ G အမျိုးအစား ၊ ဦးမောင်မောင်လတ် အမည်ပေါက် (ပြေစာထွက်)၊ မြေကွက်အပါအဝင်၊ ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံနှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးမောင်မောင်လတ် ၁၄/မမန(နိုင်)၀၀၁၄၈၂ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်၊ နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်၊ နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမောင်မောင်သူရ (မြောင်းမြ) LL.B, A.G.T.I (EP), D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)**
**အမှတ် - ၁၄၇၊ ဒုတိယထပ်၊ လမ်း ၅၀ (အထက်)၊ ၁၀ ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၅၁၈၄၀၄၂ ၊ ၀၉-၇၉၅၁၈၄၀၄၂**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၈၀၁၃၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်)**

## အများသိစေရန်ကြေညာချက်

၁။ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆အေ၂)၊ မြေကွက်အမှတ်(V-၇၉)၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ စကားဝါပင်လမ်း၊ အမှတ်(၈၇)တွင် (၁)ခန်းတည်း(၆)ထပ်တိုက်(Partial Slab Roof)အဆောက်အဦဆောက်လုပ်ရန် မြေရှင် ဦးဘိုအောင်၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ ဦးမင်းသူအောင် (RSE-2783)နှင့် လိုင်စင်ရကန်ထရိုက်တာ ဦးဘိုအောင်(LC-242)တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ ၂၄-၉-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ BP1-10775-BP3-2842 ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပါသည်။

၂။ ယခုအခါအဆိုပါအဆောက်အဦအား ဆက်လက်ဆောက်လုပ်ရန် ဆန္ဒမရှိတော့ပါသဖြင့် ဆောက်လုပ်ခွင့်ပြုမိန့်အား ပယ်ဖျက်ခွင့်ပြုပါရန် မြေရှင်၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာနှင့် လိုင်စင်ရကန်ထရိုက်တာတို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/24383 Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ မအိစံပယ်လှိုင် ၇/ပခတ(နိုင်) ၁၀၈၃၄၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/88043 New Zhineng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးငွေးဇော်အောင် ၁၄/ဘကလ(နိုင်)၂၄၆၇၀၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/77247, Shayan 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ကိုဦး ၁၄/ဖပန(နိုင်) ၂၂၅၁၉၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

၁။ နေပြည်တော် ပျဉ်းမနားမြို့၊ ဘောဂသိဒ္ဓိအဝေးပြေးယာဉ်ရပ်နားစခန်း ပွဲရုံဆိုင်ခန်းအမှတ် (ပ-၁၂၉) ဆိုင်ခန်းအား ယခင် အမှတ် (၆/၃၈)၊ ပင်မလမ်း၊ ပန်းခင်း (၃)၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့ ယခု တိုက်-၂၊ မြကန်သာလမ်း၊ (၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်သန်းသန်းဝင်း (၁၂/တကန(နိုင်)၀၄၂၇၇၅)က အမည်ပေါက်ပိုင်ဆိုင်ပါသည်။

၂။ အဆိုပါ (ပ-၁၂၉) ဆိုင်ခန်းအား အမှတ် (၁/၅)၊ ဘဲကုန်း (မ) ကျေးရွာ၊ ဘဲကုန်းကျေးရွာအုပ်စု၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်နေ ဒေါ်စိုးမြတ်မွန် ၉/ပမန(နိုင်)၂၁၇၄၀၅ အမည်သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားများနှင့်အတူ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ လျှောက်ထားတင်ပြလာပါသည်။

၃။ အခွန်ထမ်း အမည်ပြောင်းလဲမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက (သို့မဟုတ်) ကန့်ကွက်လွှာတွင် ခိုင်လုံသောအထောက်အထားတင်ပြနိုင်မှုမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**
**မော်လမြိုင်ခရိုင်တရားရုံးတော်**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၅ နှင့် ဆက်နွယ်သည့်**
**၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၄၁**

| | | | |
|---|---|---|---|
| ဒေါ်တင်လှ | နှင့် | ၁။ | ဦးသန်းစိုး |
| | | ၂။ | ဒေါ်ကြည်ကြည်လွင် |
| ဒီကရီအနိုင်ရသူ | | | တရားရှုံးများ |

မုဒုံမြို့နယ်၊ ကျုံဖိုက်ကျေးရွာ၊ ရာဇဓိရာဇ်လမ်း၊ အမှတ် ၆၆ (ယခုနေရပ်လိပ်စာမသိ)နေ (၁) တရားရှုံး ဦးသန်းစိုးနှင့် (၂) တရားရှုံး ဒေါ်ကြည်ကြည်လွင်တို့ သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၅ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်တင်လှက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်၊ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၇ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ချိုဝင်း)**
**ဒုတိယခရိုင်တရားသူကြီး (၄)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ဒေါ်မြင့်မြင့်နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ အကွက်အမှတ် (ထထ-၈)၊ ဦးပိုင် - ၄၄၊ မြေဧရိယာ (၀ ဒသမ ၀၅၁) ဧက အကျယ်အဝန်းရှိ ဒေါ်မြင့်မြင့် အမည်ပေါက်ပိုင်ဆိုင်သည့် တောဂရန်နှင့် ယင်းမြေကွက်ပေါ်ရှိနေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိ လက်ရောက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်မြင့်မြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာမာသက် ၉/မနမ(နိုင်)၀၀၀၀၇၆ ထံသို့ ရောင်းချခဲ့ပြီး ဝယ်သူမှလည်း လက်ရောက် နေထိုင်ပိုင်ဆိုင်အသုံးပြုလျက်ရှိသော မြေကွက်ဖြစ်ပါသည်။ ယခုအခါ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ဒေါ်မြင့်မြင့်မှဖြစ်စေ၊ ၎င်းမှတာဝန်ပေးညွှန်ကြားသူ တစ်ဦးဦးကဖြစ်စေ သတင်းစာပါသည့် ၁၄ ရက်အတွင်း လာရောက်၍ မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန်နှင့် အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ချုပ်ဆိုပေးခြင်း မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်မြင့်မြင့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးအောင်မျိုးချစ် (LL .B)**
**အထက်တန်းရှေ့နေ (စဉ် - ၅၆၈၉၅)**
**ဖုန်း - ၀၉-၄၀၀၀၆၇၄၅၆**

## ဦးစံမင်းနှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ အကွက်အမှတ် (တတ-၇)၊ ဦးပိုင်-၁၊ မြေဧရိယာ (၀ ဒသမ ၀၅၁) ဧက အကျယ်အဝန်းရှိ ဦးစံမင်း အမည်ပေါက် ပိုင်ဆိုင်သည့် တောဂရန်အနက်မှ အနောက်ဘက်ခြမ်း(၂၀ ပေx ၆၀ ပေ)၊ ဧရိယာ (၀ ဒသမ ၀၂၇၅) ဧက နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိ လက်ရောက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးစံမင်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မျိုးချစ် ၅/ပလန(နိုင်)၀၈၇၄၉၁ ထံသို့ ရောင်းချခဲ့ပြီး ဝယ်သူမှလည်း လက်ရောက်နေထိုင်ပိုင်ဆိုင်အသုံးပြုလျက်ရှိသော မြေကွက်ဖြစ်ပါသည်။ ယခုအခါ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ဦးစံမင်းမှဖြစ်စေ၊ ၎င်းမှတာဝန်ပေး ညွှန်ကြားသူ တစ်ဦးဦးကဖြစ်စေ သတင်းစာပါသည့် (၁၄) ရက်အတွင်း လာရောက်၍ မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန်နှင့် အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ချုပ်ဆိုပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစံမင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်ထုအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၈၅၅)**
**ဖုန်း - ၀၉-၂၆၅၃၆၆၀၀၁**

## ဦးဝင်းမြင့်နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၁၃)၊ ဦးပိုင်အမှတ် (၂၁+၂၂)၊ ဧရိယာ (၀ ဒသမ ၀၅၁) ဧက အကျယ်အဝန်းရှိ ဦးဝင်းမြင့်အမည်ပေါက် ပိုင်ဆိုင်သည့် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိ လက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဝင်းမြင့် ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဒေါ်မြတ်စိုးကေရီမြင့် ၈/မကန(နိုင်)၁၄၅၆၈၇ ထံသို့ ရောင်းချခဲ့ပြီး ဝယ်သူမှလည်း လက်ရောက်နေထိုင်ပိုင်ဆိုင် အသုံးပြုလျက်ရှိသောမြေကွက် ဖြစ်ပါသည်။ ယခုအခါမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ဦးဝင်းမြင့်မှဖြစ်စေ ၎င်းမှတာဝန်ပေးညွှန်ကြားသူ တစ်ဦးဦးမှဖြစ်စေ၊ သတင်းစာပါသည့် ၁၄ ရက်အတွင်း လာရောက်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးပါရန်နှင့် အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ချုပ်ဆိုပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင် ဦးဝင်းမြင့်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်ထုအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၅၅)**
**ဖုန်း - ၀၉-၂၆၅၃၆၆၀၀၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ ရွှေနံ့သာအနောက်ရပ်၊ မြေဧရိယာ (၀ ဒသမ ၀၈၂) ဧက၊ မြေကွက်အမှတ် (ဥ-၁၁၇၅)၊ ဒေါ်စန္ဒာကျော် ၈/တတက(နိုင်)၁၈၃၃၁၉ (ဘ) ဦးကျော်မိုး အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်စန္ဒာကျော် ၈/တတက(နိုင်)၁၈၃၃၁၉ (ဘ) ဦးကျော်မိုး မှ ဒေါ်စိုးစိုးအိ ၇/ပခန(နိုင်)၁၈၆၁၄၄ (ဘ) ဦးအိ အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/ရုံးရပ်)၊ မြေဧရိယာ (၀ ဒသမ ၁၁၅) ဧကရှိ မြေကွက်အမှတ် (ပ-၂၀၂၂၅) ကို အမည်ပေါက် ဒေါ်ဇာဇာထွန်း (ဘ) ဦးလှငွေး ၉/အမရ(နိုင်)၀၈၈၃၄၅ မှ ဦးဖြိုးဝေမြင့် (ဘ) ဦးခင်မောင်မြင့် ၉/မခန(နိုင်)၁၄၉၀၉၃ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၁/အလောင်းဘုရား)၊ ဦးပိုင်အမှတ် (၆၆)၊ ဧရိယာ (၀ ဒသမ ၁၁၀) ဧကအား ဒေါ်အိအိခိုင် (ဘ) ဦးညဏ်ရင် ၉/ပမန(နိုင်)၁၄၁၉၁၈ မှ တပ်ကုန်းမြို့နယ် မြေစာရင်းဦးစီးဌာနထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ အမှတ် (၃၇၉/၂၀၂၆)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈/ကျန်စစ်သား)၊ ဦးပိုင်အမှတ်(၁၃ᵃ)၊ ဧရိယာ (၀ ဒသမ ၀၈၃) ဧကရှိ ဦးဇော်ဝင်း (ဘ) ဦးရိုရှိန်း ၉/တကန(နိုင်)၀၀၆၁၂၃ နှင့် ဒေါ်ပြုံး (ဘ) ဦးသောင်း ၉/တကန(နိုင်)၀၀၆၁၂၄ တို့အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အား ဒေါ်ပြုံး (ခ) ဒေါ်ပြုံးကြည် (ဘ) ဦးသောင်း ၉/တကန(နိုင်)၀၀၆၁၂၄ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ် (၁၀) ရပ်ကွက်၊ အကွက်အမှတ် ၁၀/ဂ-ရမခ အနောက်၊ ဦးပိုင်အမှတ် (၂/၉၁ᵃ)၊ ဧရိယာ (၀ ဒသမ ၀၆၇) ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၅၃၃-၅/၂၀၁၃-၂၀၁၄(အေ)၊ ဒေါ်ညွန့်ရီ ၁၃/လရန(နိုင်)၀၀၆၄၄၃ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်၏မြေငှားဂရန်သည် သက်တမ်းကုန်ဆုံးသဖြင့် ဒေါ်ညွန့်ရီ အမည်ဖြင့် မြေငှား ဂရန်ထပ်မံအသစ်လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက် (၃၀) အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်ညွန့်ရီ အမည်ပေါက် မြေငှားဂရန်အမှုတွဲအမှတ် ၅၃၃-၅/၂၀၁၃-၂၀၁၄(အေ)အား ပယ်ဖျက်သွားမည်ဖြစ်ပြီး ဒေါ်ညွန့်ရီ အမည်ဖြင့် ထပ်မံအသစ်လျှောက် မြေငှားဂရန်လျှောက်ထားမှုအားလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုမြို့နယ်နေ မောင်ပိုင်စိုးထွန်း ၅/ရဘန(နိုင်)၂၇၆၁၃၄ ၏မိခင် ဒေါ်ခင်ဝင်းရီ (ခ) ဒေါ်ဝင်းရီသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ခင်ဝင်းရီ (ခ) ဒေါ်ဝင်းရီ**

## ပတ်စ်ပို့ပျောက်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်နေ ဦးဘိုးကောင်း၏သား မောင်သုဆုလင်း ၉/ခအဇ(နိုင်)၀၂၅၁၄၃ ၏ နိုင်ငံကူးလက်မှတ် MJ-700133 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**မောင်သုဆုလင်း**
**ဖုန်း-၀၉-၄၀၂၅၀၉၃၈၇**

❖ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေး မောင်းနှင်အားများလိုအပ် . . .
❖ နိုင်ငံရေးမောင်းနှင်အားကောင်းမွန်မှသာ စီးပွားရေးမောင်းနှင်အား ကောင်းမွန်မည်ဖြစ်ပြီး စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာ ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်နိုင်မည်ဖြစ် . . .
❖ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှုသည် နိုင်ငံတစ်ခုအတွက် မဖြစ်မနေအရေးကြီးသည့်ကဏ္ဍမှ ပါဝင်သဖြင့် စီးပွားရေးအားကောင်းအောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလို . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်သော ဘားအံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝ ပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား သွားရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်

နေပြည်တော် မတ် ၂၆
၂၀၂၆ ခုနှစ် မတ် ၂၇ ရက်နေ့တွင် ကျရောက်သည့် (၈၁) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တက်ရောက်ရန် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ခေတ္တတည်းခိုနေထိုင်လျက်ရှိသည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများအား ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က သွားရောက်၍ တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်ရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ

စာမျက်နှာ ၆ ကော်လံ ၁ ❖



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား သွားရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်စဉ်။

## ၂၀၂၇ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲတွင် မြန်မာအသင်းက အာဖဂန်နစ္စတန်ကို နှစ်ကျော့စလုံး အနိုင်ရ



မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်စဉ်။

ရန်ကုန် မတ် ၂၆
၂၀၂၇ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ အုပ်စု (E) မှ ရွှေ့ဆိုင်းထားသော အာဖဂန်နစ္စတန်အသင်းနှင့် မြန်မာအသင်းပွဲကို မတ် ၂၆ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ကျင်းပရာ မြန်မာအသင်းက အာဖဂန်နစ္စတန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ၂၀၂၆ ခုနှစ်အတွင်း ပထမဆုံး နိုင်ငံတကာပွဲအဖြစ် အာဖဂန်နစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ အနိုင်ရလဒ် ရယူနိုင်ခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၅ ❐

## မန္တလေးငလျင်ကြီး (၁) နှစ်ပြည့်အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၆
မန္တလေးငလျင်ကြီး (၁) နှစ်ပြည့်အခမ်းအနားကို မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ မှစတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV–HD၊ MRTV – News ၊ MRTV – NRC ၊ MRTV Farmers' Channel၊ MITV ၊ MWD – HD ၊ MWD Variety – HD ၊ Readers' Channel ၊ Up to Date နှင့် MNTV ရုပ်သံလိုင်းများမှ လည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ သဇင် FM ၊ FM ပုဂံ၊ မန္တလေး FM ၊ ပဒ္မဝတီ FM ၊ ရွှေ FM ၊ ပတ္တမြား FM ၊ ချယ်ရီ FM နှင့် Star FM တို့မှလည်းကောင်း၊ MRTV App , Radio App အပါအဝင် Online Media တို့မှ လည်းကောင်း တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ့အလင်း

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်

၂၀၂၆ ခုနှစ်၊ မတ် ၂၇ ရက်၊ သောကြာနေ့



*အချပ်ပို (ဃ) မှ*

နန်းစောင့်တပ်ကို အမြဲတမ်းဖွဲ့စည်းထား ရှိခြင်းဖြစ်သည်။ နန်းတော်၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးပြင်လေးရပ်တို့တွင် အရပ်မျက်နှာ တစ်ဖက်လျှင် ထောင်မှူး (တပ်မှူး) တစ်ဦးနှင့် သူရဲ (စစ်သည်) ၁၀၀၀၊ လေးပြင်လေးရပ်အတွက် ထောင်မှူး လေးဦးနှင့် သူရဲ ၄၀၀၀ တို့ကနေ့ညစောင့်ရှောက်ကြသည်။ နိုင်ငံအတွက် စစ်မက်ရေးရာ ပေါ်ပေါက်သည့်အခါတွင်မှသာ နိုင်ငံတစ်ဝန်းရှိနေသည့် ထောင်ပြုမြို့၊ ရာပြုမြို့၊ ဆယ်ပြုမြို့များမှ ရဲစွမ်းသတ္တိပြည့်စုံ၍ ကျန်းမာသန်စွမ်းသည့် အရွယ်ရောက်အမျိုးသားများကို ဆင့်ခေါ်စုရုံးကာ တပ်များဖွဲ့စည်းတိုက်ခိုက်စေခြင်းဖြစ်သည်ကို သမိုင်းမှတ်တမ်းများတွင် တွေ့ရှိနိုင်သည်။

စစ်မှာတစ်မူ

**ချစ်တဲ့သူငယ်လေ**
**သူငယ်ချင်းကောင်း ယောက်မတို့လေ။**
**သူများမောင်မှာ၊ စစ်သံကြားလျှင်၊**
**နာဖျားဥပါယ် ခိုကြတယ်။**
**နှမလေး ပျိုတို့မောင်မှာ၊**
**စစ်သံကြားလျှင်၊**
**ရွှေခေါးပိုက်ကာ၊**
**အိုးစားဖက်ကို လိုက်လို့ ရှာသည်။**
**ရိက္ခာက နည်း၊ မိုးက သည်းသနှင့်၊**
**သင်းတွဲကို ကူးပါလိမ့်မလားတော်။**
(ရာပြည့်အိုင်၊ တောင်တွင်း ရှင်ငြိမ်းမယ်)

မြန်မာသက္ကရာဇ် ၉၀၀ နှင့် ၁၀၀၀ ကြားတွင် ပေါ်ပေါက်ခဲ့သော အထက်ဖော်ပြပါ အိုင်ချင်းကလေးက ရှေးခေတ်ပြည်သူ့စစ်မှုထမ်း၏ သရုပ်သကန်ကို ထင်ဟပ်နေသည်။ နိုင်ငံအကျိုးစီးပွားအတွက် စစ်ရေးမက်ရေးတို့ ပေါ်ပေါက်လာလျှင် စစ်သည် ဆင့်ခေါ်သည့်စာများ မြို့ရွာကျေးလက်တို့ဆီသို့ ကျရောက်လာသည်။ ထိုအခါ မြို့ရွာအကြီးအကဲတို့က မိမိတို့ဒေသအလိုက် စစ်သည်အရည် အချင်းနှင့်ပြည့်စုံသူတို့ကို ရှာဖွေစုဆောင်းကြရသည်။

**“လိုက်ပါထမ်းရွက်သင့်သော ရဲမက်တို့သည် မျက်စိမှုန်မွဲ၊ တိမ်စွဲ၊ မျက်ခမ်းစပ်၊ ပန်းနာ၊ ဒူလာ၊ မှင်တက်ရောဂါ၊ အိပ်ရာယောင်ယမ်း၊ ကိုယ်ထက် ဒူးရှည်ပေါင်ရှည်၊ ခြေသိမ်၊ လက်သိမ်၊ အသက် ၂၀ မပြည့်သူ၊ အသက် ၅၀ ကျော်သူ၊ ခေါင်းရှုပ်သူ၊ ထိုထိုသူတို့ကို တပ်ပါရဲမက် ဆို၍ အခန့်အထားမရှိစေနှင့်။ ဆိုခဲ့သောသူတို့ကို ချန်လှပ်။ တပ်တော်ပါသင့်သော လူတစ်ကိုယ်လျှင် နှစ်ပြည်ဝင် ဆန်စလွယ် ၁ ၊ လွှာ ဖိနပ်၊ ဆူး ထွင်အပ် ကိုယ်စီပါစေ။ အသီးအသီး လက်နက်ကိုင်ကျသည့် မြို့ကျေးရွာတို့သို့ စာတို စာရှည်နှင့် ဆင့်။”** ဟူ၍ ပါရှိသော ကုန်းဘောင်ခေတ်၊ ဘကြီးတော်မင်းလက်ထက် ဗိုလ်မှူးဝန်ကြီး သတိုးမဟာဇေယျလ၏ အမိန့်တော်ဆင့်စာပါ အချက်များအရ စစ်သည်ရဲမက်တစ်ဦးဖြစ်ရန် ရုပ်ပိုင်းစိတ်ပိုင်း အရည်အချင်းသတ်မှတ်ချက်များကို အကြမ်းဖျင်း တွေ့ရှိနိုင်သည်။

ရပ်ထဲရွာထဲတွင်မူ စစ်သည်စုဆောင်းသံ၊ စစ်သံကြားကြသည်နှင့် လှုပ်လှုပ်ရှားရှားဖြစ်ကြပုံရသည့် ဟန်ကိုလည်း အထက်တွင်ဖော်ပြခဲ့သည့် တောင်တွင်းရှင်ငြိမ်းမယ်၏ အိုင်ချင်းမှတစ်ဆင့် မြင်ယောင်ကြည့်နိုင်သည်။ **“သူများမောင်မှာ၊ စစ်သံကြားလျှင်၊ နာဖျားဥပါယ် ခိုကြတယ်။ နှမလေး ပျိုတို့မောင်မှာ၊ စစ်သံကြားလျှင်၊ ရွှေခေါးပိုက်ကာ၊ အိုးစားဖက်ကို လိုက်လို့ရှာသည်”** ဟူသော အိုင်ချင်းအဖွဲ့ကလေးထဲတွင် ထိုအခါကာလ၏ ပုံရိပ်များနှင့် ခံစားမှုများကို တွေ့ရှိနိုင်ကြသည်။

**စစ်သည် ဆင့်ခေါ်သံကြားရသည့်အခါ အချို့သူတို့၏ မောင် (ချစ်သူ)က နာယောင်၊ ဖျားယောင်၊ ကျန်းမာရေး မကောင်းယောင်ဆောင်ကြသည်။ နှမလေး ပျိုတို့မောင် (ချစ်သူ)မှာမူ ခါးကိုပိုက်၍ တိုက်ပွဲများတွင် သေအတူ ရှင်မကွာ ရဲဖော်ရဲဖက်ဖြစ်မည့်သူ၊ တစ်အိုးတည်း အတူစားကြမည့် အိုးစားဖက်ကို လိုက်လို့ရှာသည်ဟု စာဆိုရှင် မိန်းမပျိုက ဖွဲ့ဆိုထားရာ နာဖျားဥပါယ် ခိုသူကို ချစ်သူတော်ရသည့် တစ်ဖက်သူကို ညင်ညင်သာသာ ခနဲ့စကားဆို၍ မိမိချစ်သူမောင်အတွက် ဂုဏ်ယူဝင့်ကြွားပုံကလေးကို ချစ်ခင်မြတ်နိုးဖွယ်ရာ တွေ့ရှိနိုင်သည်။**

နိုင်ငံနယ်နိမိတ်များကို ယနေ့ခေတ်ကဲ့သို့ စာချုပ်စာတမ်းများ၊ နှစ်ဦးနှစ်ဖက်သဘောတူညီမှုများနှင့် တိတိကျကျ သတ်မှတ်နိုင်ခြင်း မရှိသေးသည့် ခေတ်အခါတွင် လက်ရုံးရည်၊ နှလုံးရည်တို့ကို အရင်းပြု၍ နိုင်ငံပိုင်နက်ကို ချဲ့ထွင်ခဲ့ကြရသည်။ မိမိတို့၏ ပိုင်နက်ကိုလည်း ကာကွယ်ခဲ့ကြရသည်။ အထက်တွင် ဆိုခဲ့သည့်အတိုင်း ကိုယ်ကမချဲ့ထွင်နိုင်လျှင် သူကချဲ့ထွင်မည်သာဖြစ်ရာ ရှေးကဘိုးဘေးမြန်မာတို့ သွေးချွေးတို့ ရင်းနှီးကာ ဘုန်းလက်ရုံးရှိသမျှ ဆန့်တန်းခဲ့ကြခြင်းဖြင့် ရရှိထားသည့် ပိုင်နက်နယ်နိမိတ်ကို မိမိတို့ခေတ်တွင်လည်း အသက်ကိုရင်းနှီး၍ ကာကွယ်ကြရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်။



နှစ်(၈၀)ပြည့် တပ်မတော်နေ့တွင် MiG-29 ဘက်စုံသုံးတိုက်လေယာဉ်တစ်စင်းက မီးကျည်များထုတ်လွှတ်၍ အလေးပြုပျံသန်းစဉ်။

❖ **စစ်သည်တို့ လိုက်နာရမည့် ကျင့်ဝတ်များကိုလည်း စစ်ချီအမိန့်ပြန်တမ်းများတွင် ဖော်ပြခဲ့ရာ “လမ်းခရီးတစ်လျှောက် မြို့ရွာများမှာ အရှင်မပေးသည့်ဥစ္စာ၊ သစ်သီးတစ်လုံး၊ ထန်းရွက်တစ်ချပ်ကိုမျှ မဆွတ်မခူး မလုမယူစေနှင့်။ တပ်ပါ ဆင် မြင်းများကိုလည်း လမ်းခရီးက မစီးမနင်းစေနှင့်၊ ဝလင်အောင် ကျွေးမွေးစေ။ ဒိဋ္ဌသုတ မျှို့မဂ်လာရှိသည့် အခြင်းအရာများကိုသာ ပြောဆိုစေ၊ မျှို့မဂ်လာမရှိသည့်စကားကို မပြောမဆိုစေနှင့်။ အမှုထမ်းရဲမက်၊ လက်နက်ကိုင်တို့ကို ဖဲကြွေအန်၊ အရက် ကဇော်လျှော်စာ စိန်ပင်ဘင်းဘိန်း ယစ်မျိုးနှင့်စပ်သည်များကို မသောက်မစား မကစားစေနှင့်။ နိုင်နင်းအောင် ကွပ်ညှပ်ရမည်။” ဟူ၍ ပုဂံမင်းလက်ထက် ဒုတိယ အင်္ဂလိပ်- မြန်မာစစ်ပွဲ စတင်သည့် ၁၂၁၃ ခုနှစ်၊ အရေးတော်နှင့် ဟံသာဝတီကြောင်း အမိန့်တော်ပြန်တမ်းကြီးတွင် တွေ့ရှိရ**

## မြန်မာ့သေနင်္ဗျူဟာ

ရှေးကသော် စစ်ရေးစစ်ရာ စစ်အတတ်ပညာဆိုသည်မှာ မြန်မာတို့၏ ခန္ဓာကိုယ် အသွေးအသားထဲတွင် စိမ့်ဝင်ပျံ့နှံ့ပါရှိနေသကဲ့သို့ပင်ဖြစ်သည်။ သာမန်အချိန်တွင် တောင်သူလယ်လုပ်၊ ကုန်သွယ်၊ ကုန်ထုတ် အသက်မွေးဝမ်းကျောင်းနေကြသူတို့မှာ တိုင်းပြည်အတွက် စစ်မက်အချိန်ရောက်လာသည့်အခါ စစ်သည်ရဲမက်များ ဖြစ်သွားကြသည်။ ထိုကဲ့သို့ အရပ်သားများနှင့် ဖွဲ့စည်းထားသည့် ရှေးခေတ် မြန်မာ့တပ်မတော်သည် လက်နက်များ စွဲကိုင်ထားသည့် ပရမ်းပတာ လူအုပ်စုကြီးသဖွယ် ဖြစ်မသွားဘဲ ကျင့်ဝတ်စည်းကမ်းများနှင့် ဖွဲ့စည်းထားသည့်တပ်မတော်၊ စစ်ချီ စစ်ကပ် စစ်ထိုး စစ်ခံ စစ်ဖျက် စစ်ပြန် ဟူသည့် စစ်နည်းဗျူဟာမြောက် လှုပ်ရှားမှုများကို စစ်အင်္ဂါမပျက် လှုပ်ရှားစစ်ကစားနိုင်ရန် စနစ်တကျ လေ့ကျင့်ထားသည့် တပ်မတော်သာ ဖြစ်ခဲ့သည်။

စစ်သည်တို့ လိုက်နာရမည့် ကျင့်ဝတ်များကိုလည်း စစ်ချီအမိန့်ပြန်တမ်းများတွင် ဖော်ပြခဲ့ရာ **“လမ်းခရီးတစ်လျှောက် မြို့ရွာများမှာ အရှင်မပေးသည့်ဥစ္စာ၊ သစ်သီးတစ်လုံး၊ ထန်းရွက်တစ်ချပ်ကိုမျှ မဆွတ်မခူး မလုမယူစေနှင့်။ တပ်ပါ ဆင် မြင်းများကိုလည်း လမ်းခရီးက မစီးမနင်းစေနှင့်၊ ဝလင်အောင် ကျွေးမွေးစေ။ ဒိဋ္ဌသုတ မျှို့မဂ်လာရှိသည့် အခြင်းအရာများကိုသာ ပြောဆိုစေ၊ မျှို့မဂ်လာမရှိသည့် စကားကို မပြောမဆိုစေနှင့်။ အမှုထမ်းရဲမက်၊ လက်နက်ကိုင်တို့ကို ဖဲကြွေအန်၊ အရက် ကဇော်လျှော်စာ စိန်ပင်ဘင်းဘိန်း ယစ်မျိုးနှင့်စပ်သည်များကို မသောက်မစား မကစားစေနှင့်။ နိုင်နင်းအောင် ကွပ်ညှပ်ရမည်။”** ဟူ၍ ပုဂံမင်းလက်ထက် ဒုတိယ အင်္ဂလိပ်- မြန်မာစစ်ပွဲ စတင်သည့် ၁၂၁၃ ခုနှစ်၊ အရေးတော်နှင့် ဟံသာဝတီကြောင်း အမိန့်တော်ပြန်တမ်းကြီးတွင် တွေ့ရှိရသည်။

ယောမြို့စားဝန်ကြီး သတိုးမင်းကြီးမင်းထင်မင်းခေါင်ကျော်ကို မိုးနဲဗိုလ်မှူးခန့် အမိန့်တော်ပြန်တမ်းတွင်လည်း **“မိုးနဲတပ်တော်မှစ၍ ရှမ်းပြည် မြို့ကျေးရွာ၊ စော်ဘွား၊ မြို့စား၊ တပ်ပေါင်းစားတို့တွင် မြို့ရွာအင်ကိုထောက်၍ ရဲမက်လက်နက်ကိုင်၊ မျိုး ရိက္ခာ သာနာ ညီမျှဖြစ်အောင် ခန့်ထားစီရင်ရန် အရေးများကို** လည်း အကျိုးတော်မယုတ်မလျော့ မြို့ရွာ မပင်ပန်းစေရ။ နေရာကျ ခန့်ထားစီရင်အုပ်ချုပ်၊ တပ်ပါ ရဲမက်လက်နက်ကိုင်မှစ၍ နိုင်ငံတော် ရှမ်းပြည် မြို့ရွာ စော်ဘွား၊ မြို့စား၊ တပ်ပေါင်းစား၊ ဟိန်၊ ထမုံ၊ ပေါမိုင်းမှစ၍ အကြီးအအုပ် အရာရှိတို့က ပေးသည့် တံစိုးပဏ္ဏာလက်ဆောင်များကိုလည်း မစားမယူစေနှင့်။ မြို့၊ မြို့နေ၊ ရွာသား၊ ဆင်းရဲသား ကျွန်တော်မျိုးတို့ကိုလည်း မတရားသဖြင့် ဖိစီးနှိပ်စက်နိုင်ထက်ကလူ လျှပ်စားပေါက်စား မပြုမလုပ်စေနှင့်။ ။ သေအရက် ယစ်မျိုး၊ အလောင်းအစား အမျိုးများကိုလည်း မသောက်မစား မပြုလုပ်ကြစေနှင့်။” ဟူ၍ စစ်သည်တို့ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ ဖော်ပြထားသည်ကို တွေ့ရှိရသည်။

## ရှေးခေတ် မြန်မာ့တပ်မတော်၏နိဂုံး

နှစ်ပေါင်းထောင်ချီ၍ ကိုယ့်မင်းကိုယ့်ချင်းနှင့် တည်တံ့လာခဲ့သည့် မြန်မာနိုင်ငံ၏ ပဒေသရာဇ်ခေတ်သည် ၁၉ ရာစုအတွင်း ကမ္ဘာကိုလွှမ်းမိုးလာသည့် အရင်းရှင်နယ်ချဲ့စနစ်၏ ဝါးမျိုမှုကို ခံရကာ ပိုင်နက်နယ်နိမိတ်၊ အချုပ်အခြာအာဏာနှင့် လွတ်လပ်မှုတို့ ဆုံးရှုံးသွားခဲ့ရသည်ကို မိမိတို့အားလုံး သိရှိကြပြီးဖြစ်သည်။ ထိုခေတ်ကာလက ကမ္ဘာပေါ်တွင် အင်အားအကြီးမားဆုံးသော နိုင်ငံတစ်နိုင်ငံ၏ ကျူးကျော်စစ်ကို ပဒေသရာဇ်ခေတ် မြန်မာ့တပ်မတော်က မတွန်းလှန်နိုင်ခဲ့။ ဖွဲ့၊ လုံ့လ၊ ဝီရိယနှင့် ရဲစွမ်းသတ္တိတို့ မည်မျှပင်မြင့်မားစေကာမူ ဒေသတွင်းနိုင်ငံများ၏တပ်မတော်များနည်းတူမျှသာ လက်နက်နှင့် စစ်အင်အားတို့ တပ်ဆင်ထူထောင်ထားသည့် မြန်မာ့တပ်မတော်မှာ ၁၉ ရာစုအတွင်း အရင်းရှင်နယ်ချဲ့ ကျူးကျော်စစ်ကို တစ်ကြိမ်ပြီးတစ်ကြိမ် သုံးကြိမ် အရေးနိမ့်ခဲ့ရပြီး မြန်မာ့ထီးနန်းနှင့်အတူ ပျောက်ကွယ်သွားခဲ့ရသည်။

သမိုင်းကို သင်ခန်းစာယူမည်ဆိုလျှင် ကမ္ဘာကို မြန်မာတို့ သိနားလည်မှု နောက်ကျခဲ့ခြင်းဖြစ်သကဲ့သို့ ခေတ်မီရေးထူထောင်မှုများမှာလည်း နိုင်ငံကို တစ်စိတ်တစ်ပိုင်း သိမ်းယူထားပြီးဖြစ်သည့် နယ်ချဲ့တို့၏ ပိတ်ဆို့မှုကိုခံရခြင်း၊ မြန်မာ့နန်းတွင်းရှိ decision maker များအတွင်း ညီညွတ်မှုပြိုကွဲနေခြင်း စသည်တို့ကြောင့် မအောင်မမြင်ဖြစ်ခဲ့ရသည်ကို တွေ့ရှိရမည်ဖြစ်သည်။

## ခေတ်သစ် မြန်မာ့တပ်မတော်၏ နိဒါန်း

၂၀ ရာစုအတွင်း နှစ်ကြိမ်တိုင်တိုင် ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာစစ်ကြီးများနှင့်အတူ ကမ္ဘာတစ်ခွင်လွှမ်းမိုးထားသည့် အရင်းရှင်နယ်ချဲ့စနစ်ကြီး၏ နေဝင်ချိန်သို့ ရောက်ရှိလာခဲ့သည်။ ကမ္ဘာစစ်ကြီး နှစ်ခုကြား နိုင်ငံရေးနိုးကြားလာခဲ့ပြီး လွတ်လပ်ရေးရရှိရန် ကြိုးပမ်းမှုနှင့်အတူ ဒုတိယကမ္ဘာစစ်ကြီးကာလအတွင်း ခေတ်သစ်မြန်မာ့တပ်မတော်၏ နိဒါန်းအစပြုခဲ့ခြင်းဖြစ်သည်။ နိုင်ငံကို သိမ်းပိုက်ထားသည့် အင်္ဂလိပ်ကို တွန်းလှန်တိုက်ခိုက်နိုင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် ပြည်ပစစ်ရေးအကူအညီရယူနိုင်ရန် ရှာဖွေရာမှ မီနာမီကီကန်းအဖွဲ့နှင့်တွေ့ပြီး ရဲဘော်သုံးကျိပ်တို့ ဂျပန်ထံမှ စစ်ပညာသင်ကြားခဲ့ကြရသည်။

*အချပ်ပို (ဂ) သို့*

*အချပ်ပို (ခ) မှ*

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Independence Army) ကို ဖွဲ့စည်းသောနေ့ ဖြစ်သည်။ ဘန်ကောက်မြို့ ထန္နမ်စတုံးလမ်း ဘော်နီယို ခြံဝင်းအတွင်းရှိ မြန်မာလူမျိုး မျက်စိကုဆရာဝန် ဦးလွန်းဖေ၏ နေအိမ်တွင် သခင်အောင်ဆန်း၊ သခင်လှဖေ၊ သခင် စောလွင်၊ သခင်သစ်တို့သည် တပ်သားသစ်များနှင့်အတူ ပထမအကြိမ် လက်မောင်းသွေးဖောက် သစ္စာအဓိဋ္ဌာန်ပြု၍ BIA ကို စတင်အုတ်မြစ်ချ ဖွဲ့စည်းသည်။ ၁၈၈၅ ခုနှစ် ဒီဇင်ဘာလတွင် ရှေးခေတ် မြန်မာဘုရင့်တပ်မတော်ကြီး ပြိုကွဲပျောက်ကွယ်သွားခဲ့ပြီးနောက် ၅၆ နှစ်အကြာတွင် ခေတ်သစ်မြန်မာ့တပ်မတော် ပြန်လည်ဖွဲ့စည်းပေါ်ထွန်းလာခဲ့ခြင်းပင်ဖြစ်သည်။

အကျဉ်းချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန် ဖွဲ့စည်းတည်ထောင်ခဲ့သည့် မြန်မာ့တပ်မတော်သည် မြန်မာ့မြေပေါ်တွင် ဖြစ်ပေါ်ခဲ့သော ဒုတိယကမ္ဘာစစ်ကြီး၏ အစိတ်အပိုင်းတစ်ရပ်ကို ဝင်ရောက်ဆင်နွှဲ တိုက်ပွဲဝင်ခဲ့ရသည်။ မြန်မာနိုင်ငံသည် အင်္ဂလိပ်အစိုးရ ထွက်ခွာသွားခဲ့သည့် ကာလအတွင်း ဂျပန်စစ်ဝါဒီတို့က ပေးအပ်သည့် အတုအယောင် လွတ်လပ်ရေးကို သုံးနှစ်မျှ ရခဲ့သည်။ အမှန်စင်စစ်အားဖြင့် နယ်ချဲ့လက်အောက်မှ ကြမ်းတမ်းသည့် ဖက်ဆစ်အုပ်ချုပ်ရေး လက်အောက်သို့ ကျရောက်သွားခဲ့ရခြင်းဖြစ်ရာ မူလကပင် နိုင်ငံလွတ်လပ်ရေးအတွက် မလွှဲမရှောင်သာ ပေါင်းခဲ့ရသည့် ဖက်ဆစ်ကို တစ်ဖန် ပြန်လည် တော်လှန်တိုက်ခိုက်ကြရဦးမည်။

လွတ်လပ်ရေးခရီးသည် မပြီးဆုံးသေး။ ဗိုလ်ချုပ်အောင်ဆန်း ကြီးမှူးသော ဗမာ့တပ်မတော်သည် အထက်မြန်မာပြည်သို့ ထိုးဖောက်ဝင်ရောက်လာသည့် ဗြိတိသျှနှင့် မဟာမိတ်တပ်များကို ချီတက်တိုက်ခိုက်မည်ဟု နည်းပရိယာယ်သုံး၍ ဂျပန်စစ်အာဏာပိုင်များနှင့် ဆွေးနွေးကြသည်။ ဂျပန်တို့က လက်ခံသဖြင့် စစ်မြေပြင်သို့ တပ်များချီတက်မည့် အခမ်းအနားကို ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရား အနောက်မြောက်ဘက်ရှိ ကွင်းပြင်ကြီးတွင် ကျင်းပသည်။ ယင်းတပ်ထွက် အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းက အတိုဆုံးနှင့် အရှင်းလင်း အထိရောက်ဆုံး မိန့်ခွန်းကို ပြောကြားသည်။

**“ရဲဘော်တို့ ... အကျယ်ချဲ့ပြီး ရှည်ရှည် မပြောချင်ဘူး၊ အခု စစ်မြေပြင်ကို ထွက်ရမယ်။ ဆင်းရဲမယ်၊ ငတ်မယ်၊ အခက်အခဲတွေနဲ့ ရင်ဆိုင်ရမယ်။ ဗမာပီပီ ဗမာ့သွေးကိုပြပါ။ အထက်ဗိုလ်များရဲ့ အမိန့်ကို နာခံကြပါ။ အထက်ဗိုလ်တွေကလည်း သာတူညီမျှ ရဲဘော်စိတ်ထားပါ။ ရဲဘော်တို့ကို ကတိပေးထားတဲ့အတိုင်း ကျုပ်ကိုယ်တိုင် ရဲဘော်တို့နဲ့အတူချီတက်မယ်။ ဗမာ့ရန်သူကို ချေမှုန်းကြ၊ အနီးကပ်ဆုံး ရန်သူကို ရှာပြီး တိုက်ကြ။ ဒါပဲ..။”** ဟူ၍ မိန့်ကြားပြီး အချိန်အနည်းငယ်အတွင်း မှာပင် တပ်များကို ဖျောက်လိုက်ကြသည်။ ထိုနေ့သည် အထက်မြန်မာပြည် မန္တလေးမြို့တွင် မဟာမိတ်တပ်များနှင့် ဂျပန်တပ်များ တိုက်ပွဲဖြစ်ပွားပြီး မန္တလေးနန်းတော်ကြီး မီးလောင်ပြာကျခဲ့ရသော နေ့လည်း ဖြစ်သည်။

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့၊ နံနက် ၉ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အဖွဲ့သည် ပြလို့မှ ဧရာဝတီမြစ်ကို ဖြတ်ကူး၍ အနောက်ဘက်ကမ်းတွင် ပြရီရွာမှ တစ်ညလုံး လှည်းဖြင့်ခရီးဆက်ကြကာ သပွတ်ရွာကိုဖြတ်ပြီး ပုဏ္ဏားရွာသို့ ရောက်ရှိကြသည်။ ယင်းနေ့ ည ၇ နာရီတွင် သရက်ခရိုင် ပုဏ္ဏားရွာ၌ ဖွင့်လှစ်ထားသည့် ပြည်သူ့လွတ်လပ်ရေး တပ်မတော်ဌာနချုပ်မှ ဖက်ဆစ်ဂျပန်ကို တော်လှန်ကြောင်း ကြေညာသည်။ ထိုအချိန်မှစ၍ မြန်မာ့တပ်မတော်သည် သူတစ်ပါး ဩဇာခံမဟုတ်တော့ဘဲ မိမိဘာသာ ရပ်တည်လာပြီး နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူလူထုနှင့် ပူးပေါင်း၍ ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့ခြင်း ဖြစ်ရာ နှစ်စဉ် မတ်လ ၂၇ ရက်နေ့သည် ဖက်ဆစ်တော်လှန်ရေးနေ့ ဖြစ်သကဲ့သို့ ထိုနေ့သည်ပင် တပ်မတော်နေ့ဖြစ်လာ သည်။

**စစ်သည် ဆင့်ခေါ်သံကြားရသည့်အခါ အချို့သူတို့၏ မောင် (ချစ်သူ)က နာယောင်၊ ဖျားယောင်၊ ကျန်းမာရေး မကောင်းယောင် ဆောင်ကြသည်။ နှမလေး ပျိုတို့မောင် (ချစ်သူ)မှာမူ ဓားကိုပိုက်၍ တိုက်ပွဲများတွင် သေအတူ ရှင်မကွာ ရဲဖော်ရဲဖက်ဖြစ်မည့်သူ၊ တစ်အိုးတည်း အတူစားကြမည့် အိုးစားဖက်ကို လိုက်လို့ရှာသည်ဟု စာဆိုရှင် မိန်းမပျိုက ဖွဲ့ဆိုထားရာ နာဖျားဥပါယ်ခိုသူကို ချစ်သူတော်ရသည့် တစ်ဖက်သူကို ညင်ညင်သာသာ ခနဲ့စကားဆို၍ မိမိချစ်သူမောင်အတွက် ဂုဏ်ယူဝင့်ကြွားပုံကလေးကို ချစ်ခင်မြတ်နိုးဖွယ်ရာ တွေ့ရှိနိုင်**

## မြန်မာ့နိုင်ငံရေးနှင့် မြန်မာ့တပ်မတော်

မြန်မာ့တပ်မတော်၏ မြစ်ဖျားအစသည် နိုင်ငံနှင့်လူမျိုးတို့ သူ့ကျွန်ဘဝ လွတ်မြောက်ရေးကြိုးပမ်းမှုမှ စတင်ခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးမရမီတွင် နယ်ချဲ့ကို တွန်းလှန်ခဲ့ရသလို ဖက်ဆစ်ကိုလည်း တော်လှန်ခဲ့ရသည်။ လွတ်လပ်ရေးရပြီးသောအခါ ပြည်တွင်း ဆူပူသောင်းကျန်းမှုကို ရင်ဆိုင်ရသည်။ နိုင်ငံနယ်နိမိတ် အရှေ့နှင့် အနောက်တို့တွင် ပြည်ပမှ ကျူးကျော်လာမှုတို့ကိုလည်း အသက်သွေးချွေးများစွာ ပေးဆပ်၍ ကာကွယ်ခဲ့ရသည်။

ဒုတိယကမ္ဘာစစ်အတွင်း စစ်မြေပြင်အဖြစ် နှစ်ကြိမ်ကြုံတွေ့ခဲ့ရခြင်းကြောင့် တိုင်းပြည် ပြာပုံတမျှဖြစ်ခဲ့ရာ လွတ်လပ်ရေးရပြီးချိန်တွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တစ်မျိုးသားလုံး အင်တိုက်အားတိုက် တစ်စည်းတစ်လုံးတည်း ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရမည့် အစား အကွဲကွဲအပြားပြား ဖြစ်ခဲ့သည်ကို ၁၉၄၈ – ၁၉၅၈ ဆယ်နှစ်တာကာလ မြန်မာ့သမိုင်းတွင် ပြန်လည်တွေ့ရှိနိုင်သည်။ အထူးသဖြင့် မြန်မာ့နိုင်ငံရေးနယ်ပယ်တွင် ကွဲကြသည်မှာ အစိတ်စိတ်အမွှာမွှာဟုပင် ဆိုနိုင်သည်။ နောက်ဆုံးတွင် အာဏာရပါတီအတွင်း ဖြစ်ပေါ်ခဲ့သည့် အကွဲအပြဲဓာတ်လမ်းက မြန်မာ့တပ်မတော်အထိ ရိုက်ခတ်လာခဲ့ရာ ၁၉၅၈ ခုနှစ်တွင် အိမ်စောင့်အစိုးရအဖြစ် တပ်မတော်က တာဝန်ယူ၍ နိုင်ငံတည်ငြိမ်အောင် ဖြေရှင်းဆောင်ရွက်ပေးခဲ့ရသည်။

တစ်ဖန် နိုင်ငံလွတ်လပ်ရေးအတွက် ဦးစားပေး၍ နယ်ချဲ့အစိုးရလက်အောက်တွင် ရေးဆွဲခဲ့ရသည့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ အားနည်းချက်များကြောင့် ၁၉၆၂ ခုနှစ်တွင် ပြည်ထောင်စုပြိုကွဲမည့် အန္တရာယ် ပေါ်ပေါက်လာခဲ့ရာ တပ်မတော်ကပင် ကာကွယ် စောင့်ရှောက်ပေးခဲ့ရသည်။ လွတ်လပ်ရေးမရမီကပင် အမျိုးသား ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့ကြသည့် အတိုင်း ဆိုရှယ်လစ် ဒီမိုကရေစီနိုင်ငံ ထူထောင်နိုင်ရန်အတွက် လူထုဆန္ဒခံယူ၍ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းကာ တစ်ပါတီဗဟိုဦးစီး စနစ်နှင့် စီမံကိန်းချစီးပွားရေးတို့ ကျင့်သုံးခဲ့ရာတွင် အောင်မြင်မှုမရရှိခဲ့။ ၁၉၈၈ ခုနှစ်တွင် ဖြစ်ပေါ်လာသည့် ဆူပူအုံကြွမှုများကြောင့် အုပ်ချုပ်ရေးယန္တရားပျက်စီးသွားခဲ့ပြီး မင်းမဲ့စရိုက်ဆန်သည့် အပြုအမူများ ပေါ်ပေါက်လာခဲ့ရာ တပ်မတော်က တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။ ပြည်သူများက တောင်းဆိုသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရေးအတွက် အမျိုးသားညီလာခံကို ခေါ်ယူကျင်းပပေးကာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ စတင်လျှောက်လှမ်းနိုင်ခဲ့သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ပေးလိုက်သော ဒီမိုကရေစီအစိုးရနှစ်ဆက် တာဝန်ယူကြသည့် ကာလအတွင်း တပ်မတော်သည် ဒီမိုကရေစီစနစ် ရှင်သန်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဘက်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင်မူ အာဏာရပါတီက လွန်စွာအရုပ်ဆိုး အကျည်းတန်သည့် မဲမသမာမှုကိုပြုလုပ်ခဲ့ရာ ထိုလုပ်ရပ်သည် ပါတီစုံဒီမိုကရေစီစနစ်ကို ပျက်ယွင်းစေသော မရိုးသားသည့် နိုင်ငံရေးလုပ်ရပ်ပင်ဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးရန် တပ်မတော်က တရားဥပဒေနှင့်အညီ တောင်းဆိုခဲ့သော်လည်း တောင်းဆိုချက်များကို လျစ်လျူရှုခြင်းခံခဲ့ရပြီး လွှတ်တော်ခေါ်ကာ နိုင်ငံတော်အာဏာကို မတရားသည့် နည်းလမ်းနှင့် အဓမ္မရယူရန် ကြိုးပမ်းခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တပ်မတော်သည် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာ၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အာဏာကို ခေတ္တရယူထိန်းသိမ်းခဲ့ရသည်။

အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးပါက အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရန်ဖြစ်သော်လည်း ရွေးကောက်ခံကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်မရှိတော့သူများက CRPH, NUG နှင့် PDF စသည့် တရားမဝင်အဖွဲ့အစည်းများဖွဲ့စည်း၍ ၎င်းတို့အား ထောက်ခံအားပေးသူများကိုလက်နက်ကိုင် ဆူပူအုံကြွမှုများ ပြုလုပ်ကြရန် သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်လာကြသည်။

**ပြည်တွင်း ဒေသအနှံ့အပြားတို့တွင် မိုင်းခွဲ၊ မီးရှို့၊ ပစ်ခတ်တိုက်ခိုက်မှုများ၊ ဒလန်ဟု စွပ်စွဲသတ်ဖြတ်မှုများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ကျောင်းဆရာ ဆရာမများကိုခြိမ်းခြောက်မှု၊ဖမ်းဆီးမှု၊အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်မှုများ ပေါ်ပေါက်လာသည်။ ထို့အပြင် တစ်နှစ်ပြီးတစ်နှစ် ဆိုသလိုပင် ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရေးနှင့် ကာကွယ်ဆေးများရရှိရေး၊ အင်အားအလွန်ပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ၊ ရာဂီတိုင်ဖွန်းမုန်တိုင်းနှင့်ဆက်စပ်၍ ဖြစ်ပေါ်သည့် ရေကြီးရေလျှံမှုများ၊ အင်အားပြင်းထန်သည့် မန္တလေးငလျင်ကြီး စသည့်သဘာဝဘေးအန္တရာယ်များမှ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး စသည့်လုပ်ငန်းများကိုလည်း အခက်အခဲများစွာကြားမှ အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ပေးခဲ့ရသည်။**

မဖြစ်မနေကျင်းပမည့် ရွေးကောက်ပွဲအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း၊ မဲစာရင်းအမှန် ရရှိရန်အတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းတို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ချက်များနှင့် နိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်လာသော အခြေအနေများအရ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အပိုင်း(၃)ပိုင်းခွဲ၍ မြို့နယ်ပေါင်း ၂၆၃ မြို့နယ်တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။

ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ ၂၄ ဒသမ ၂၂ သန်းကျော်ရှိသည့်အနက် မဲဆန္ဒရှင် ၁၃ ဒသမ ၁၄ သန်းကျော်တို့က တက်တက်ကြွကြွ လာရောက်မဲပေးခဲ့ကြခြင်းကြောင့် မဲပေးမှုရာခိုင်နှုန်း ၅၅ ရာခိုင်နှုန်းခန့်ရှိရာ ရွေးကောက်ပွဲအပေါ် ပြည်သူလူထု၏ ယုံကြည်မှုနှင့် စိတ်အားထက်သန်မှုကို ပြသနေခြင်းလည်းဖြစ်သည်။ ရွေးကောက်ပွဲကို နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများ၊ နိုင်ငံတကာ သတင်းမီဒီယာများမှ သတင်းထောက်များ၊ ပြည်တွင်းမီဒီယာများနှင့် ရန်ကုန်မြို့ အခြေစိုက် နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များက အပိုင်း(၃)ပိုင်းလုံးတွင် စောင့်ကြည့်လေ့လာခဲ့ကြပြီး လွတ်လပ်မှု၊ တရားမျှတမှုတို့နှင့်စပ်လျဉ်း၍ ကောင်းမွန်သည့် မှတ်ချက်များပေးပြီး အသိအမှတ်ပြုခဲ့ကြသည်။ ပြည်သူများက ယုံကြည်ချက်၊ မျှော်လင့်ချက်များစွာဖြင့် ဆန္ဒမဲပေးရွေးချယ်လိုက်သည့် အစိုးရသစ်က မကြာမီကာလအတွင်း နိုင်ငံ့တာဝန်များကို လွှဲပြောင်းထမ်းဆောင်ကြရတော့မည် ဖြစ်သည်။

## အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်

မိမိတို့မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွား (National Interest) မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် အရေး (၃) ပါးပင်ဖြစ်သည်။ ၁၃၅ မျိုးသော တိုင်းရင်းသားလူမျိုးများ မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝစဉ်တည်တံ့ခိုင်မြဲနေရန်မှာ အမျိုးသားအကျိုးစီးပွားဖြစ်သည့် အရေး (၃) ပါးကို ပြည်တွင်းပြည်ပ အဖျက်အန္တရာယ်များ မကျရောက်အောင် ကာကွယ်စောင့်ရှောက်နေရမည်ဖြစ်သည်။

**မျက်မှောက်ကာလ ပြောင်းလဲလာသည့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများအရ မြန်မာနိုင်ငံသည် တည်ရှိနေသည့် ပထဝီဝင် အနေအထား၊ တွင်းထွက်သယံဇာတများ စသည်တို့ကြောင့် အရေးပါလျက်ရှိကြောင်း ပြည်ပနိုင်ငံများမှ မဟာဗျူဟာ လေ့လာသုံးသပ်သူများက အသိအမှတ်ပြုထားကြသည်။ ကမ္ဘာ့အချက်အချာ ပြောင်းလဲလာမှုတွင် မိမိတို့နိုင်ငံအဖို့ စိန်ခေါ်မှုများနှင့်အတူ အခွင့်အလမ်းများလည်း ရှိနေသည်။**

နိုင်ငံ၏ အကျိုးစီးပွားအတွက် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်နှင့် အခွင့်အလမ်းများကို ရယူနိုင်ရန် မိမိတို့ အစဉ်အမြဲ အသင့်ရှိနေရန် လိုသည်။ မကြာမီ နိုင်ငံကိုတာဝန်ယူရတော့မည့် အစိုးရသစ်နှင့်အတူ တပ်မတော်နှင့် နိုင်ငံသူ နိုင်ငံသား ပြည်သူတစ်ရပ်လုံး ပူးပေါင်း၍ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရရှိရေး၊ နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးနှင့် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝများ မြင့်မားရေးတို့အတွက်အစွမ်းကုန်ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရတော့မည်ဖြစ်သည်။

**“ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်”** ဆိုသည့် စကားနှင့်အညီ မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်မှန်းကြသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို မိမိတို့၏ စည်းလုံးညီညွတ်သည့် စွမ်းအားဖြင့် ခိုင်ခိုင်မာမာ တည်ဆောက်သွားကြရမည် ဖြစ်သည်။ တစ်ဆက်တည်းမှာပင် **“တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်”** ဆိုသည့်အတိုင်း နိုင်ငံနှင့် ပြည်သူကို ဘေးအန္တရာယ်အပေါင်းမှ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားခိုင်မာတောင့်တင်းသည့် ခေတ်မီမြန်မာ့တပ်မတော်ကြီး တည်ဆောက်ရာတွင် ပြည်သူတစ်ရပ်လုံးက စွမ်းအားရှိသမျှ ပါဝင်သွားရမည်ဖြစ်ပါကြောင်း။ ။

# မြန်မာတို့ရဲ့ တပ်မတော်

သိယံသူ

ထောင်စုနှစ်နှင့်ချီ၍ ရှည်လျားကြာမြင့်သည့် သမိုင်းကြောင်းလည်း ရှိသည်။ ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ် များစွာတို့ကိုလည်း ခမ်းနားတင့်တယ်စွာ ပိုင်ဆိုင်ထားသည်။ ဥတုသပ္ပါယမျှတ၍ သဘာဝ သယံဇာတများစွာတို့လည်း တည်ရှိသည်။ ဘာသာ သာသနာ ရောင်ဝါ ထွန်းကား၍ ဆန်ရေစပါး ပေါများကြွယ်ဝသည်။ ဤသို့သော ဂုဏ်ရည်တို့နှင့် ပြည့်စုံလှပသည့် မြန်မာတို့၏ နိုင်ငံကို **“ရွှေနိုင်ငံ”** ဟု တင်စားခေါ်ဝေါ်ကြသည်။

နိုင်ငံပိုင်နက်အကျယ်အဝန်း ၂၆၁၂၂၈ စတုရန်းမိုင် (၆၇၆၅၇၈ စတုရန်း ကီလိုမီတာ) ရှိသည့် မိမိတို့မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ ပင်မကုန်းမြေ (mainland) တွင် အကြီးဆုံးနိုင်ငံဖြစ်ပြီး ကမ္ဘာ့အဆင့်အားဖြင့်ဆိုလျှင် အဆင့် ၄၀ ဖြစ်ရာ နိုင်ငံကြီးတစ်နိုင်ငံ မဟုတ်သည့်တိုင် သေးငယ်သည့် နိုင်ငံလည်းမဟုတ်၊ သင့်တင့်လျောက်ပတ်သော နယ်မြေ အကျယ်အဝန်းရှိသည့် နိုင်ငံဟု ဆိုရမည့် နိုင်ငံဖြစ်သည်။

ကမ္ဘာပေါ်တွင် ရှေးအကျဆုံး ယဉ်ကျေးမှုကြီးများ ထွန်းကားခဲ့သော အာရှနိုင်ငံကြီး နှစ်နိုင်ငံကြားတွင် ဤမျှကျယ်ဝန်းသည့် ပိုင်နက်နယ်နိမိတ်ကို ရရှိနိုင်ရန် ရှေးရှေးက မိမိတို့၏ ဘိုးဘေးများ အသက်သွေးချွေးများစွာ ရင်းနှီးပေးဆပ်၍ ရယူခဲ့ကြရခြင်းဖြစ်သည်။ မိမိက မတိုက်လျှင် သူကတိုက်မည်။ မိမိက မယူလျှင် သူက ယူမည်။ မိမိက မသိမ်းလျှင် သူကသိမ်းမည်။ မိမိက မလွှမ်းမိုးလျှင် သူကလွှမ်းမိုးမည့် ခေတ်အခါတွင် သူတကာတို့ထက် လုံ့လဥဿာဟ ထုတ်၍၊ သူတကာတို့ထက် ဇွဲသတ္တိပြင်းထန်ရဲမာန်ကိုပြ၍ ရှေးကမြန်မာတို့ နိုင်ငံကို ထူထောင် တည်ဆောက်ခဲ့ကြရခြင်းဖြစ်သည်။



နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးစဉ်။

## မြန်သော၊ မာသော “မြန်မာ”

“မြန်မာ” ဟူသည် မြန်သည်၊ မာသည် ဟူသော အကြောင်းကိုစွဲ၍ ခေါ်ဝေါ်ခြင်းဖြစ်သည်ဟု သက္ကရာဇ် ၁၁၃၁ ခုနှစ်တွင် ဒုတိယ ကျော်အောင်စံထားဆရာတော် ပြုစုတော်မူသည့် ဝေါဟာရတ္ထပကာသနီကျမ်းတွင် လာရှိသည်။

**“မြန်” သဒ္ဒါမှာ စစ်ချီ စစ်တက်ခြင်းမှစ၍ ခက်ခဲသော အရေးအကြောင်းနှင့်** တွေ့ဆုံကြုံကြိုက်သည့်အခါ ဤအရေးကို ပြီးစီးအောင်မြင်ရန် ဇဝနဉာဏ်၊ တခ်ဏုပ္ပတ္တိဉာဏ်တို့ဖြင့် လျင်မြန်စွာ ကြံစည်တတ်သော သတ္တိဂုဏ်နှင့် ပြည့်စုံခြင်းတစ်ရပ်၊ “မာ”သဒ္ဒါမှာ မည်သည့်အရာကိုစွမဆို လိုရာဆန္ဒ အာသီသနှလုံးသွင်းအတိုင်း ပေါက်မြောက်အောင် မလျှော့သော လုံ့လဝီရိယတို့ဖြင့် ဇာတိသွေး၊ ဇာတိမာန် ခက်ထန်တင်းမာသော စိတ်ရင်းသတ္တိဂုဏ်ပြည့်စုံခြင်းတစ်ရပ် ဤနှစ်ရပ်သော “မြန်” သဒ္ဒါ၊ “မာ” သဒ္ဒါတို့ကို တပ္ပုရိသ်သမာသ်တွဲ၍ “မြန်မာ” ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်ဟုလည်း ရွှေနန်းသုံးဝေါဟာရ အဘိဓာန်တွင် ဖွင့်ဆိုထားသည်။

ဤသို့သော နှလုံးရည်၊ လက်ရုံးရည်တို့နှင့် မြန်မာတို့ ပြည့်စုံခဲ့ကြခြင်းကြောင့်သာ မြန်မာနိုင်ငံဟူ၍ ဖြစ်ပေါ်လာရသည်။ မြန်မာနိုင်ငံတော်ကို ပထမဆုံး စည်းရုံးတည်ထောင်နိုင်ခဲ့သည့် ပုဂံခေတ်မှစကာ နိုင်ငံ့အရေးအရာနှင့် ကြုံလာသည့်အခါတွင် ကျန်းမာကြံ့ခိုင်၍ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော နိုင်ငံသားတိုင်း စစ်သည်တော်များ ဖြစ်လာကြသည်။

“... ... သစ်ငုတ်ကျားဆီး။ မှူကြီးရေးခွင်။ ရှေ့ဖျားတင်၍။ ဆင်လျှင်ဆင်ချင်း။ မြင်းလျှင်မြင်းလိုက်။ တိုက်တိုက်သရွှေ့။ တွေ့တွေ့သမျှ။ ကာလမရွေး။ တို့တဝေးကား။ အရေးမရှု။ ဗိုလ်ထုပျက်ချည်း။ ယှဉ်တိုင်းလည်းစိမ့်။ မသရည်းချင်။ ချဉ်သီးမြင်သော်။ ပါးပြင်စက်စို။ လျှာရည်ယိုသို့။ တစ်ကိုယ်ရည်ဘက်။ ရှင့်မှူထွက်က။ သက်မမှတ်ချင်။ ဝင်၍ဖြုတ်ဖြုတ်။ အူသည်းနုတ်အံ့။ သုတ်သုတ်မြန်သက်။ စိတ်ထက်ထက်နှင့်။ ရှင့်လက်ရွေးဆန်။ တို့တသွန်ကား။ တံခွန်**စိုက်ချည်း။ အသည်းထပ်မျှ။ တူတန်ကြသည်။ ။ သူရ ရဲဘော် ရန်ခွင်းတည်း။ ။”** ဟူ၍ မဟာဇနကပျို့တွင် လာရှိသည်နှင့်အညီ နိုင်ငံအရေးကြုံလာလျှင် တာဝန်ကို ရှေ့တန်းတင်ကာ အချိန်အခါမရွေး အသက်ကို မရှုံ့တမ်းပေး၍ ရန်ဟူသမျှကို ဖြိုခွင်းခဲ့ကြသည်။ ပဒေသရာဇ်ခေတ်တွင် ဘုရင်မင်းဧကရာဇ်သည် နိုင်ငံ၏ အထွတ်အထိပ်၊ နိုင်ငံ၏ အဓိပတိ၊ နိုင်ငံ၏ အချုပ်အခြာ၊ ဘုရင်သည်ပင်လျှင် နိုင်ငံတော်ဖြစ်ရာ နိုင်ငံအရေးအတွက် စစ်ထွက်ကြပြီဆိုလျှင် စစ်သည်တော်ဟူသမျှတို့သည် မိမိအသက်ကို အသက်ဟူ၍မမှတ် ရဲစွမ်းသတ္တိအပြည့်ဖြင့် ရန်သူကို ချေမှုန်းခဲ့ကြခြင်း ဖြစ်သည်။

## ရှေးက မြန်မာ့တပ်မတော်

**“တမောင်း တမောင်း၊ တို့ တမောင်းသည်၊ တမောင်း ဘကောင်းသားလော၊ ဘကောင်း ဘကောင်း”** ဟု အစချီသည့် ပင်းယ ငါးစီးရှင်ကျော်စွာ၏ ကာချင်းကို သမိုင်းတွင် ပထမဆုံးသော မြန်မာ့စစ်ချီသီချင်းဟု ဆိုကြသည်။ တမောင်းဆိုသည်မှာ စစ်သည် ၁၀ ယောက်ပါသည့် အစုအဖွဲ့တစ်ခုဖြစ်ပြီး အကြပ်တစ်ယောက်က ၎င်းတို့ကို ကွပ်ကဲသည်။ ရှေးမြန်မာ့တပ်မတော်၏ အခြေခံအကျဆုံး ယူနစ်သည် တပ်သားငါးယောက်ပါသော အိုးစားအဖွဲ့ဖြစ်ပြီး အိုးစားနှစ်ဖွဲ့ပေါင်းလျှင် တပ်သား ၁၀ ယောက်နှင့် အကြပ်တစ်ယောက် စုစုပေါင်း ၁၁ ယောက်ပါသည့် အကြပ်တပ်ခေါ် တမောင်းဖြစ်လာသည်။

အကြပ်တပ် ငါးတပ်ပေါင်းသည့်အခါ တပ်သား ၅၀၊ အကြပ် ငါးယောက်နှင့် ၎င်းတို့ အထက်မှ သွေးသောက်ကြီး တစ်ဦးတို့ဖြင့် ဖွဲ့စည်းသည့် သွေးသောက်တပ်ဖြစ်လာသည်။ သွေးသောက် နှစ်တပ်ကိုပေါင်းသည့်အခါ တပ်သား ၁၀၀၊ အကြပ် ၁၀ ယောက်၊ သွေးသောက်ကြီး နှစ်ယောက်နှင့် ၎င်းတို့အထက်မှ တပ်မှူး တစ်ဦးတို့နှင့် ဖွဲ့စည်းထားသည့် တပ်မှူးတပ် ဖြစ်လာသည်။ တပ်မှူးတပ် ငါးတပ်ပေါင်းသည့်အခါ တပ်သား ၅၀၀၊ အကြပ် ၅၀၊ သွေးသောက် ၁၀ ယောက်၊ တပ်မှူး ငါးယောက်၊ ဗိုလ်တစ်ယောက် စုစုပေါင်း ၅၆၆ ယောက်ပါသည့် ဗိုလ်တပ်ဖြစ်လာသည်။ ဗိုလ်တပ်တွင် တပ်နှင့် စပ်လျဉ်း၍ ဆင့်ဆိုရန်တို့ကို ဆောင်ရွက်ရသည့် ‘တပ်ရေး’နှင့် တပ်နှင့် တပ်သားတို့ကို စည်းကမ်းထိန်းသိမ်းပေးရသည့် ‘စစ်နာခံ’ ဟူသော အရာရှိနှစ်ဦးကိုပါ ထည့်သွင်းဖွဲ့စည်းထားသည်။ ဗိုလ်တပ်၏ အထက်တွင် တပ်ပေါင်းဗိုလ်တပ်၊ ဗိုလ်ချုပ်တပ်၊ တပ်မ စသည်ဖြင့် တပ်ဗိုလ်၊ တပ်သား အရေအတွက် အကန့်အသတ်မရှိ အဆင့်ဆင့် ဖွဲ့စည်းခဲ့ကြသည်။

ရှေးခေတ် မြန်မာ့တပ်မတော်၏ ဖွဲ့စည်းပုံအဆင့်ဆင့်ကို မုံရွေးဆရာတော်က ကုသပျို့သစ်တွင် **“ခြေသည်များတွင်၊ ငယ်သားပေါင်းမြောက်၊ ဆယ်ယောက်တစ်ကြပ်၊ ဆယ်ကြပ်ရှိလျှင်၊ သွေးသောက်တင်မှ၊ အားအင်တောင်လောက်၊ ဆယ်သွေး သောက်ကို၊ တစ်ယောက်တပ်မှူး၊ ရာထူးသီးသန့်၊ တစ်ဗိုလ်ခန့်၍၊ သက်စွန့်ဝံ့ရဲ၊ စစ်ကဲဘယ်ညာ၊ ဝဲယာနာခံ၊ စီမံစုဝေး၊ တပ်ရေးနှစ်ယောက်၊ ခန့်မြောက်မလပ်၊ ဗိုလ်တပ်တပ်ရံ၊ တစ်စံတစ်နည်း၊ ဖွဲ့စုစည်း၍”** ဟူ၍ ဖွဲ့ဆိုဖော်ပြခဲ့သည်။

ပုဂံခေတ် အနော်ရထာမင်းလက်ထက်မှ ကုန်းဘောင်ခေတ်နှောင်းကာလအထိ မြန်မာနိုင်ငံတွင် အမြဲတမ်း ဖွဲ့စည်းထားသည့် တပ်မရှိ။ ရှင်ဘုရင်ထီးနန်းစိုက်ရာ နေပြည်တော်တွင်သာ ဘုရင်နှင့်တကွ နန်းတော်ကို ကာကွယ်ရန်အတွက်

*အချပ်ပို (ခ) သို့*

“မြန်” သဒ္ဒါမှာ စစ်ချီစစ်တက်ခြင်းမှစ၍ ခက်ခဲသော အရေးအကြောင်းနှင့် တွေ့ဆုံကြုံကြိုက်သည့်အခါ ဤအရေးကို ပြီးစီးအောင်မြင်ရန် ဇဝနဉာဏ်၊ တခ်ဏုပ္ပတ္တိဉာဏ်တို့ဖြင့် လျင်မြန်စွာ ကြံစည်တတ်သော သတ္တိဂုဏ်နှင့် ပြည့်စုံခြင်းတစ်ရပ်၊ “မာ”သဒ္ဒါမှာ မည်သည့်အရာကိုစွမဆို လိုရာဆန္ဒ အာသီသနှလုံးသွင်းအတိုင်း ပေါက်မြောက်အောင် မလျှော့သော လုံ့လဝီရိယတို့ဖြင့် ဇာတိသွေး၊ ဇာတိမာန် ခက်ထန်တင်းမာသော စိတ်ရင်းသတ္တိဂုဏ် ပြည့်စုံခြင်းတစ်ရပ် ဤနှစ်ရပ်သော “မြန်” သဒ္ဒါ၊ “မာ” သဒ္ဒါတို့ကို တပ္ပုရိသ်သမာသ် တွဲ၍ “မြန်မာ” ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်ဟုလည်း ရွှေနန်းသုံးဝေါဟာရ အဘိဓာန်တွင် ဖွင့်ဆိုထား